မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၄၉ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက် ( ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတို့ကို ငွေကြေးထောက်ပံ့မှုများနှင့်စပ်လျဉ်း၍ ထိရောက်လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် **ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီ** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၈) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (၉) | ဦးဆက်အောင်<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(ခ) **ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးဆက်အောင်<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| (၃) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

၂။ "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီ" တို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၁၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးဗိုလ်ဗိုလ်ကျော်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (မြို့ပြ)<br>ဆည်မြောင်းနှင့် ရေအသုံးချမှု<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှု<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |

| **အမည်၊ ရာထူး၊ ဌာန** | | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၂) | ဦးမျိုးဇာနည်ဝင်း<br>အထွေထွေမန်နေဂျာ<br>အမှတ် (၁) အကြီးစား<br>စက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆေးဝါးလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေပုဒ်မ ၆ အရ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ **နာယကအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | ဒေါက်တာမြင့်ထွေး | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (၂) | ဒေါက်တာမိုးဆွေ | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန |
| (၃) | ဦးအောင်မြတ်ကျော် | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>တိုင်းရင်းဆေးပညာဦးစီးဌာန |
| (၄) | ဦးမြင့်လွင် | အဖွဲ့ဝင်<br>တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ |
| (၅) | ဦးသန်းထွန်း | ကထိက/ဌာနမှူး (ငြိမ်း)<br>တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)<br>တိုင်းရင်းဆေးပညာဦးစီးဌာန |
| (၆) | ဒေါ်လေးမြင့် | အဖွဲ့ဝင်<br>မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း<br>(ဦးသာရင်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) |
| (၇) | ဦးမြင့်ဝေ | အဖွဲ့ဝင်<br>မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း<br>(စကြာမင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) |

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

### အမျိုးသားမြို့ပြမူဝါဒရေးဆွဲရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံ၏ "အမျိုးသားမြို့ပြမူဝါဒ (National Urban Policy-NUP)" ရေးဆွဲနိုင်ရေးအတွက် "အမျိုးသားမြို့ပြမူဝါဒရေးဆွဲရေးကော်မတီ" ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ | အဖွဲ့ဝင် |
| (ဈ) | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | အဖွဲ့ဝင် |
| (ည) | အမျိုးသားလွှတ်တော်ကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ အစိုးရမဟုတ်သောပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ | အဖွဲ့ဝင် |
| (ဋ) | အမျိုးသားလွှတ်တော်ကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ | အဖွဲ့ဝင် |
| (ဌ) | ကော်မတီဝင်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (တ) | အမြဲတမ်းအတွင်းဝန် <br> ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ် <br> အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန <br> ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ် <br> တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန <br> တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | အတွင်းရေးမှူး <br> ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (န) | အတွင်းရေးမှူး <br> မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ပ) | ပါမောက္ခ <br> ဉပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ် <br> ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | Director of Planning and Training <br> မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI) | အဖွဲ့ဝင် |
| (ဗ) | အမြဲတမ်းအတွင်းဝန် <br> ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဘ) | ညွှန်ကြားရေးမှူးချုပ် <br> မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန <br> ဆောက်လုပ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသားမြို့ပြမူဝါဒရေးဆွဲရေးကော်မတီ (National Urban Committee-NUC) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားမြို့ပြမူဝါဒ ချမှတ်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များတွင် အကျိုးရှိရှိဖြင့် ထိရောက်မှုရှိစေရေးအတွက် အကြံပြုခြင်းနှင့် မဟာဗျူဟာကျသောလမ်းညွှန်မှုများပေးအပ်နိုင်ရန် မြို့ပြကဏ္ဍဆိုင်ရာ ဆွေးနွေးအကြံပြုလမ်းညွှန်ပေးခြင်း၊

(ခ) အမျိုးသားမြို့ပြမူဝါဒချမှတ်ရာတွင် နိုင်ငံတော်အစိုးရ၏ စီးပွားရေးမူဝါဒအမှတ်စဉ် (၉)၊ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (Sustainable Development Goals - SDG) နှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP) တွင်ပါဝင်သော ပန်းတိုင်နှင့် ရည်မှန်းချက်များကို ဖော်ညွှန်းပေးနိုင်သည့်လုပ်ငန်းစဉ်များပါဝင်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) အမျိုးသားမြို့ပြမူဝါဒချမှတ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ကောင်းမွန်ပြည့်စုံစေရန်နှင့် ထပ်တူကျမှုများမှ ရှောင်ရှားနိုင်ရန် ညှိနှိုင်းကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဃ) အမျိုးသားမြို့ပြမူဝါဒအကောင်အထည်ဖော်ခြင်းလုပ်ငန်းများတွင် ဆက်စပ်နေသည့်ဥပဒေများ၊ မူဝါဒများနှင့် ဦးစားပေးကဏ္ဍများကို ပေါင်းစပ်ပါဝင်စေခြင်း၊

(င) ဝန်ကြီးဌာနများနှင့် အကျိုးသက်ဆိုင်သူများ (Stakeholders) အကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးခြင်းနှင့် ဆွေးနွေးပွဲများကို ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(စ) အမျိုးသားမြို့ပြမူဝါဒချမှတ်ဆောင်ရွက်မှုများကို သုံးသပ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း၊ အမျိုးသားမြို့ပြမူဝါဒအစီအစဉ်တစ်လျှောက် အားသာချက်များ၊ အခွင့်အလမ်းများနှင့် ဘေးအန္တရာယ်များအပေါ် ပြန်လည်သုံးသပ်အထောက်အကူပေးခြင်း၊

(ဆ) အမျိုးသားမြို့ပြမူဝါဒမူဘောင်၊ မြို့ပြစစ်တမ်းအစီရင်ခံစာတို့ကဲ့သို့သော အမျိုးသားမြို့ပြမူဝါဒချမှတ်သည့် လုပ်ငန်းစဉ်နှင့်သက်ဆိုင်သောစာတမ်းများကို ပြန်လည်သုံးသပ်ရန်နှင့် ကျိုးကြောင်းညီညွတ်မှုရှိစေရန် ကြီးကြပ်ခြင်း၊

(ဇ) မြန်မာနိုင်ငံ၏ မြို့ပြမူဝါဒချမှတ်နိုင်ရေးအတွက် နည်းပညာဆိုင်ရာကျွမ်းကျင်သူ (Technical Expert) များအဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မိတ်ဖက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဆွေးနွေး၍ မူဝါဒနှင့်အကြံပြုချက်များရယူခြင်း၊

(ဈ) အမျိုးသားမြို့ပြမူဝါဒမှတ်တမ်းများ၊ အစီရင်ခံစာများစသည့် တစ်နှစ်နှစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ်တင်ပြသော အစီရင်ခံစာများထုတ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) အမျိုးသားမြို့ပြညီလာခံ သို့မဟုတ် အခြားသောဆွေးနွေးပွဲများကျင်းပခြင်းနှင့် စာအုပ်ထုတ်ဝေဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် အားပေးကူညီဆောင်ရွက်ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

### မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီတွင် အဖွဲ့ဝင်ဖြည့်စွက်ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

### မြန်မာ-စင်ကာပူဝန်ကြီးအဆင့် ပူးတွဲလုပ်ငန်းကော်မတီနှင့် ပူးတွဲအထောက်အကူပြုလုပ်ငန်းကော်မတီ၏ အဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၁/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သည့် မြန်မာ-စင်ကာပူဝန်ကြီးအဆင့် ပူးတွဲလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် “ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်” **အစား** “ပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန” ကို အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၂။ ယင်းအမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းခဲ့သည့် ပူးတွဲအထောက်အကူပြုလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် "အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်" **အစား** "ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန" ကိုလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် "ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" **အစား** "ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန" ကိုလည်းကောင်း အသီးသီးအစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

### အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ (National Transport Facilitation Committee-NTFC) တွင် တွဲဖက်အတွင်းရေးမှူး-၂ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သည့် အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီတွင် တွဲဖက်အတွင်းရေးမှူး-၂၊ ကျွမ်းကျင်သူ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန **အစား** ဒေါ်အေးအေးလှ၊ ညွှန်ကြားရေးမှူး (ငြိမ်း)၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

### ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေးအမျိုးသားကော်မတီတွင် အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၂/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သည့် ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေးအမျိုးသားကော်မတီတွင် အဖွဲ့ဝင်၊ ဒေါ်အေးအေးလှ၊ ကျွမ်းကျင်သူ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန **အစား** ဒေါ်အေးအေးလှ၊ ညွှန်ကြားရေးမှူး (ငြိမ်း)၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

**၂၀၂၀ ပြည့်နှစ်၊ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီတွင် အဖွဲ့ဝင် (၁) ဦး ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သော **၂၀၂၀ ပြည့်နှစ်၊ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ** တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် **အစား** ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ကို အဖွဲ့ဝင်အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

**မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၉ ခုနှစ်) ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၉ ခုနှစ်)** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၉ ခုနှစ်) (မူကြမ်း)**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၈၁ ခုနှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၉ ခုနှစ်)** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၄၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ) တို့တွင်ပါရှိသော "ten times" ဆိုသည့်စကားရပ်ကို "three times" ဟု အသီးသီးအစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

## ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ကျန်းမာရေးမှူးကောင်စီဥပဒေ (မူကြမ်း)

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၁ ခုနှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **ကျန်းမာရေးမှူးကောင်စီဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ကျန်းမာရေးမှူးကောင်စီကို ဆိုသည်။

(ခ) **ကောင်စီဝင်**ဆိုသည်မှာ ကောင်စီတွင်ပါဝင်သူ တစ်ဦးဦးကို ဆိုသည်။

(ဂ) **ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု**ဆိုသည်မှာ ကျန်းမာရေးပညာပေးခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအဆင့်အတန်းမြင့်တင်ခြင်း၊ ကျန်းမာရေးပြန်လည်ထူထောင်ခြင်းနှင့် သုတေသနပြုခြင်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအားလုံးနှင့်သက်ဆိုင်သော ဆောင်ရွက်ချက်ကို ဆိုသည်။

(ဃ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(င) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(စ) **ဝန်ကြီး**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဆ) **ကျန်းမာရေးမှူးအသင်း**ဆိုသည်မှာ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ဖွဲ့စည်းထားသော မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းကို ဆိုသည်။

(ဇ) **ကျန်းမာရေးမှူး**ဆိုသည်မှာ ဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ကျန်းမာရေးမှူးအောင်လက်မှတ် ရရှိသူ သို့မဟုတ် အခြေခံကျန်းမာရေးတက္ကသိုလ်မှ ကျန်းမာရေးသိပ္ပံ (အခြေခံကျန်းမာရေး) ဘွဲ့ရရှိသူကို ဆိုသည်။

(ဈ) **မှတ်ပုံတင်ကျန်းမာရေးမှူး**ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိသည့် ကျန်းမာရေးမှူးကို ဆိုသည်။

(ည) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ **မှတ်ပုံတင်သည့် ကျန်းမာရေးမှူးကို** ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဋ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ ကျန်းမာရေးမှူးများ၏ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်နိုင်ရန် ကောင်စီကခန့်အပ်သော အငြိမ်းစားကျန်းမာရေးမှူးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မှတ်ပုံတင်ကျန်းမာရေးမှူးများ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ခ) ထိရောက်သော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို အများပြည်သူတို့ ခံစားခွင့်ရရှိစေရန်၊

(ဂ) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပညာရပ်ကို မှတ်ပုံတင် ကျန်းမာရေးမှူးများက ခေတ်နှင့်အညီ အဆင့်အတန်းမြင့်မားစွာ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(ဃ) မှတ်ပုံတင်ကျန်းမာရေးမှူးများအား မိမိတို့၏ ကိုယ်ကျင့်သိက္ခာကို အစဉ်လိုက်နာ စောင့်ထိန်းစေရေး အတွက် ကြီးကြပ်ထိန်းသိမ်းရန်။

## အခန်း (၃)
## ကောင်စီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် -

(က) ကျန်းမာရေးမှူးကောင်စီကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော ကျန်းမာရေးမှူးကိုယ်စားလှယ်တစ်ဦး | ဒုဥက္ကဋ္ဌ |
| (၃) | ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၄) | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | အခြေခံကျန်းမာရေးတက္ကသိုလ်မှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၆) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော ကျန်းမာရေးမှူး ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |

(၇) ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော ဘဏ္ဍာရေးမှူး ကျန်းမာရေးမှူးကိုယ်စားလှယ်တစ်ဦး

(၈) ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော အတွင်းရေးမှူး ကျန်းမာရေးမှူး ကိုယ်စားလှယ်တစ်ဦး

(၉) ကျန်းမာရေးမှူးအသင်းဗဟိုအမှုဆောင်အဖွဲ့က ရွေးချယ် တွဲဖက်အတွင်းရေးမှူး တာဝန်ပေးအပ်သော ကျန်းမာရေးမှူးကိုယ်စားလှယ်တစ်ဦး

(ခ) **ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။**

၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သော စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

၇။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် မိမိတို့၏ သက်တမ်းကုန်ဆုံးသော်လည်း ကောင်စီဝင်အသစ်များ ရွေးချယ်ခန့်အပ်ပြီးသည်အထိ မိမိလုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

## အခန်း (၄)
## ကောင်စီဝင်များ၏ အရည်အချင်း

၈။ ကောင်စီဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများဖြစ်ရမည် -

(က) နိုင်ငံတော်နှင့်ပြည်သူများအပေါ် သစ္စာစောင့်သိသူ၊

(ခ) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ကျန်းမာရေးမှူးတို့အပေါ် သစ္စာစောင့်သိသူ၊

(ဂ) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်ရေးအတွက် ကိုယ်ကျိုးမငဲ့ဘဲစေတနာ့ဝန်ထမ်း အဖြစ် ဆောင်ရွက်နိုင်သူ၊

(ဃ) ကျန်းမာရေးဝန်ထမ်းများ၏ သစ္စာအဓိဋ္ဌာန်ကို လေးစားလိုက်နာသူ၊

(င) ကောင်စီကပေးအပ်သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်သူ။

## အခန်း (၅)
## ကောင်စီ၏ လုပ်ငန်းတာဝန်များ

၉။ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီ၏ငွေကြေးဆိုင်ရာကိစ္စရပ်များကို ကျန်းမာရေးမှူးအသင်း၏ စံသတ်မှတ်ထားသော ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ကျန်းမာရေးမှူးများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်၊ လေ့လာဆန်းစစ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဂ) ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြင့်မားစေရေးအတွက် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ဃ) မှတ်ပုံတင်ကျန်းမာရေးမှူးများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်နှင့်သိက္ခာများကို သတ်မှတ်ခြင်းနှင့် လိုက်နာစောင့်ထိန်းခြင်း ရှိ မရှိ ကြီးကြပ်ခြင်း၊

(င) **ကိုယ်တိုင်တွေ့ရှိချက်အရဖြစ်စေ၊ တိုင်ကြားချက်အရဖြစ်စေ မှတ်ပုံတင်ကျန်းမာရေးမှူးက ယင်း၏ တာဝန်တစ်ရပ်ရပ်ကို လိုက်နာစောင့်ထိန်းရန် ပျက်ကွက်ကြောင်း သို့မဟုတ် အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးက ပြစ်ဒဏ်ချမှတ်ခံရကြောင်း သိရှိရလျှင် စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲမှု နည်းလမ်းအရ အရေးယူခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊**

(စ) အငြိမ်းစားကျန်းမာရေးမှူးများအနက်မှ သင့်လျော်သူတစ်ဦးကို မှတ်ပုံတင်အရာရှိအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခန့်အပ်ခြင်း၊ လုပ်ငန်းတာဝန် သတ်မှတ်ခြင်းနှင့် သက်တမ်းသတ်မှတ်ခြင်း၊

(ဆ) မှတ်ပုံတင်ကျန်းမာရေးမှူးအဖြစ် မှတ်ပုံတင်ရန် လျှောက်ထားလာသူများကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်း၊

(ဇ) **မှတ်ပုံတင်အရာရှိက တင်ပြလာသည့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊**

(ဈ) မှတ်ပုံတင်လက်မှတ် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းအတွက် လျှောက်ထားလာသူများကို မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးခြင်း၊

(ည) မှတ်ပုံတင်လက်မှတ် ပယ်ဖျက်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်ရာတွင် ထည့်သွင်းစဉ်းစား ရမည့် အချက်များကို သတ်မှတ်ခြင်း၊

(ဋ) ဝန်ကြီးဌာနက ညွှန်ကြားသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတို့ကို ဆောင်ရွက်ခြင်း၊

(ဌ) ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက် သည့် ကိစ္စရပ်များကို ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြခြင်း၊

(ဍ) ပြည်တွင်း ပြည်ပ ပညာရှင်များ၏ အကူအညီလိုအပ်သော ကိစ္စရပ်များကို ဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဎ) မှတ်ပုံတင်ကျန်းမာရေးမှူးများ ပေးဆောင်ရမည့် နှစ်စဉ်ကြေးနှင့် **မှတ်ပုံတင်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခ၊ မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးခတို့ကို သတ်မှတ်ခြင်း၊**

(ဏ) လိုအပ်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊

(တ) ဝန်ကြီးဌာနက သတ်မှတ်ပေးအပ်သော ကျန်းမာရေးပညာပေးခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ခြင်း၊ ကျန်းမာရေး ပြန်လည်ထူထောင်ခြင်းနှင့် သုတေသနပြုခြင်းအပါအဝင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၆)

## ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းနှင့် လစ်လပ်နေရာဖြည့်စွက်ခန့်ထားခြင်း

၁၀။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာလျှင် ကောင်စီဝင်အဖြစ်မှ ရပ်စဲသည် -

(က) ကွယ်လွန်ခြင်း၊

(ခ) သာသနာ့ဘောင်သို့ အပြီးကူးပြောင်းဝင်ရောက်ခြင်း၊

(ဂ) နုတ်ထွက်ခြင်း၊

(ဃ) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးက ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(င) ရူးသွပ်ခြင်း။

၁၁။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်အဖြစ်မှ မိမိသဘောအလျောက် နုတ်ထွက်လိုလျှင် သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ စာဖြင့် တင်ပြ၍ နုတ်ထွက်နိုင်သည်။

၁၂။ ကောင်စီဥက္ကဋ္ဌသည် ပုဒ်မ ၁၀ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ ပုဒ်မ ၁၁ အရ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ ကောင်စီဝင်နေရာ လစ်လပ်လျှင် လစ်လပ်သော ကောင်စီဝင်နေရာကို ဖြည့်စွက်ခန့်ထားနိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၃။ ဝန်ကြီးဌာနသည် ကောင်စီဥက္ကဋ္ဌ၏ ပုဒ်မ ၁၂ အရ တင်ပြချက်ကို လက်ခံရရှိလျှင် လစ်လပ်သော ကောင်စီဝင်နေရာကို ဖြည့်စွက်ခန့်ထားနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းထံမှ ကိုယ်စားလှယ်အမည်စာရင်းတောင်းခံ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမြန်ဆုံး ဖြည့်စွက်ခန့်ထားရမည်။

၁၄။ ပုဒ်မ ၁၃ အရ ဖြည့်စွက်ခန့်အပ်သည့် ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိကောင်စီ၏ ကျန်ရှိသည့် သက်တမ်းကုန်ဆုံးချိန်အထိသာဖြစ်သည်။

## အခန်း (၇)
## ကောင်စီအစည်းအဝေးများ ကျင်းပခြင်း

၁၅။ ကောင်စီဥက္ကဋ္ဌသည် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးများကို တစ်နှစ်လျှင် တစ်ကြိမ် ခေါ်ယူကျင်းပရမည်။

(ခ) ကောင်စီဝင်ဦးရေ ထက်ဝက်ကျော်က အစည်းအဝေးခေါ်ယူကျင်းပပေးရန် တင်ပြလျှင် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

၁၆။ ကောင်စီ၏ ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးတို့တွင် ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနှင့် ကောင်စီဝင်ဦးရေ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၁၇။ ကောင်စီအစည်းအဝေးအတွက် ကောင်စီဝင်များကို ဖိတ်ကြားရာတွင် အစည်းအဝေး၌ ဆွေးနွေးမည့်အကြောင်းအရာ၊ အဆုံးအဖြတ်ပြုရမည့်ကိစ္စနှင့် အစည်းအဝေး အစီအစဉ်များကို အစည်းအဝေးဖိတ်ကြားစာနှင့်အတူ ပူးတွဲပေးပို့၍ အစည်းအဝေးမစတင်မီ အနည်းဆုံး ၄၈ နာရီ ကြိုတင်ဖိတ်ကြားရမည်။

၁၈။ ကောင်စီ၏ ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး၏ ဆောင်ရွက်ချက်အစီရင်ခံစာကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

## အခန်း (၈)
## မှတ်ပုံတင်ခြင်း

၁၉။ မှတ်ပုံတင်လက်မှတ်ရယူလိုသည့် ကျန်းမာရေးမှူးသည် မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၂၀။ **မှတ်ပုံတင်လက်မှတ်လျှောက်ထားသော ကျန်းမာရေးမှူးသည် ကျန်းမာရေးမှူးအသင်း၏ အသင်းဝင်ဖြစ်ရမည်။**

၂၁။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၁၉ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် လျှောက်လွှာပါ အချက်များနှင့် ပူးတွဲတင်ပြရန် သတ်မှတ်ထားသည့် အထောက်အထားများ မှန်ကန်ပြည့်စုံခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ စိစစ်ရာတွင် မှန်ကန်ပြည့်စုံခြင်းမရှိပါက ပြန်လည်ပြင်ဆင်ဖြည့်စွက်လျှောက်ထားရန် ညွှန်ကြားနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ညွှန်ကြားရာတွင် မိမိညွှန်ကြားချက်ကိုဖော်ပြ၍ လျှောက်လွှာကို လျှောက်ထားသူထံ ပြန်လည်ပေးပို့ရမည်။

(ဃ) ပုဒ်မခွဲ (က) အရ စိစစ်ရာတွင်ဖြစ်စေ၊ ပုဒ်မခွဲ (ခ) အရ ညွှန်ကြားသဖြင့် ပြန်လည်တင်ပြချက်ကို စိစစ်ရာတွင်ဖြစ်စေ လျှောက်လွှာပါ အချက်များမှန်ကန်ပြီး သတ်မှတ်သည့်စာရွက်စာတမ်း အထောက်အထားများကို ပြည့်စုံကြောင်း စိစစ်တွေ့ရှိရပါက လျှောက်ထားချက်ကို မိမိသဘောထား မှတ်ချက်နှင့်အတူ ကောင်စီသို့ တင်ပြရမည်။

၂၂။ ကောင်စီသည် ပုဒ်မ ၂၁ (ဃ) အရ မှတ်ပုံတင်အရာရှိ၏ တင်ပြချက်ကို လက်ခံရရှိလျှင် စိစစ်ပြီး-

(က) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ဆုံးဖြတ်ပါက သတ်မှတ်သော မှတ်ပုံတင်ခကို ပေးသွင်းစေပြီး မှတ်ပုံတင်ခပေးသွင်းပြီးကြောင်း အထောက်အထား တင်ပြလျှင် မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ဂ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရန် ဆုံးဖြတ်ပါက မည်သည့်အကြောင်းကြောင့် ဆိုင်းငံ့ကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဖော်ပြထားသည့် ဆုံးဖြတ်ချက် မိတ္တူနှင့်အတူ လျှောက်ထားသူထံ အကြောင်းကြားရမည်။

၂၃။ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် မှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့်နေ့မှစ၍ နှစ်နှစ်ဖြစ်သည်။

၂၄။ မှတ်ပုံတင်ကျန်းမာရေးမှူးသည် မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် မှတ်ပုံတင်ကျန်းမာရေးမှူး အဖြစ် ဆက်လက်ဆောင်ရွက်လိုလျှင် မှတ်ပုံတင်လက်မှတ်သက်တမ်း မကုန်ဆုံးမီသုံးလကြိုတင်၍ မှတ်ပုံတင် လက်မှတ်သက်တမ်းတိုးပေးရန် မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၂၅။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် စိစစ်ပြီး-

(က) သတ်မှတ်ချက်နှင့် ညီညွတ်ကြောင်းတွေ့ရှိပါက သတ်မှတ်သည့်အခကြေးငွေပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရမည်။

(ခ) သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိပါက မိမိတွေ့ရှိချက်များကို သဘောထား မှတ်ချက်နှင့်အတူ ကောင်စီသို့ တင်ပြရမည်။

(ဂ) ကောင်စီက သက်တမ်းတိုးမြှင့်ပေးရန် ဆုံးဖြတ်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ကြောင်းဆုံးဖြတ်လျှင်သော်လည်းကောင်း ယင်းဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ကောင်စီ၏ဆုံးဖြတ်ချက်အရ -

(၁) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန်ဖြစ်လျှင် ပုဒ်မခွဲ (က) ပါအတိုင်း ဆောင်ရွက် ရမည်။

(၂) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းဖြစ်လျှင် ကောင်စီ၏ဆုံးဖြတ်ချက် မိတ္တူနှင့်အတူ လျှောက်ထားသူထံ စာဖြင့်အကြောင်းကြားရမည်။

## အခန်း (၉)
## မှတ်ပုံတင်လက်မှတ် ပျက်စီးခြင်းနှင့် ပျောက်ဆုံးခြင်း

၂၆။ မှတ်ပုံတင်ကျန်းမာရေးမှူးသည် မှတ်ပုံတင်လက်မှတ် ပျက်စီးလျှင်ဖြစ်စေ၊ ပျောက်ဆုံးလျှင်ဖြစ်စေ သတ်မှတ်သည့် အထောက်အထားစာရွက်စာတမ်းများ၊ အခကြေးငွေပေးသွင်းထားသည့် ချလန်မူရင်းတို့နှင့် အတူ မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်လက်မှတ်မိတ္တူမှန်ထုတ်ပေးရန် လျှောက်ထားနိုင်သည်။

၂၇။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို ရရှိလျှင် လျှောက်လွှာပါ အချက်များနှင့်အထောက်အထား စာရွက်စာတမ်းများပြည့်စုံခြင်း ရှိ မရှိ စိစစ်ပြီး မိမိသဘောထားမှတ်ချက်နှင့်အတူ ကောင်စီသို့ တင်ပြရမည်။

(ခ) ကောင်စီက မှတ်ပုံတင်လက်မှတ်မိတ္တူမှန်ထုတ်ပေးရန် ဆုံးဖြတ်ပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးကြောင်း မှတ်ပုံတင်စာရင်းတွင် ဖော်ပြရေးသွင်းထားရမည်။

## အခန်း (၁၀)
## လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း

၂၈။ ကောင်စီသည် -

(က) မိမိလုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ရေးအတွက် ကောင်စီဝင်အနည်းဆုံး တစ်ဦးနှင့် သင့်လျော်သူများပါဝင်သော အောက်ပါလုပ်ငန်းအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် -

(၁) ဘဏ္ဍာရေးကြီးကြပ်မှုအဖွဲ့နှင့် ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊

(၂) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်လုပ်ငန်းများ ညှိနှိုင်းကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းအဖွဲ့၊

(၃) လေ့ကျင့်ပညာပေးရေး လုပ်ငန်းအဖွဲ့၊

(၄) ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့။

(ခ) ပုဒ်မခွဲ (က) ပါ အဖွဲ့များဖွဲ့စည်းရာတွင် ပေါင်း၍ဖွဲ့စည်းခြင်း၊ လိုအပ်သော အဖွဲ့ကိုသာ ရွေးချယ်ဖွဲ့စည်းခြင်း သို့မဟုတ် ထပ်မံလိုအပ်ပါက အဖွဲ့များကို တိုးချဲ့ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ အမြဲတမ်းဖွဲ့စည်းခြင်း သို့မဟုတ် ကာလသတ်မှတ်၍ ဖွဲ့စည်းခြင်းကိုလည်းကောင်း လိုအပ်သလို ဆောင်ရွက်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော အဖွဲ့တွင်ပါဝင်သည့် အဖွဲ့ဝင်များ၏ အရည်အချင်းနှင့်ဦးရေတို့ကို လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဖွဲ့ဝင်များ၏စရိတ်နှင့် ချီးမြှင့်ငွေများကိုလည်းကောင်း သတ်မှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ သတ်မှတ်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဖွဲ့ဝင်များ၏စရိတ်နှင့် ချီးမြှင့်ငွေများကို ကောင်စီ၏ရန်ပုံငွေမှ ကျခံရမည်။

(င) လုပ်ငန်းအဖွဲ့ဝင်များ နုတ်ထွက်ခြင်း၊ အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း၊ လစ်လပ်နေရာဖြည့်စွက်ခန့်ထားခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၁)
## ရန်ပုံငွေလက်ခံခြင်းနှင့် ဘဏ္ဍာငွေသုံးစွဲခြင်း

၂၉။ ကောင်စီသည် ပြည်တွင်းရှိအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံရယူနိုင်သည်။

၃၀။ ကောင်စီသည် ပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများနှင့် အခြား အကူအညီများကို ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် လက်ခံရယူနိုင်သည်။

၃၁။ ကောင်စီ၏ ရငွေနှင့် သုံးငွေများကို ကျန်းမာရေးမှူးအသင်း၏ စံသတ်မှတ်ထားသောဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်ခံခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းထိန်းသိမ်းထားရှိခြင်းများ ပြုလုပ်ရမည်။

၃၂။ ကောင်စီ၏ ရငွေ၊ သုံးငွေများကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေအရ အသိအမှတ်ပြုထားသည့် ပြင်ပစာရင်းစစ်ဖြင့် စစ်ဆေးရမည်။ စာရင်းစစ် အစီရင်ခံစာကို ဝန်ကြီးဌာနသို့ ဆောလျင်စွာတင်ပြရမည်။

## အခန်း (၁၂)
## မှတ်ပုံတင်ကျန်းမာရေးမှူး၏ တာဝန်နှင့်အခွင့်အရေးများ

၃၃။ (က) မှတ်ပုံတင်ကျန်းမာရေးမှူးသည် -

(၁) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် **လုပ်ထုံးလုပ်နည်းများကို** လိုက်နာရမည်။

(၂) ကောင်စီကသတ်မှတ်သော နှစ်စဉ်ကြေးကို ပေးဆောင်ရမည်။

(၃) ကောင်စီကသတ်မှတ်သည့် မှတ်ပုံတင်ကျန်းမာရေးမှူး၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(၄) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လေ့ကျင့်သင်ကြားပေးခဲ့သော စောင့်ရှောက်မှုလုပ်ငန်းများဖြင့် ပြည်သူလူထုနှင့် လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးကုသမှုပေးခြင်း ပြုရမည်။

(ခ) မှတ်ပုံတင်ကျန်းမာရေးမှူးသည် -

(၁) ကောင်စီ၏လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုတင်ပြနိုင်သည်။

(၂) မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ရယူခွင့်ရှိသည်။

(၃) ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်မှုတွင် ဆန္ဒမဲပေးပိုင်ခွင့်နှင့် ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံနိုင်ခွင့်ရှိသည်။

## အခန်း (၁၃)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၄။ မှတ်ပုံတင်ကျန်းမာရေးမှူးတစ်ဦးသည် ပုဒ်မ ၃၃ (က) ပါ **တာဝန်တစ်ရပ်ရပ်** ကို လိုက်နာစောင့်ထိန်းရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင်သော်လည်းကောင်း၊ အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးတစ်ခုခုက ပြစ်ဒဏ်ချမှတ်ခြင်းခံရလျှင်သော်လည်းကောင်း ကောင်စီသည် အောက်ပါ စီမံခန့်ခွဲမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ကျန်းမာရေးမှူးအသင်းမှ ထုတ်ပယ်ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

၃၅။ ကောင်စီသည် ပုဒ်မ ၃၄ အရ အရေးယူခြင်းခံရသော မှတ်ပုံတင်ကျန်းမာရေးမှူးကို ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ခုခံချေပခွင့် ပြုရမည်။

## အခန်း (၁၄)
## အယူခံခြင်း

၃၆။ ကောင်စီက ပုဒ်မ ၃၄ အရ ချမှတ်သည့် အမိန့် သို့မဟုတ် ပုဒ်မ ၂၂ (ဂ) နှင့် ၂၅ (ဂ) တို့အရ **ချမှတ်သည့်** ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း **၆၀** အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၃၇။ ဝန်ကြီးသည် ကောင်စီက ချမှတ်သည့်အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၈။ အယူခံမှုတွင် ပုဒ်မ ၃၇ အရ ချမှတ်သည့် ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်သည်။

## အခန်း (၁၅)

## အထွေထွေ

၃၉။ ကောင်စီ၏ ရုံးလုပ်ငန်းများကို ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၄၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များအတွက် စရိတ်နှင့်ချီးမြှင့်ငွေများကို ကောင်စီ၏ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၄၁။ ကောင်စီသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့် ကောင်စီပိုင် တံဆိပ်တစ်ခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည်။ ယင်းအဖွဲ့အမည်ဖြင့် တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

## အသေးစားငွေရေးကြေးရေးဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အသေးစားငွေရေးကြေးရေးဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# အသေးစားငွေရေးကြေးရေးဥပဒေ (မူကြမ်း)

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်　။)

(၁၃၈၁ ခုနှစ်၊　လ　ရက်)

(၂၀၁၉ ခုနှစ်၊　လ　ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အသေးစားငွေရေးကြေးရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အသေးစားငွေရေးကြေးရေးလုပ်ငန်း**ဆိုသည်မှာ အသင်းဝင်များအား အသေးစားချေးငွေနှင့် အသေးစားစီးပွားရေးလုပ်ငန်းချေးငွေ ထုတ်ချေးခြင်း၊ ယင်းတို့ထံမှ စုဆောင်းငွေလက်ခံခြင်း၊ ငွေလွှဲပြောင်းပေးပို့ခြင်း၊ အာမခံကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခြင်း၊ ဒစ်ဂျစ်တယ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ရယူဆောင်ရွက်ခြင်း (Digital Financial Services) နှင့် အခြားအသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

(ခ) **အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း**ဆိုသည်မှာ မတည်ငွေ၊ ချေးငွေနှင့် ထောက်ပံ့ငွေများ ထည့်ဝင်ပြီး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရယူ၍ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်သည့် ပြည်တွင်း သို့မဟုတ် ပြည်ပကုမ္ပဏီများနှင့် အစုစပ်ကုမ္ပဏီများကို ဆိုသည်။

(ဂ) **အသေးစားချေးငွေ**ဆိုသည်မှာ အာမခံပစ္စည်း (Collateral) ရယူခြင်းမပြုဘဲ အသင်းဝင်များသို့ ထုတ်ချေးသည့် ငွေကို ဆိုသည်။

(ဃ) **အသေးစားစီးပွားရေးလုပ်ငန်းချေးငွေ** (Micro-business Loan) ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (Micro, Small and Medium Enterprises) သို့ အာမခံပစ္စည်းရယူ၍ဖြစ်စေ၊ ရယူခြင်းမပြုဘဲဖြစ်စေ ထုတ်ချေးသည့်ငွေကို ဆိုသည်။

(င) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(စ) **ကြီးကြပ်မှုကော်မတီ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနက ဤဥပဒေအရဖွဲ့စည်းသော အသေးစားငွေရေးကြေးရေး ကြီးကြပ်မှုကော်မတီကို ဆိုသည်။

(ဆ) **လုပ်ငန်းကော်မတီ**ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီက ဤဥပဒေအရ ဖွဲ့စည်းထားသည့် အသေးစားငွေရေးကြေးရေး လုပ်ငန်းကော်မတီကို ဆိုသည်။

(ဇ) **ဦးစီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(ဈ) **ဒါရိုက်တာအဖွဲ့ဝင်**ဆိုသည်မှာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် အတူတကွလုပ်ကိုင်ဆောင်ရွက်ကြသော ကုမ္ပဏီ၏ ဒါရိုက်တာများကို ဆိုသည်။ ဒါရိုက်တာတစ်ဦးတည်းရှိသည့် ကုမ္ပဏီတွင် အဆိုပါ ဒါရိုက်တာ အဖွဲ့ဝင်ဆိုသည်မှာ ထိုဒါရိုက်တာတစ်ဦးကို ဆိုသည်။

(ည) **စီမံခန့်ခွဲမှုကော်မတီ**ဆိုသည်မှာ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု၏ စီမံခန့်ခွဲမှုအဖွဲ့ကို ဆိုသည်။

(ဋ) **စုဆောင်းငွေ**ဆိုသည်မှာ တောင်းခံလျှင်ဖြစ်စေ၊ အခြားအခြေအနေ တစ်ရပ်ရပ်တွင်ဖြစ်စေ ပြန်လည်ပေးရန် တာဝန်ရှိသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း၏ အသင်းဝင်များက စုဆောင်းထားသည့်ငွေကို ဆိုသည်။

(ဌ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသော အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ကို ဆိုသည်။

(ဍ) **အသင်းဝင်**ဆိုသည်မှာ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်သည့် နယ်မြေအတွင်းနေထိုင်ပြီး ယင်းအဖွဲ့အစည်းထံမှ အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှု ရယူသုံးစွဲသူကို ဆိုသည်။

(ဎ) **မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးအသင်း**ဆိုသည်မှာ ဤဥပဒေအရ လိုင်စင်ထုတ်ပေးထားသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများပါဝင်၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ လွတ်လပ်စွာ ဖွဲ့စည်းထားသည့် အသင်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသင်းဝင်များ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေများ တိုးတက်ကောင်းမွန်စေရန်၊

(ခ) အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊

(ဂ) ခွေတာစုဆောင်းသည့် အလေ့အထပြုစုပျိုးထောင်ပေးရန်၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း အသစ်များ ပေါ်ထွက်လာစေရေးအတွက် အားပေးရန်၊

(င) အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖန်တီးပေးရန်နှင့် ချဲ့ထွင်ပေးရန်၊

(စ) အသင်းဝင်များအား စိုက်ပျိုးမွေးမြူရေး လုပ်ငန်းအပြင် အခြားဝင်ငွေရရှိနိုင်သော နည်းလမ်းများဖြင့် အကူအညီပေးရန်၊

(ဆ) အသင်းဝင်များအား ငွေကြေးအသိပညာပေးခြင်းဖြင့် ငွေကြေးဆိုင်ရာ ဆုံးရှုံးနိုင်မှုအန္တရာယ်များ (Financial Risks) မှ အကာအကွယ်ပေးရန်၊

(ဇ) ပြည်သူအားလုံး ပါဝင်ဆောင်ရွက်နိုင်သော ငွေကြေးကဏ္ဍ တည်ဆောက်ရေး (Financial Inclusion) ကို အထောက်အကူပြုရန်။

## အခန်း (၃)
## ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း၊ ယင်းကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာနသည် -

(က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ သင့်လျော်သည့် အဖွဲ့ဝင်များပါဝင်သော ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌကို သတ်မှတ် တာဝန်ပေးနိုင်သည်။

(ဂ) ယင်းကြီးကြပ်မှုကော်မတီတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကျွမ်းကျင်ပညာရှင် နှစ်ဦးအား အဖွဲ့ဝင်အဖြစ် ခန့်အပ်ရမည်။

(ဃ) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၅။ ဝန်ကြီးဌာနသည် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကျွမ်းကျင်ပညာရှင်၏ အရည်အချင်းနှင့် စံနှုန်းများ သတ်မှတ်ခြင်း၊ ခန့်အပ်ခြင်းနှင့် သက်တမ်းကို သတ်မှတ်ခြင်း၊ သက်တမ်းပြီးမြောက်၍ဖြစ်စေ၊ ရပ်ဆိုင်းခံရ၍ဖြစ်စေ၊ ထုတ်ပယ်ခံရ၍ဖြစ်စေ ယင်း၏နေရာတွင် အစားထိုးခန့်အပ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၆။ ဝန်ကြီးဌာနက ခန့်အပ်ထားသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အသေးစားငွေရေးကြေးရေးလုပ်ငန်း ကျွမ်းကျင်ပညာရှင်သည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၇။ ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသေးစားငွေရေးကြေးရေးလုပ်ငန်းနှင့်သက်ဆိုင်သော မူဝါဒလမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ခ) အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အသင်းဝင်များလိုက်နာရမည့် လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ သတ်မှတ်ပြဋ္ဌာန်းခြင်း၊

(ဂ) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းအတွက် လိုင်စင်ခွင့်ပြုခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊ လွှဲပြောင်းခွင့်ပြုခြင်းနှင့် အစုရှယ်ယာရောင်းချခွင့်ပြုခြင်း၊

(ဃ) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းအမျိုးအစားအလိုက် အနည်းဆုံး ထည့်ဝင်ရမည့် မတည်ငွေရင်းပမာဏနှင့် ထပ်မံတိုးမြှင့်သည့် မတည်ငွေရင်းပမာဏ သတ်မှတ်ခြင်း၊

(င) အသေးစားငွေရေးကြေးရေးလုပ်ငန်းအား လုပ်ကိုင်ခွင့်ပြုထားသည့် ဝန်ဆောင်မှုများအပြင် အခြား အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုအသစ်များ ဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားလာမှု အပေါ် စိစစ်ခွင့်ပြုပေးခြင်း၊

(စ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းမှ ချေးငွေအပေါ် ကောက်ခံရမည့် အတိုးနှုန်း၊ စုဆောင်းငွေ အပေါ်ပေးအပ်ရမည့်အတိုးနှုန်း၊ အခြားဝန်ဆောင်ခနှင့် ဒဏ်ကြေးများ သတ်မှတ်ခြင်း၊

(ဆ) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား စိစစ်သုံးသပ်၍ ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြခြင်း၊

(ဇ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်ကို အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းက လိုက်နာစေရန်အတွက် လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ဈ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ဤဥပဒေပါ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်း၊ ရည်ရွယ်ချက်များကို အသုံးချပြီး အခြားအကျိုးအမြတ်ရရှိစေမည့် လုပ်ငန်းများ လုပ်ဆောင်ပါက အရေးယူဆောင်ရွက်ခြင်း၊

(ည) စည်းကမ်းလိုက်နာမှုမရှိသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအား စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊

(ဋ) မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်ကောင်းမွန် စေရန် ညှိနှိုင်းဆောင်ရွက်ခြင်း။

၈။ ကြီးကြပ်မှုကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကြေးနှင့် ထပ်မံတိုးမြှင့်သည့် မတည်ငွေပမာဏအပေါ် ကောက်ခံသည့် လိုင်စင်ကြေးများ သတ်မှတ်ခြင်း၊

(ခ) ကြီးကြပ်မှုကော်မတီတွင် အဖွဲ့ဝင်အဖြစ်ဆောင်ရွက်မည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကျွမ်းကျင်ပညာရှင်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်း။

## အခန်း (၄)

## လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များ

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ တို့၏ လုပ်ငန်းကော်မတီများတွင် သက်ဆိုင်ရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး သင့်လျော်သည့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဦးစီးဌာန၏ ရုံးတာဝန်ခံက အတွင်းရေးမှူးအဖြစ် ပါဝင်၍ ဖွဲ့စည်းရမည်။

၁၀။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးအတွက် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) လိုင်စင်ရယူခြင်းမရှိဘဲ အသေးစားငွေရေးကြေးရေး လုပ်ငန်းဆောင်ရွက်နေမှုများအား စုံစမ်း ဖော်ထုတ် အရေးယူခြင်းကို ဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဂ) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဤဥပဒေပါ ရည်ရွယ်ချက်များ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ကြပ်မတ်ခြင်း၊

(ဃ) လိုင်စင်ခွင့်ပြုခြင်း၊ ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်းအတွက် ကြီးကြပ်မှုကော်မတီသို့ ထောက်ခံချက် ပေးခြင်း၊

(င) အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးကြပ်မှုကော်မတီနှင့် တွေ့ဆုံဆွေးနွေးခြင်း၊

(စ) ကြီးကြပ်မှုကော်မတီက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၅)

## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၁၁။ ဦးစီးဌာနသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ လုပ်ငန်းတာဝန် များကို ဆောင်ရွက်ရမည် -

(က) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လိုင်စင်လျှောက်လွှာများကိုစိစစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်လုပ်ငန်းကော်မတီတို့၏ ထောက်ခံချက်ဖြင့် ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊

(ခ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အား လွှဲပြောင်းခြင်း သို့မဟုတ် အစုရှယ်ယာရောင်းချခြင်း ပြုလုပ်ရန် လျှောက်ထားလာပါက စိစစ်၍ ကြီးကြပ်မှု ကော်မတီသို့ တင်ပြခြင်း၊

(ဂ) အခြားအသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုနှင့် ပူးပေါင်းဖွဲ့စည်းရန် လျှောက်ထား လာပါက စိစစ်၍ ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊

(ဃ) အသေးစားငွေရေးကြေးရေးလုပ်ငန်းအား လုပ်ကိုင်ခွင့်ပြုထားသည့် ဝန်ဆောင်မှုများအပြင် အခြား အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုအသစ်များ ဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားလာပါက စိစစ်၍ ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊

(င) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတွင် ထိန်းသိမ်းထားရှိရမည့် စာရင်းပုံစံများ၊ ဦးစီးဌာနသို့ ပေးပို့ရမည့် အစီရင်ခံစာနှင့် စာရင်းပုံစံများကို သတ်မှတ်ခြင်း၊

(စ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း၊

(ဆ) လုပ်ငန်းပိတ်သိမ်းခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်ပြောင်းလဲခြင်း၊ လုပ်ငန်းနယ်မြေ တိုးချဲ့ခြင်း၊ ရုံးခွဲများ တည်ထောင်ခြင်း၊ ချေးငွေရယူခြင်း၊ မတည်ငွေရင်း တိုးမြှင့်ခြင်း၊ ထောက်ပံ့ငွေများရယူခြင်း၊ အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသူ ငှားရမ်းခြင်းများအား စိစစ်ခွင့်ပြုခြင်း၊

(ဇ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြီးကြပ်မှု ကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဈ) လုပ်ငန်းဆောင်ရွက်မှုရပ်ဆိုင်းခြင်း၊ အသင်းဝင်များ၏အကျိုးစီးပွားကို ထိခိုက်စေမည့် အခြေအနေ ဖြစ်ပေါ်ခြင်း၊ ငွေကြေးကဏ္ဍတည်ငြိမ်မှုကို ထိခိုက်စေခြင်းစသည့် အခြေအနေများဖြစ်ပေါ်နေသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လိုင်စင်ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းတို့ကို ကြီးကြပ်မှုကော်မတီ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ည) လိုအပ်သော လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို ကြီးကြပ်မှုကော်မတီ၏ အတည်ပြုချက် ရယူ၍ ထုတ်ပြန်ခြင်း၊

(ဋ) ကြီးကြပ်မှုကော်မတီက စီမံခန့်ခွဲမှုနည်းလမ်းအရ ဒဏ်ကြေးပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခြင်း ခံရသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းထံမှ ဒဏ်ကြေးများကောက်ခံခြင်း၊

(ဌ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ကြော်ငြာတွင် လိမ်လည်လှည့်ဖြားရန် ရည်ရွယ်ချက်ဖြင့် မှားယွင်းစွာ ကြော်ငြာခြင်းကို သိရှိပါက ယင်းသို့ကြော်ငြာခြင်းကို ရပ်စဲစေခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း သို့မဟုတ် ရုပ်သိမ်းစေခြင်း၊

(ဍ) အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ (development partners) နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဎ) ကြီးကြပ်မှုကော်မတီက အခါအားလျော်စွာပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၆)
## ဖွဲ့စည်းတည်ထောင်ခြင်း

၁၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့်အဖွဲ့အစည်းသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ အစုစပ်လုပ်ငန်းဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းဖြစ်ရမည်။

## အခန်း (၇)
## အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်

၁၃။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့်အဖွဲ့အစည်းသည် သတ်မှတ်ထားသည့် လိုင်စင်လျှောက်လွှာပုံစံ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်မည့်ဒေသ၊ ဈေးကွက်အခြေအနေ၊ ငွေရေးကြေးရေးအရင်းအမြစ်လိုအပ်မှုနှင့် သက်ဆိုင်ရာပြည်သူများက စိတ်ဝင်စားမှုရှိကြောင်း ဖော်ပြချက်များပါဝင်သည့် ဖြစ်နိုင်ခြေလေ့လာချက်နှင့် ၃ နှစ်စာ စီးပွားရေးလုပ်ငန်း စီမံချက်များကို ဦးစီးဌာနမှတစ်ဆင့် ကြီးကြပ်မှုကော်မတီသို့ တင်ပြရမည်။

၁၄။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုကြောင်း လျှောက်ထားသည့်အခါ အောက်ပါအချက်များအား ဦးစီးဌာနသို့ တင်ပြရမည် -

(က) ကုမ္ပဏီ၏ ဖွဲ့စည်းမှုအခြေခံစည်းမျဉ်းများ၊

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းမှုအခြေခံစည်းမျဉ်းများနှင့်အညီ ဖွဲ့စည်းထားသည့် စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ။

၁၅။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းကို ဆန္ဒအလျောက် စုဆောင်းငွေလက်ခံခြင်းမပြုသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ဆန္ဒအလျောက် စုဆောင်းငွေလက်ခံသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအဖြစ် အောက်ပါအတိုင်း ခွဲခြားသတ်မှတ်ရမည် -

(က) ဆန္ဒအလျောက် စုဆောင်းငွေလက်ခံခြင်းမပြုသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အသင်းဝင်များက ချေးငွေရယူသည့်အခါတိုင်း မဖြစ်မနေ စုဆောင်းရသည့် စုဆောင်းငွေ၊ ယင်းတို့၏ ကိုယ်ပိုင်ရန်ပုံငွေ၊ အခြားအဖွဲ့အစည်းများထံမှ ချေးယူငွေနှင့် ယုံကြည်စိတ်ချရသော ငွေကြေးအရင်းအမြစ်များမှ ထောက်ပံ့ငွေများအပါအဝင် စုစည်းရရှိသည့် ရန်ပုံငွေဖြင့် ချေးငွေထုတ်ချေးခြင်းကို ဆောင်ရွက်ရမည်။

(ခ) ဆန္ဒအလျောက် စုဆောင်းငွေလက်ခံသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အသင်းဝင်များက ချေးငွေရယူသည့်အခါတိုင်း မဖြစ်မနေ စုဆောင်းရသည့် စုဆောင်းငွေ၊ အသင်းဝင်များ၏ ဆန္ဒအလျောက်စုဆောင်းငွေ၊ ယင်းတို့၏ ကိုယ်ပိုင်ရန်ပုံငွေ၊ အခြားအဖွဲ့အစည်းများထံမှ ချေးယူငွေနှင့် ယုံကြည်စိတ်ချရသော ငွေကြေးအရင်းအမြစ်များမှ ထောက်ပံ့ငွေများအပါအဝင် စုစည်းရရှိသည့် ရန်ပုံငွေဖြင့် ချေးငွေထုတ်ချေးခြင်းကို ဆောင်ရွက်ရမည်။

၁၆။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်လိုသောအဖွဲ့အစည်းသည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တရားဝင်လိုင်စင်ထုတ်ပေးထားသည့် ပြည်တွင်းဘဏ်တစ်ခုခု၏ ဘဏ်ခွဲတစ်ခုခုတွင် (၃) လထက်မလျော့သော ကာလတိုအပ်ငွေစာရင်းတစ်ခုဖွင့်လှစ်ရမည်။ ပေးသွင်းရမည့် ထည့်ဝင်ပြီး

မတည်ငွေရင်းကို အဆိုပါငွေစာရင်းသို့ ငွေသားဖြင့်ဖြစ်စေ၊ ချက်လက်မှတ်ဖြင့်ဖြစ်စေ၊ အခြားသော တရားဝင်ငွေပေးချေမှု နည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ ပေးသွင်းရမည်။

(ခ) ပေးသွင်းပြီးသည့် ငွေစာရင်းစာအုပ်မူရင်း၊ ဘဏ်လက်ကျန်ရှင်းတမ်း နောက်ဆုံးအခြေအနေအား လိုင်စင်လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

(ဂ) ပေးသွင်းထားသည့် မတည်ငွေရင်းအား လိုင်စင်ထုတ်ပေးသည့်လုပ်ငန်းစဉ်များ ပြီးပြတ်မှသာ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

၁၇။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအား လိုင်စင်ထုတ်ပေးရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လျှောက်လွှာပုံစံကို ဖြည့်စွက်ပြီး ဖြစ်နိုင်ခြေလေ့လာချက်၊ သုံးနှစ်စာ စီးပွားရေးလုပ်ငန်း စီမံချက်တို့ကို ပူးတွဲ၍ ပြည့်စုံစွာ တင်ပြလာပါက လုပ်ငန်းကော်မတီသည် လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း စိစစ်၍ ကြီးကြပ်မှုကော်မတီသို့ တင်ပြရမည်။

(ခ) လုပ်ငန်းကော်မတီက တင်ပြလာသည့် လိုင်စင်လျှောက်လွှာကို ကြီးကြပ်မှုကော်မတီက စိစစ်ပြီးနောက် ရက်ပေါင်း (၆၀) အတွင်း လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) လုပ်ငန်းလိုင်စင်ထုတ်ပေးရာတွင် တစ်နှစ်သက်တမ်းရှိ ယာယီလိုင်စင်ထုတ်ပေးပြီး လုပ်ငန်းဆောင်ရွက်မှုများအား စစ်ဆေး၍ ကျေနပ်ဖွယ်ရှိမှသာ အမြဲတမ်းလိုင်စင် ထုတ်ပေးရမည်။

(ဃ) ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီ လိုင်စင်ဖြင့် လုပ်ငန်းဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသည် လိုင်စင်ရ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအဖြစ် ဤဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။

၁၈။ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုကြောင်း လျှောက်ထားသည့် အဖွဲ့အစည်းသည် မိမိ၏ အစုရှယ်ယာပိုင်ရှင်များနှင့်ပတ်သက်၍လည်းကောင်း၊ လုပ်ငန်း၏ အခြေအနေမှန်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ အများပြည်သူက လွဲမှားစွာ အဓိပ္ပာယ်ကောက်ယူစေနိုင်သည့်အမည်ကို အသုံးပြုသည်ဟု ကြီးကြပ်မှုကော်မတီက ယူဆလျှင် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

၁၉။ လျှောက်ထားသည့် အဖွဲ့အစည်းအနေဖြင့် ကြီးကြပ်မှုကော်မတီ၏ လိုင်စင်ခွင့်ပြုချက်ရရှိပြီးနောက် သတ်မှတ်ထားသည့် ကနဦးလိုင်စင်ကြေးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စု နယ်မြေ နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းဖွင့်လှစ်ထားသည့် ဦးစီးဌာန၏ ငွေစာရင်းသို့ ပေးသွင်းပြီးပါက လိုင်စင်ထုတ်ပေးမည်ဖြစ်သည်။

၂၀။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအတွက် လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုသည့်အခါ ဤဥပဒေအရ မြန်မာနိုင်ငံပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

၂၁။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် လိုင်စင်ရရှိသည့်နေ့မှ ခြောက်လအတွင်း လုပ်ငန်း စတင်ရမည်။

၂၂။ ကြီးကြပ်မှုကော်မတီသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အသေးစားငွေရေး ကြေးရေးအဖွဲ့အစည်း၏ လိုင်စင်ကို ရုပ်သိမ်းနိုင်သည် -

(က) ကြီးကြပ်မှုကော်မတီက အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်သည့် အနည်းဆုံး မတည်ငွေရင်းကို ထည့်ဝင်ရန် ပျက်ကွက်ခြင်း၊

(ခ) လုပ်ငန်းဆုံးရှုံးမှုကြောင့် လျော့နည်းသွားသည့် အနည်းဆုံး မတည်ငွေရင်း လိုအပ်ချက်ကို ကြီးကြပ်မှု ကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ သတ်မှတ်ကာလအတွင်း ပြည့်မီသည်အထိ ဖြည့်တင်းရန် ပျက်ကွက်ခြင်း၊

(ဂ) လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်းမရှိသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းက မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲအဖြစ်ခံယူခြင်း၊

(ဃ) ကြီးကြပ်မှုကော်မတီက ချမှတ်သည့် စီမံခန့်ခွဲမှုပြစ်ဒဏ်အရ စာရင်းရှင်းလင်းဖျက်သိမ်းခံရခြင်း၊

(င) ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အခြားအသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်းဖွဲ့စည်းခြင်းကြောင့်ဖြစ်စေ၊ မူဝါဒဆိုင်ရာ ပြောင်းလဲမှုကြောင့်ဖြစ်စေ မူလတရားဝင်ရပ်တည်မှု ပျောက်ကွယ်သွားခြင်း၊

(စ) လုပ်ငန်းလည်ပတ်နေစဉ်အတွင်း ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ခွင့်ပြုထားသောလုပ်ငန်းများကို ဆောင်ရွက်ရန် တစ်ဆက်တည်း ၆ လ ပျက်ကွက်ခြင်း၊

(ဆ) ကြီးကြပ်မှုကော်မတီက ထုတ်ပြန်သည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဇ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ကိစ္စရပ်များတွင် ပါဝင်ပတ်သက်ခြင်း၊

(ဈ) အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်စေမည်ဟု ကြီးကြပ်မှုကော်မတီ သို့မဟုတ် ဦးစီးဌာနက ယုံကြည်သည့် မည်သည့်လုပ်ဆောင်ချက်မဆို လုပ်ဆောင်ခြင်း။

## အခန်း (၈)

## အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ

၂၃။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းများဆောင်ရွက်နိုင်သည် -

(က) အသေးစားချေးငွေနှင့် အသေးစားစီးပွားရေးလုပ်ငန်းချေးငွေ ထုတ်ချေးခြင်း၊

(ခ) စုဆောင်းငွေလက်ခံခြင်း၊

(ဂ) ငွေလွှဲပြောင်းပေးပို့ခြင်း၊

(ဃ) အာမခံကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(င) အရစ်ကျငွေချေးစနစ်ဖြင့် ပစ္စည်းဝယ်ယူခြင်း (Hire Purchase) ဝန်ဆောင်မှုဆောင်ရွက်ခြင်း၊

(စ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းသတ်မှတ်ချက်နှင့်ကိုက်ညီသော ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု (Digital Financial Services) များကို ရယူသုံးစွဲခြင်း၊

(ဆ) ကြီးကြပ်မှုကော်မတီက အခါအားလျော်စွာ ခွင့်ပြုသော အခြားအသေးစားငွေရေးကြေးရေးဝန်ဆောင်မှုများ ဆောင်ရွက်ခြင်း။

၂၄။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ပုဒ်မ ၂၃ ပါ လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ဦးစီးဌာနက သတ်မှတ်ထုတ်ပြန်ထားသော လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများကို အသင်းဝင်များထံမှ ရယူရမည်။

၂၅။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ချေးငွေ၊ စုဆောင်းငွေနှင့် သက်ဆိုင်သော အတိုးနှုန်းတွက်ချက်ပုံ၊ ဝန်ဆောင်ခနှင့် စရိတ်များ၊ စည်းမျဉ်းစည်းကမ်းများအား ဦးစီးဌာနက သတ်မှတ်ပေးသည့် အချိန်အပိုင်းအခြား၊ အသုံးပြုရမည့် ပုံစံများနှင့်အညီ အချိန်မှန် ထုတ်ပြန်ပေးရမည်။

၂၆။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် -

(က) ကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်လျှင် သီးသန့်ရန်ပုံငွေ ထူထောင်ခြင်းဖြင့် မတည်ငွေရင်းပမာဏကို တိုးမြှင့်နိုင်သည်။

(ခ) နှစ်စဉ် အသားတင်အမြတ်၏ ၂၅ ရာခိုင်နှုန်းကို သီးသန့်ရန်ပုံငွေသို့ ထည့်သွင်းရမည်။ ထိုသို့ထည့်သွင်းခြင်းကို ထည့်ဝင်ပြီး မတည်ငွေရင်း၏ (၃၀) ရာခိုင်နှုန်းနှင့်ညီမျှသည်အထိ ဆောင်ရွက်ရမည်။

(ဂ) လိုင်စင်လွှဲပြောင်းခြင်း သို့မဟုတ် အစုရှယ်ယာရောင်းချခြင်း ပြုလုပ်လိုသည့်အခါ ကြီးကြပ်မှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

(ဃ) အခြားအသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုနှင့် ပူးပေါင်းဖွဲ့စည်းခြင်းပြုလုပ်လိုသည့်အခါ ကြီးကြပ်မှုကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက် ရယူရမည်။

(င) ပုဒ်မခွဲ (ဃ) အရ ပူးပေါင်းဖွဲ့စည်းခြင်းကြောင့် ပေါ်ပေါက်လာသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ကြီးကြပ်မှုကော်မတီ၏ လိုင်စင်ရရှိမှသာ အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ဆောင်ရွက်ရမည်။

(စ) လုပ်ငန်းပိတ်သိမ်းခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်ပြောင်းလဲခြင်း၊ လုပ်ငန်းနယ်မြေ တိုးချဲ့ခြင်း၊ ရုံးခွဲများတည်ထောင်ခြင်း၊ ချေးငွေရယူခြင်း၊ မတည်ငွေရင်း တိုးမြှင့်ခြင်း၊ ထောက်ပံ့ငွေများရယူခြင်း၊ အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသူ ငှားရမ်းခြင်းတို့ကို ဆောင်ရွက်သောအခါ ဦးစီးဌာန၏ အတည်ပြုချက်ရယူပြီးမှသာ ဆောင်ရွက်ရမည်။

(ဆ) လုပ်ငန်းနေရာပြောင်းရွှေ့ခြင်း ဆောင်ရွက်သောအခါ လုပ်ငန်းဆောင်ရွက်ပြီး ရက်ပေါင်း (၃၀) အတွင်း ဦးစီးဌာနသို့ အကြောင်းကြားရမည်။

၂၇။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်သော အသင်းဝင်ကာကွယ်ရေးစည်းမျဉ်း (Client Protection Principles) များအား လိုက်နာဆောင်ရွက်ရမည်။

၂၈။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အသင်းဝင်များအား ငွေကြေးအသိပညာပေးခြင်း (Financial Literacy) လုပ်ငန်းများကို ကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ မပျက်မကွက် ဆောင်ရွက်ရမည်။

၂၉။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်သက်ဆိုင်သော တည်ဆဲဥပဒေပြဋ္ဌာန်းချက်များအား လိုက်နာရမည်။

၃၀။ လိုင်စင်ရရှိထားသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးအသင်းသို့ အသင်းဝင်အဖြစ် ဝင်ရောက်ရမည်။

## အခန်း (၉)
## စာရင်းစစ်ဆေးခြင်း၊ အစီရင်ခံခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း

၃၁။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် စာရင်းစစ်ကော်မတီတစ်ရပ် ဖွဲ့စည်းရမည်။

၃၂။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ယင်း၏ စာရင်းများကို စစ်ဆေးရန်အတွက် စာရင်းစစ်ကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် သင့်လျော်သော အများပြည်သူသို့စာရင်းဝန်ဆောင်မှုပေးသူ ခန့်ထားရမည်။

၃၃။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသူကို မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေနှင့်အညီ ခန့်ထားရမည်။

၃၄။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသူ ခန့်အပ်ပြီးနောက် ယင်းစာရင်းစစ်၏ အမည်၊ လုပ်ငန်းတည်နေရာ၊ အရည်အချင်းနှင့် အတွေ့အကြုံများကို ဦးစီးဌာနသို့ အကြောင်းကြားရမည်။

၃၅။ မြန်မာနိုင်ငံစာရင်းကောင်စီက ထုတ်ပြန်ထားသည့် စာရင်းစစ် အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများကိုသာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသူအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၃၆။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းက ခန့်အပ်တာဝန်ပေးရန်တင်ပြသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသူသည် ရာထူးတာဝန်နှင့် မသင့်လျော်ကြောင်း ဦးစီးဌာနမှ အကြောင်းပြချက်ဖြင့်

ငြင်းပယ်ပါက အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အခြားအများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသူ၏ အမည်စာရင်းကို ရက်ပေါင်း (၃၀) အတွင်း ပြန်လည်တင်ပြရမည်။

၃၇။ အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာပြုစုခြင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းများသည် အဆိုပါလုပ်ငန်း၏ အခြေအနေမှန်ကို လုံလောက်လျော်ကန်စွာ ဖော်ပြခြင်း ရှိ မရှိ ကို ယင်းအစီရင်ခံစာတွင် သုံးသပ်တင်ပြခြင်း၊

(ခ) လုပ်ငန်းအတွက် ဆုံးရှုံးမှုဖြစ်ပေါ်စေနိုင်သော ဆောင်ရွက်ချက်များနှင့် စာရင်းများ၏ ချွတ်ယွင်းမှု၊ လိုအပ်မှုများကို ပြင်ဆင်လိုက်နာဆောင်ရွက်စေခြင်း။

၃၈။ အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသူသည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာများနှင့် တာဝန်ခံများထံမှ လိုအပ်သော စာအုပ်များ၊ စာရင်းများ၊ ဘောက်ချာများ၊ စာရွက်စာတမ်းများ၊ ရှင်းလင်းချက်များ၊ အီလက်ထရောနစ်နည်းဖြင့် ထိန်းသိမ်းထားသော အထောက်အထားများနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (Management Information System) ကို စစ်ဆေးပိုင်ခွင့်ရှိသည်။

၃၉။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် သတ်မှတ်ထားသည့် စာရင်းပုံစံများကို အသုံးပြုလျက် သတ်မှတ်ပေးသည့်အချိန်ကာလအလိုက် အစီရင်ခံစာများပြုစုရမည်။ အစီရင်ခံစာများတွင် မိမိလုပ်ငန်း၏ စီမံရေးရာနှင့် လုပ်ငန်းရေးရာအခြေအနေ၊ ငွေရေးကြေးရေး အခြေအနေခိုင်မာမှု၊ အကျိုးအမြတ်ရရှိမှုတို့နှင့် စပ်လျဉ်းသည့် အချက်အလက်များ ပြည့်စုံစွာပါရှိရမည်။

၄၀။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းမှ တင်ပြသည့် အစီရင်ခံစာတွင် ဤဥပဒေပါ ရည်ရွယ်ချက်များအတိုင်း ဆောင်ရွက်နိုင်ခြင်း ရှိ မရှိ ကို စိစစ်နိုင်ရန် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များနှင့်အတူ ပြည့်စုံစွာ ပြုစုတင်ပြရမည်။

၄၁။ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသူ၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို စီမံခန့်ခွဲမှုကော်မတီနှင့် အစုရှယ်ယာပိုင်ရှင်များအပါအဝင် သက်ဆိုင်သူများက သတ်မှတ်သဘောတူထားသည့် နည်းလမ်းနှင့်အညီ အများသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၄၂။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ဦးစီးဌာနက တာဝန်ပေးအပ်သူများ၏ စစ်ဆေးခြင်းကို ခံရမည်။ ယင်းသို့စစ်ဆေးသည့်အခါ စစ်ဆေးသူသည် -

(က) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းခွင်သို့ အခါအားလျော်စွာသွားရောက်၍ စာရင်းများ၊ သက်ဆိုင်ရာစာရွက်စာတမ်းများ၊ စာရင်းစာအုပ်များနှင့် အခြားစာရွက်စာတမ်းများ အပါအဝင် အီလက်ထရောနစ်နည်းဖြင့် ထိန်းသိမ်းထားသောအထောက်အထားများ၊ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (Management Information System) များကို စစ်ဆေးနိုင်သည်။

(ခ) ဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် မည်သည့်သတင်းအချက်အလက်များကို မဆို ကြီးကြပ်သူများ၊ စီမံခန့်ခွဲသူများ၊ ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် အသင်းဝင်များအား မေးမြန်းနိုင်သည်။

၄၃။ ဦးစီးဌာနမှ စစ်ဆေးသူက စစ်ဆေးရာတွင် အောက်ပါအချက်တစ်ရပ်ရပ်ကို တွေ့ရှိလျှင် ကြီးကြပ်မှုကော်မတီသို့ ဆောလျင်စွာ အစီရင်ခံတင်ပြရမည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ခြင်း၊

(ခ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ ငွေပေးချေနိုင်မှု လုံလောက်သည့် အခြေအနေကို ထိခိုက်စေမည့် လုပ်ဆောင်ချက် သို့မဟုတ် အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်နေခြင်း၊

(ဂ) အသင်းဝင်များ၏ အကျိုးစီးပွားကို ထိခိုက်စေမည့် လုပ်ဆောင်ချက်များ အပါအဝင် မှုမမှန်သည့် လုပ်ဆောင်ချက်များနှင့် စီမံခန့်ခွဲမှုများ ဆောင်ရွက်ထားခြင်း၊ ယင်းသို့ လုပ်ဆောင်ထားကြောင်း သိရှိလျက်နှင့် ထိန်းသိမ်းရန်၊ ပြင်ဆင်ရန် ပျက်ကွက်ခြင်း၊

(ဃ) ဤဥပဒေ၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီမှုမရှိသည့် ချေးငွေအမျိုးအစားများထုတ်ချေးခြင်းနှင့် ဝန်ဆောင်မှုပုံစံများ ဆောင်ရွက်ခြင်း။

## အခန်း (၁၀)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၄၄။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၊ ယင်းအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာပိုင်ရှင်၊ စီမံခန့်ခွဲသူ၊ မန်နေဂျာနှင့် ဝန်ထမ်းများက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ကြီးကြပ်မှုကော်မတီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ ချမှတ်ရမည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသောဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ခြင်းများကို ကန့်သတ်သည့် အမိန့်ချမှတ်ခြင်း၊

(ဃ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်ခြင်းမှ ယာယီ သို့မဟုတ် အမြဲတမ်း ရပ်ဆိုင်းခြင်း၊

(င) ဒါရိုက်တာအဖွဲ့ဝင် သို့မဟုတ် စီမံခန့်ခွဲမှုကော်မတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်း၊

(စ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအား ပုံမှန်လုပ်ငန်းလည်ပတ်နိုင်သည့် အခြေအနေသို့ ရောက်ရှိသည်အထိ ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်နှင့် ဦးစီးဌာန၏ သဘောတူညီချက်တို့ဖြင့် ခန့်အပ်သော စီမံခန့်ခွဲသူ၏ လက်အောက်တွင် ထားရှိ၍ စီမံခန့်ခွဲခြင်း၊

(ဆ) လိုင်စင်ရုပ်သိမ်းခြင်း။

၄၅။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အောက်ပါဆောင်ရွက်ချက်တစ်ရပ်ရပ်ကို ပြုလုပ်ပါက ပုဒ်မ ၄၄ ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခံရမည် -

(က) လုပ်ငန်းများဆောင်ရွက်ရာတွင် ဤဥပဒေပါ ရည်ရွယ်ချက်နှင့် မကိုက်ညီဘဲ အသေးစားငွေရေးကြေးရေးလုပ်ငန်းကို အကြောင်းပြု၍ အခြားအကျိုးအမြတ်ရရှိစေရန် ဆောင်ရွက်ခြင်း၊

(ခ) မိမိအဖွဲ့အစည်းအတွက်လည်းကောင်း၊ အခြားပုဂ္ဂိုလ်၊ အခြားအဖွဲ့အစည်းအတွက်လည်းကောင်း မှန်ကန်မျှတမှုမရှိသော နည်းလမ်းများဖြင့်ဆောင်ရွက်ခြင်း။

၄၆။ ပြစ်ဒဏ်ချမှတ်ခံရသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ချမှတ်သော ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ အမိန့်စာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံခွင့်ရှိစေရမည်။ အယူခံနေစဉ်ကာလအတွင်း ပြစ်ဒဏ်ပေးမှုကို ဆိုင်းငံ့ထားရမည်။ အယူခံမှုနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

၄၇။ ပြစ်ဒဏ်ချမှတ်ခံရသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ကြီးကြပ်မှုကော်မတီ၏ အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်ခံရပြီးပါက နစ်နာမှုများအတွက် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းကိုဖြစ်စေ၊ အခြားပုဂ္ဂိုလ်များကိုဖြစ်စေ ပေးလျော်ရမည်။

၄၈။ ဤဥပဒေအရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

## အခန်း (၁၁)

## စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၄၉။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် လုပ်ငန်းများကို ဆောင်ရွက်ရန် အနည်းဆုံးလိုအပ်ချက်နှင့် မညီညွတ်တော့သည့် အခြေအနေသို့ ရောက်ရှိသောကြောင့် အသင်းဝင်များ၏ စုဆောင်းငွေများနှင့် မတည်ရန်ပုံငွေတို့ကို ဆုံးရှုံးစေနိုင်သည့် အခြေအနေပေါ်ပေါက်လျှင် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် ဦးစီးဌာနက အချိန်ကာလ သတ်မှတ်ပေးနိုင်သည်။ သတ်မှတ်ပေးသည့် အချိန်ကာလအတွင်း ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းမရှိပါက ဦးစီးဌာနသည် ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းပြီးနောက် လိုင်စင်ကိုပယ်ဖျက်နိုင်သည်။

၅၀။ ဦးစီးဌာနသည် စာရင်းရှင်းလင်းဖျက်သိမ်းရေး အမိန့်မချမှတ်မီ -

(က) စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်း၍ စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ စုံစမ်းစစ်ဆေးရာတွင် သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအား ခုခံချေပခွင့်ပြုရမည်။

၅၁။ စုံစမ်းစစ်ဆေးရေးကော်မတီက စာရင်းရှင်းလင်းဖျက်သိမ်းသင့်ကြောင်း တင်ပြပါက ဦးစီးဌာနသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအမိန့် ထုတ်ပြန်ရမည်။

၅၂။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းကို စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးစီးဌာနသည် -

(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်၍ဖြစ်စေ၊ သင့်လျော်သော နိုင်ငံသားများပါဝင်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ဖြစ်စေ ယင်းအဖွဲ့အစည်း၏ စီမံခန့်ခွဲရေးကိစ္စရပ်များကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းပြီးစီးသည်အထိ လွှဲပြောင်းရယူ၍ ဆောင်ရွက်စေနိုင်သည်။

(ခ) ယင်းအဖွဲ့အစည်းက ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်ရှိသည်များကို စာရင်းရှင်းလင်းဆောင်ရွက်ရမည်။

၅၃။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များကို အောက်ပါ ဦးစားပေးအစီအစဉ်အရ ခွဲဝေပေးရမည် -

(က) အသင်းဝင်များ၏ စုဆောင်းငွေနှင့်ပတ်သက်သည့် တောင်းခံမှုများ၊

(ခ) အာမခံဖြင့်ကြွေးမြီများ၊

(ဂ) လူမွဲစာရင်းခံယူရာတွင် ကုန်ကျငွေနှင့် စရိတ်အားလုံး၊

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အဆုံးအဖြတ်မတိုင်မီ တစ်နှစ်ထက်မပိုသော အချိန်ကာလတစ်ခုထိ နိုင်ငံတော်သို့ပေးရန်ရှိသော ပြည်တွင်းအခွန်အခများ၊

(င) ဒါရိုက်တာအဖွဲ့ဝင်များ၏ လစာငွေများမပါဝင်ဘဲ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်သည့်နေ့အထိ ပေးရန်ရှိသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ ဝန်ထမ်းများသို့ ပေးရန်လစာငွေများ၊

(စ) အာမခံမဲ့မြီရှင်များ၏ တောင်းခံငွေများ၊

(ဆ) ပုဒ်မ (က) မှ (င) တွင် မပါဝင်သော အခြားတောင်းခံငွေများ။

## အခန်း (၁၂)

## တားမြစ်ချက်များ

၅၄။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့ဝင်၊ စီမံခန့်ခွဲမှုကော်မတီဝင်၊ ဝန်ထမ်းနှင့် စာရင်းစစ်များသည် ယင်းတို့၏ ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရာမှ ရရှိလာသည့် သတင်းအချက်အလက်များကို လုပ်ငန်းသဘောအသုံးပြုခြင်းမှအပ ထုတ်ဖော်ပြောဆိုခြင်း၊ ကြည့်ရှုစေခြင်း၊ စစ်ဆေးစေခြင်း၊ ကြေညာခြင်း သို့မဟုတ် အသုံးပြုခြင်း မပြုရ။

၅၅။ လိုင်စင်မရှိဘဲ မည်သူမျှ ဤဥပဒေပါ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းများကို လုပ်ကိုင်ခြင်း မပြုရ။

၅၆။ ကြီးကြပ်မှုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဦးစီးဌာနတို့မှ မည်သည့် ကော်မတီဝင် သို့မဟုတ် ဝန်ထမ်းမဆို တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာမှ သိရှိလာသည့် သတင်းအချက်အလက်များကို လုပ်ငန်းသဘော အသုံးပြုခြင်းမှအပ ထုတ်ဖော်ပြောဆိုခြင်း၊ ကြည့်ရှုစေခြင်း၊ စစ်ဆေးစေခြင်း၊ ကြေညာခြင်း သို့မဟုတ် အသုံးပြုခြင်း မပြုရ။

၅၇။ ပုဒ်မ ၅၄ နှင့် ၅၆ တွင် ဖော်ပြထားသည့် တားမြစ်ချက်များသည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်း မရှိစေရ -

(က) ဥပဒေအရ တရားရုံး၏ အမိန့်နှင့်အညီ ထုတ်ဖော်ခြင်း၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း၊ အဂတိလိုက်စားမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထုတ်ဖော်ခြင်း၊

(ဂ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းများအား အခြားအသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသို့ လွှဲပြောင်းခြင်း သို့မဟုတ် လွှဲပြောင်းရန် အဆိုပြုခြင်း သို့မဟုတ် အစုရှယ်ယာ ရောင်းချခြင်းတို့နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် ထုတ်ဖော်ခြင်း၊

(ဃ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ သတင်းအချက်အလက်များကို တစ်စုတစ်ပေါင်းတည်း ပုံစံဖြင့် အများပြည်သူအကျိုးငှာ သင့်လျော်သည့် နည်းလမ်းဖြင့် ထုတ်ဖော်ခြင်း၊

(င) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအား ထိရောက်စွာကြီးကြပ် စစ်ဆေးနိုင်ရန်အတွက် သတင်းအချက်အလက်များကို အသုံးပြုရန်ဖြစ်ပါက ပြည်တွင်း ပြည်ပမှ ငွေရေးကြေးရေး အဖွဲ့အစည်းများကြပ်မတ်ကွပ်ကဲရေးနှင့် ကြီးကြပ်စစ်ဆေးရေးအဖွဲ့အစည်းများနှင့် လျှို့ဝှက်အဆင့်ဖြင့် သတင်းအချက်အလက် ဖလှယ်ခြင်း။

## အခန်း (၁၃)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၅၈။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းမှ မည်သည့်အဖွဲ့ဝင်၊ ဝန်ထမ်းနှင့် စာရင်းစစ်မဆို ပုဒ်မ ၅၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် သိန်း ၅၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၉။ မည်သူမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ကျပ် သိန်း ၁၅၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၀။ ကြီးကြပ်မှုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဦးစီးဌာနတို့မှ မည်သည့်အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၄)
## အထွေထွေပြဋ္ဌာန်းချက်

၆၁။ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးအသင်းသည် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စု နယ်မြေ နေပြည်တော်တို့တွင် မြန်မာနိုင်ငံအသေးစား ငွေရေးကြေးရေးအသင်းခွဲများကို တည်ထောင်နိုင်သည်။

၆၂။ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (စ) တွင်ပါရှိသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအတွက် ဦးစီးဌာနက ခန့်အပ်သော စီမံခန့်ခွဲသူအတွက် ကုန်ကျစရိတ်ကို သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းမှ ကျခံရမည်။

၆၃။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် ဆောင်ရွက်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံခွင့်များရှိသည်။

၆၄။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအပိုဒ် ၅၅ သည် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများက တရားစွဲဆိုသည့် တရားမမှုများနှင့် မသက်ဆိုင်စေရ။

၆၅။ မှတ်ပုံတင်အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းက ထုတ်ပေးသော ချေးငွေများနှင့်စပ်လျဉ်း၍ ချုပ်ဆိုသည့် စာချုပ်စာတမ်းသည် မှတ်ပုံတင်ခြင်းနှင့် တည်ဆဲ ဥပဒေအရ တံဆိပ်ခေါင်းခွန် ပေးဆောင်ရခြင်းတို့မှ ကင်းလွတ်ခွင့်ရှိသည်။

၆၆။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် တည်ဆဲဥပဒေများနှင့်အညီ အခွန်ပေးဆောင်ရမည်။

၆၇။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ယှဉ်ပြိုင်မှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

၆၈။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အသင်းဝင်များအား ဝန်ဆောင်မှုပေးရာတွင် သတင်း အချက်အလက်လုံခြုံမှုရှိစေရန် သတင်းအချက်အလက် စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ ကြည့်ရှုခြင်းနှင့် အသုံးပြုခြင်းတို့ကို သီးခြားတာဝန်ပေးထားသော ဝန်ထမ်းကိုသာ ဆောင်ရွက်စေရမည်။ ချေးငွေသတင်း အချက်အလက်ဌာန (Credit Bureau) သို့မဟုတ် အလားတူ အဖွဲ့အစည်းများသည် အသင်းဝင်များ၏ သတင်းအချက်အလက်များ မျှဝေသုံးစွဲခြင်းကို အသင်းဝင်များ၏ သဘောတူညီချက်၊ ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၆၉။ ပုဒ်မ ၅၈၊ ၅၉ နှင့် ၆၀ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၇၀။ ပုဒ်မ ၅၈ နှင့် ၆၀ တို့အရ တရားစွဲဆိုရာတွင် ကြီးကြပ်မှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၇၁။ မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်မှုမရှိသော၊ ချိုးဖောက်သော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းကို ဦးစီးဌာန သို့မဟုတ် ကြီးကြပ်မှုကော်မတီသို့ တိုင်ကြားနိုင်သည်။

၇၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် ဦးစီးဌာနသည် ကြီးကြပ်မှုကော်မတီနှင့် လုပ်ငန်း ကော်မတီတို့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၇၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကြီးကြပ်မှုကော်မတီသည် လိုအပ်သော လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၇၄။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။

၇၅။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၃/၂၀၁၁) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၈၈၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ထက်ထက်ပိုးဉ (တ/၃၄၅၆) အား မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၅ အား အောက်ပါအတိုင်း အစားထိုး ရမည် -

"၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မဲစာရင်းပြုစုရာတွင် -

(က) ကော်မရှင်ကသတ်မှတ်သော လူဦးရေစာရင်းပုံစံဇယားနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် လူဦးရေ (မသန်စွမ်းသူများ အပါအဝင်) စာရင်းတို့ကို ရယူအခြေခံပြီး ပြုစုရမည်။

(ခ) လိုအပ်ပါက လက်ရှိမဲစာရင်းကို အခြေခံရယူ၍ ပြုစုနိုင်သည်။"

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၁၀ တွင်ပါရှိသော "အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း" ဆိုသည့်စကားရပ်ကို "အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (ခ) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) နည်းဥပဒေခွဲ (က) အရ လျှောက်ထားသည့်အခါ ယင်းတို့သည် မဲဆန္ဒရှင်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ကိုက်ညီပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်၍ မဲစာရင်းတွင် အမည်ထည့်သွင်းရမည်။ သတ်မှတ်သည့်ရက်ထက် ကျော်လွန်လျှောက်ထားလာပါက အရေးယူဆောင်ရွက်ခြင်း မပြုရ။"

၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၂) တွင်ပါရှိသော "တစ်မျက်နှာလျှင် ငွေ ၂၅ ကျပ်နှုန်း" ဆိုသည့်စကားရပ်ကို "ကော်မရှင်က သတ်မှတ်ထားသည့်နှုန်းအတိုင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် -

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ (မသန်စွမ်းသူများအပါအဝင်) လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေး၊ သတ်မှတ်ထားသော မဲပေးချိန်အတွင်း မဲဆန္ဒရှင်များအားလုံး မဲပေးနိုင်ရေးနှင့် လျှို့ဝှက်ဆန္ဒပြုနိုင်ရေးတို့ကို ရှေးရှု၍ မဲရုံတစ်ရုံစီ၌ ဆန္ဒမဲပေးရမည့် ဦးရေနှင့် မဲရုံအရေအတွက်ကို လိုအပ်သလို သတ်မှတ်ပေးနိုင်သည်။ မဲရုံတွင် မသန်စွမ်းသူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိရမည်။

(၂) ကော်မရှင်၏ တာဝန်ပေးချက်နှင့်အညီ တပ်မတော်သားများနှင့် ယင်းတို့နှင့်အတူနေထိုင်ကြသည့် အိမ်ထောင်စုဝင်များနေထိုင်ရာ တပ်ရင်းတပ်ဖွဲ့များအတွက် မဲရုံနေရာသတ်မှတ်ရာ၌ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ မဲဆန္ဒရှင်များနှင့်အတူ ဆန္ဒမဲပေးနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်မည့် ထိုတပ်ရင်းတပ်ဖွဲ့၏ပြင်ပ သင့်လျော်သည့်နေရာတွင် သတ်မှတ်ပေးရမည်။"

(ခ) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ (ဆ) ၏ နောက်၌ နည်းဥပဒေခွဲ (ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဇ) ဆန္ဒမပြုမီ အကြောင်းတစ်ခုခုကြောင့် ဆန္ဒမဲလက်မှတ်မတော်တဆ ပျက်စီးခဲ့ပါက ဆန္ဒမဲလက်မှတ်အသစ် လဲလှယ်ထုတ်ပေးရမည်။ ထိုသို့ ထုတ်ပေးကြောင်းကို မှတ်တမ်းတင်ထားရမည်။"

၇။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၄၈၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၇) တွင်ပါရှိသော "ရွေးကောက်ပွဲလေ့လာသူများ" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၅၁ တွင် -

(က) နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၆) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၆) နည်းဥပဒေခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄) တို့ပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတို့သည် ကြိုတင်ဆန္ဒမဲပေးသူ၏ လျှို့ဝှက်ဆန္ဒပြုခြင်းကိုမထိခိုက်စေဘဲ လိုက်ပါကြည့်ရှုနိုင်သည်။"

(ခ) နည်းဥပဒေခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲပေးသူများ၏ အမည်စာရင်းကို ယင်းတို့နှင့်သက်ဆိုင်သော မဲစာရင်းများနှင့်ယှဉ်တွဲပြီး ရေးမှတ်ထားရမည်။ ယင်းတို့က ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် စာအိတ်များကို မဲရုံအလိုက် ချိပ်ပိတ်ထားသည့် သက်ဆိုင်ရာ မဲပုံးများအတွင်းသို့ သက်သေများရှေ့တွင် ထည့်သွင်း၍ လုံခြုံစွာ သိမ်းဆည်းထားရမည်။"

(ဂ) နည်းဥပဒေခွဲ (ဇ) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(ဇ) နည်းဥပဒေခွဲ (က)၊ (ဂ)၊ (ဃ)၊ (င)၊ (စ) နှင့် (ဆ) တို့ပါ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတို့သည် ကြိုတင်ဆန္ဒမဲပေးသူ၏ လျှို့ဝှက်ဆန္ဒပြုခြင်းကို မထိခိုက်စေဘဲ လိုက်ပါကြည့်ရှုနိုင်သည်။"

၉။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၃) နှင့် (၄) တို့အား အောက်ပါအတိုင်း အစားထိုးရမည် -

"(၃) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် လက်ခံရရှိသော ပုံစံ (၁၅) များကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံများကို ပုံစံ (၁) နှင့် တိုက်ဆိုင်စိစစ်၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကို ပုံစံ (၁-၁) ဖြင့် သီးခြားရေးမှတ်ထားရမည်။ ပုံစံ (၁) တွင်ပါရှိသော ယင်းတို့၏အမည်အောက်တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲ ပေးမည့်သူများဖြစ်ကြောင်း မှတ်သားရမည်။ ရေးမှတ်ထားသည့် ပုံစံ (၁-၁) မိတ္တူတစ်စောင်ကို မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားပြီး မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁-၁) တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး ကျန်တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။"

"(၄) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိမြို့နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၏ အမည်စာရင်းရရှိရေးအတွက် သက်ဆိုင်ရာတပ်မှူးထံမှ စာဖြင့် တောင်းယူရမည်။ ထိုစာရင်းများရရှိသည့်အခါ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကို ပုံစံ (၁) နှင့် တိုက်ဆိုင်စိစစ်၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၏စာရင်းကို ပုံစံ (၁-၂) ဖြင့် သီးခြားရေးမှတ်ထားရမည်။ ပုံစံ (၁) တွင် ပါရှိသော ယင်းတို့၏ အမည်အောက်တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲပေးမည့်သူများဖြစ်ကြောင်း မှတ်သားရမည်။ ရေးမှတ်ထားသည့် ပုံစံ (၁-၂) မိတ္တူတစ်စောင်ကို မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားပြီး မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁-၂) တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး ကျန်တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။"

၁၀။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၅၇၊ နည်းဥပဒေခွဲ (ဂ) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် လက်ခံရရှိသောပုံစံများကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု

ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံများကို ပုံစံ (၁) နှင့် တိုက်ဆိုင်စိစစ်၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကို ပုံစံ (၁-၃) ဖြင့် သီးခြားရေးမှတ်ထားရမည်။ ပုံစံ (၁) တွင်ပါရှိသော ယင်းတို့၏ အမည်အောက်တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲပေးမည့်သူများဖြစ်ကြောင်း မှတ်သားရမည်။ ရေးမှတ်ထားသည့် ပုံစံ (၁-၃) မိတ္တူတစ်စောင်ကို မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားပြီး မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁-၃) တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး ကျန်တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။"

၁၁။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၆၀ တွင် -

(က) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် ယင်းတို့နှင့်အတူနေ အိမ်ထောင်စုဝင်များအတွက်ဖြစ်လျှင် ကော်မရှင်က သတ်မှတ်ပေးသော နေ့ရက်နှင့်အချိန်အတွင်း၌သာ သက်ဆိုင်ရာ တပ်ဖွဲ့၌ တာဝန်အရှိဆုံးပုဂ္ဂိုလ်က စီစဉ်ပေးသည့်နေရာ၌ ယင်းတပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များက ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် မိမိတို့ဆန္ဒပြုလိုသည့်အတိုင်း ရေးသွင်းကာ ယင်းကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာစာအိတ်အသီးသီး၌ ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး ထိုတာဝန်အရှိဆုံးပုဂ္ဂိုလ်ထံသို့ ချက်ချင်းပြန်လည်ပေးအပ်ရမည်။ ထိုတာဝန်အရှိဆုံးပုဂ္ဂိုလ်သည် ယင်းကြိုတင်ဆန္ဒမဲလက်မှတ်ပါရှိသည့် စာအိတ်များကို စုစည်းပြီးသည့်အခါ သက်ဆိုင်ရာတပ်မှူးထံသို့ ပြန်လည်ပေးပို့ရမည်။"

(ခ) နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၁) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) မဲဆန္ဒနယ်ပြင်ပရောက်ကျောင်းသားများနှင့် သင်တန်းသားများအတွက်ဖြစ်လျှင် ကော်မရှင်က သတ်မှတ်ပေးသောနေ့ရက်နှင့် အချိန်အတွင်း၌သာ သက်ဆိုင်ရာ ပါမောက္ခချုပ် သို့မဟုတ် ကျောင်းအုပ်ကြီးက စီစဉ်ပေးသည့် နေရာ၌ ယင်းကျောင်းသားများ သို့မဟုတ် သင်တန်းသားများက ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် မိမိတို့ဆန္ဒပြုလိုသည့်အတိုင်း ရေးသွင်းကာ ယင်းကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာစာအိတ်အသီးသီး၌ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး ထိုပါမောက္ခချုပ် သို့မဟုတ် ကျောင်းအုပ်ကြီးထံသို့ ချက်ချင်းပြန်လည်ပေးအပ်ရမည်။"

(ဂ) နည်းဥပဒေခွဲ (ဂ) ခြေဆင်းအား အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) မဲဆန္ဒနယ်ပြင်ပရောက် ဆေးရုံသို့ တက်ရောက်နေရသော အတွင်းလူနာများနှင့်ပတ်သက်၍ ကြိုတင်ဆန္ဒမဲလက်မှတ်များကို လက်ခံရရှိသောအခါ သက်ဆိုင်ရာဆေးရုံတာဝန်ခံသည် ကော်မရှင်က သတ်မှတ်ပေးသောနေ့ရက်နှင့်အချိန်အတွင်း၌သာ အောက်ပါနည်းလမ်းများအတိုင်း ဆောင်ရွက်ရမည် -"

၁၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၆၇၊ နည်းဥပဒေခွဲ (က) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီအထိ မိမိလက်ဝယ်ရရှိထားသည့်ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူများ ရှေ့မှောက်တွင် ပုံစံ (၁-၁)၊ (၁-၂) နှင့် (၁-၃) တို့ဖြင့် တိုက်ဆိုင်စိစစ်၍ ရေတွက်ပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၈) တွင် ဖြည့်သွင်းရမည်။ ပယ်သည့်ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့်စပ်လျဉ်း၍ ပယ်သည့်အကြောင်းကို သတ်မှတ်ထားသည့်

ပုံစံ (၁၇-က) တွင် မှတ်တမ်းတင်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးက လက်မှတ်ရေးထိုးထားရမည်။ ယင်းပုံစံ (၁၈) တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ်စေလွှတ်ဆောင်ရွက်ရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်စေရမည်။"

၁၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၈၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၆။ (က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်၏ ရွေးကောက်ပွဲမှတ်တမ်းအား သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးထံသို့ပေးပို့ပြီး မိတ္တူတစ်စောင်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးထံသို့ ပေးပို့ရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် မိမိတို့လက်ခံရရှိသော မဲစာရင်းများအပါအဝင် ရွေးကောက်ပွဲမှတ်တမ်းများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ကုန်ကျစရိတ်စာရင်းများ၊ အခြားစာရွက်စာတမ်းများကို ရွေးကောက်ပွဲပြီးသည့်နေ့မှစ၍ နောက်တစ်ကြိမ် အထွေထွေရွေးကောက်ပွဲ ပြုလုပ်ပြီးစီးသည်အထိ မပျောက်မပျက်စေရန် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရမည်။"

၁၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၁၀၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၆။ ကော်မရှင်သည် -

(က) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းရန်နှင့် ရွေးကောက်ပွဲကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် စေ့စပ်ညှိနှိုင်းရေးကော်မတီများကို ရွေးကောက်ပွဲတွင် ပါဝင်သက်ဆိုင်သူများနှင့် ညှိနှိုင်း၍ လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

(ခ) ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ကျင်းပပြီးစီးခဲ့သော အထွေထွေရွေးကောက်ပွဲကျင်းပပြီးစီးမှုအခြေအနေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ရွေးကောက်ပွဲကျင်းပပြီးသည့်နေ့မှ ၄၅ ရက်အတွင်း အစီရင်ခံစာ ထုတ်ပြန်ကြေညာရမည်။"

၁၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ပုံစံ (၃-က) တွင်ပါရှိသော "ရက်ပေါင်း ၁၈၀ ထက်မနည်း" ဆိုသည့်စကားရပ်ကို "ရက်ပေါင်း ၉၀ ထက်မနည်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ နည်းဥပဒေပါ ပုံစံ (၁၅) နှင့် ပုံစံ (၁၆) တို့အား ပူးတွဲပါအတိုင်း အစားထိုးရမည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပုံစံ (၃-က)

**လွှတ်တော်ရွေးကောက်ပွဲများ**
**မဲစာရင်းတွင် ထည့်သွင်းပေးပါရန် တောင်းဆိုလွှာ**

[နည်းဥပဒေ ၁၀ (က)]

သို့

ဥက္ကဋ္ဌ
------------------------- ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ
----------------------------- မြို့နယ်

(၁) တောင်းဆိုသူအမည် ------------------------------------------
(၂) ကျား/မ ------------------------------------------
(၃) မွေးသက္ကရာဇ် ----------------------------- အသက် ( )
(၄) မှတ်ပုံတင်အမှတ် ------------------------------------------
(၅) အဘအမည် ------------------------------------------
(၆) အမိအမည် ------------------------------------------
(၇) လက်ရှိနေရပ်လိပ်စာ ------------------------------------------
(၈) အလုပ်အကိုင် ------------------------------------------
(၉) လက်ရှိလုပ်ကိုင်နေသော ------------------------------------------
ကုမ္ပဏီ/လုပ်ငန်းအမည်
(၁၀) အမြဲတမ်းနေရပ်လိပ်စာ ------------------------------------------
(၁၁) အမြဲတမ်းနေရပ်၏ ------------------------------------------
ရပ်ကွက်/ကျေးရွာအုပ်စုအမည် ------------------------------------------
(၁၂) အမြဲတမ်းနေရပ်၏မြို့နယ်အမည် ------------------------------------------
(၁၃) အမြဲတမ်းနေရပ်၏မြို့အမည် ------------------------------------------

တောင်းဆိုသူသည် မြန်မာနိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဖြစ်ပြီး မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ပါသည်။ တောင်းဆိုသူသည် အထောက်အထားအဖြစ် အောက်ပါ စာရွက်စာတမ်းများ သို့မဟုတ် သက်သေများကို တင်ပြပါသည် -

--------------------------------------------------------------------------------
--------------------------------------------------------------------------------

(၃) တတိယအကြိမ် ပြင်ဆင်ထားပါသည်။
(၄) စတုတ္ထအကြိမ် ပြင်ဆင်ထားပါသည်။

## ဝန်ခံချက်

အထက်ပါအချက်များအားလုံး မှန်ကန်ပါသည်။ တောင်းဆိုသူသည် မည်သည့်အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင်မျှပါဝင်ရန် တောင်းဆိုထားခြင်း မရှိပါ။

တောင်းဆိုသူ၏ လက်မှတ် သို့မဟုတ်
လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ --------------------------------------

## လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင် ကိုယ်စားလှယ်၏ ထောက်ခံချက်

အထက်ပါလျှောက်ထားသူ ဦး/ဒေါ် ------------------- သည် မိမိတို့ဌာန/ကုမ္ပဏီ/လုပ်ငန်းတွင် ----------------- အဖြစ် "[၅]ရက်ပေါင်း ၉၀ ထက်မနည်း" လုပ်ကိုင်လျက်ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ထောက်ခံပါသည်။

ဌာနတာဝန်ခံ သို့မဟုတ်
လုပ်ငန်းရှင်/လုပ်ငန်းရှင်ကိုယ်စားလှယ်၏လက်မှတ်

ရက်စွဲ၊ ----------------------------------------

မှတ်ချက်။ အခြားပုဂ္ဂိုလ်များအတွက်ဖြစ်လျှင် ဌာနတာဝန်ခံ သို့မဟုတ် လုပ်ငန်းရှင်/လုပ်ငန်းရှင် ကိုယ်စားလှယ်၏ ထောက်ခံချက် ဖြည့်စွက်ရန်မလို။

## ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်

လျှောက်ထားသူ ဦး/ဒေါ် ----------------- သည် ---------------- ဌာန/ကုမ္ပဏီ/လုပ်ငန်းတွင် ----------------------- အဖြစ် "[၅]ရက်ပေါင်း ၉၀ ထက်မနည်း" အလုပ်လုပ်ကိုင်လျက်ရှိကြောင်း ထောက်ခံပါသည်။

ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး
--------------------- ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

ရက်စွဲ၊ ----------------------------------------

---

(၅) ပဉ္စမအကြိမ် ပြင်ဆင်ထားပါသည်။

ပုံစံ (၁၅)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ**

[နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က)]

ဥက္ကဋ္ဌ

------------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ --------------- သည် ------------- ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ပြင်ပသို့ ရောက်ရှိနေမည်ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့်ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏အမည် -------------------------------------------

(၂) တိုင်းရင်းသားလူမျိုး -------------------------------------------

(၃) မှတ်ပုံတင်အမှတ် -------------------------------------------

(၄) မွေးသက္ကရာဇ် (အသက်) -------------------------------------------

(၅) အဘအမည် -------------------------------------------

(၆) အမိအမည် -------------------------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ-အမှတ် (      ) --------------------- လမ်း/ကျေးရွာ ------------------------------------ ရပ်ကွက်/ကျေးရွာအုပ်စု၊ ------------------ မြို့နယ်၊ -----------------------------တိုင်းဒေသကြီး/ပြည်နယ်

[၅](၈)**တောင်းဆိုသူ ယခုရောက်ရှိနေသည့် ရပ်ကွက်/ကျေးရွာ၊ မြို့နယ်/ဌာန(ပြည်တွင်း) -------------------------------------------

(၉) ***တောင်းဆိုသူ ယခုရောက်ရှိနေသည့် ရပ်ကွက်/ကျေးရွာ၊ မြို့နယ်၊ နိုင်ငံ (ပြည်ပ) -------------------------------------------

--------------------------------------------------------------------------------

[၃](နိုင်ငံအမည်နှင့် မြို့အမည်ကို မြန်မာ သို့မဟုတ် အင်္ဂလိပ်အက္ခရာဖြင့် ရေးသွင်းရန်)

တောင်းဆိုသူ၏လက်မှတ်

ရက်စွဲ၊ ------------------------------------

* တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်းဖြစ်ရမည်။

** ပြည်တွင်းတွင် ရောက်ရှိနေသည့် တောင်းဆိုသူများသာ ဖြည့်သွင်းရမည်။

*** ပြည်ပတွင် ရောက်ရှိနေသည့် တောင်းဆိုသူများသာ ဖြည့်သွင်းရမည်။

---

(၃) တတိယအကြိမ် ပြင်ဆင်ထားပါသည်။

(၅) ပဥ္စမအကြိမ် ပြင်ဆင်ထားပါသည်။

ပုံစံ (၁၆)

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရရှိသောဆန္ဒမဲစာရင်း**
**[နည်းဥပဒေ ၆၆ (င)]**

-----------------------------မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရပ်ကွက်/ကျေးရွာအုပ်စု -----------------------------

မဲရုံအမှတ် ( )

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်းအမည် | ကိုယ်စားပြုသောပါတီ (သို့မဟုတ်) တစ်သီးပုဂ္ဂလ | ရရှိသောဆန္ဒမဲအရေအတွက် | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ဆန္ဒမဲလက်မှတ်ဖြင့် | ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် | စုစုပေါင်း | | |
| | | | | | ဂဏန်းဖြင့် | စာဖြင့် | |
| | | | | | | | “[၅] ၁။ မဲဆန္ဒရှင်များသို့ ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ်” = |
| | | | | | | | ၂။ မဲပုံးထဲမှထုတ်ယူရရှိသည့်ကြိုတင်ဆန္ဒမဲလက်မှတ် = |
| | | | | | | | “[၅] ၃။ ရေတွက်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် ဆန္ဒမဲလက်မှတ်ပေါင်း (ပယ်မဲ၊ ပျောက်မဲမပါ)” = |
| | | | | | | | ၄။ ပယ်မဲပေါင်း = |
| | | | | | | | ၅။ ပျောက်မဲပေါင်း = |
| | | | | | | | (၁+၂ = ၃+၄+၅) |
| | | | | | | | |

**မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။**

| မဲရုံကိုယ်စားလှယ်များလက်မှတ်နှင့်အမည် | အများပြည်သူအသိသက်သေများလက်မှတ်နှင့်အမည် | မဲရုံမှူး/မဲရုံအဖွဲ့ဝင်များလက်မှတ်နှင့်အမည် |
|---|---|---|
| ၁။ ------------------- | ၁။ ------------------- | ၁။ မဲရုံမှူး ------------------- |
| ၂။ ------------------- | ၂။ ------------------- | ၂။ မဲရုံအဖွဲ့ဝင် ------------------- |
| ၃။ ------------------- | ၃။ ------------------- | ၃။ မဲရုံအဖွဲ့ဝင် ------------------- |
| ၄။ ------------------- | ၄။ ------------------- | ၄။ မဲရုံအဖွဲ့ဝင် ------------------- |

ရက်စွဲ၊ -------------------

“[၂] မှတ်ချက်။ ဤပုံစံတွင် လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။”

(၂) ဒုတိယအကြိမ် ပြင်ဆင်ထားပါသည်။
(၃) တတိယအကြိမ် ပြင်ဆင်ထားပါသည်။
(၅) ပဉ္စမအကြိမ် ပြင်ဆင်ထားပါသည်။

သက်သေများစာရင်း

၁။ ဦး/ဒေါ် ---------------------------------------------------------------------------------
၂။ ဦး/ဒေါ် ---------------------------------------------------------------------------------
၃။ ဦး/ဒေါ် ---------------------------------------------------------------------------------
၄။ ဦး/ဒေါ် ---------------------------------------------------------------------------------
၅။ ဦး/ဒေါ် ---------------------------------------------------------------------------------
၆။ ဦး/ဒေါ် ---------------------------------------------------------------------------------
၇။ ဦး/ဒေါ် ---------------------------------------------------------------------------------
၈။ ဦး/ဒေါ် ---------------------------------------------------------------------------------
၉။ ဦး/ဒေါ် ---------------------------------------------------------------------------------
၁၀။ ဦး/ဒေါ် ---------------------------------------------------------------------------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

### အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဥ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဥ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၅ အား အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မဲစာရင်းပြုစုရာတွင် -

(က) ကော်မရှင်ကသတ်မှတ်သော လူဦးရေစာရင်းပုံစံဇယားနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် လူဦးရေ(မသန်စွမ်းသူများ အပါအဝင်) စာရင်းတို့ကို ရယူအခြေခံပြီး ပြုစုရမည်။

(ခ) လိုအပ်ပါက လက်ရှိမဲစာရင်းကို အခြေခံရယူ၍ ပြုစုနိုင်သည်။"

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၁၀ တွင်ပါရှိသော "အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း" ဆိုသည့်စကားရပ်ကို "အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (ခ) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) နည်းဥပဒေခွဲ (က) အရ လျှောက်ထားသည့်အခါ ယင်းတို့သည် မဲဆန္ဒရှင်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ကိုက်ညီပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်၍ မဲစာရင်းတွင် အမည်ထည့်သွင်းရမည်။ သတ်မှတ်သည့်ရက်ထက် ကျော်လွန်လျှောက်ထားလာပါက အရေးယူဆောင်ရွက်ခြင်း မပြုရ။"

၅။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၂) တွင်ပါရှိသော "တစ်မျက်နှာလျှင် ငွေ ၂၅ ကျပ်နှုန်း" ဆိုသည့်စကားရပ်ကို "ကော်မရှင်က သတ်မှတ်ထားသည့်နှုန်းအတိုင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် -

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ (မသန်စွမ်းသူများ အပါအဝင်) လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေး၊ သတ်မှတ်ထားသော မဲပေးချိန်အတွင်း မဲဆန္ဒရှင်များ အားလုံး မဲပေးနိုင်ရေးနှင့် လျှို့ဝှက်ဆန္ဒပြုနိုင်ရေးတို့ကို ရှေးရှု၍ မဲရုံတစ်ရုံစီ၌ ဆန္ဒမဲ ပေးရမည့် ဦးရေနှင့် မဲရုံအရေအတွက်ကို လိုအပ်သလို သတ်မှတ်ပေးနိုင်သည်။ မဲရုံတွင် မသန်စွမ်းသူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိ ရမည်။

(၂) ကော်မရှင်၏ တာဝန်ပေးချက်နှင့်အညီ တပ်မတော်သားများနှင့် ယင်းတို့နှင့်အတူနေထိုင်ကြ သည့် အိမ်ထောင်စုဝင်များနေထိုင်ရာ တပ်ရင်းတပ်ဖွဲ့များအတွက် မဲရုံနေရာသတ်မှတ်ရာ၌ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ မဲဆန္ဒရှင်များနှင့်အတူ ဆန္ဒမဲပေး နိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်မည့် ထိုတပ်ရင်း တပ်ဖွဲ့၏ ပြင်ပသင့်လျော်သည့်နေရာတွင် သတ်မှတ်ပေးရမည်။"

(ခ) အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ (ဆ) ၏ နောက်၌ နည်းဥပဒေခွဲ (ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဇ) ဆန္ဒမပြုမီ အကြောင်းတစ်ခုခုကြောင့် ဆန္ဒမဲလက်မှတ်မတော်တဆ ပျက်စီးခဲ့ပါက ဆန္ဒမဲ လက်မှတ်အသစ် လဲလှယ်ထုတ်ပေးရမည်။ ထိုသို့ ထုတ်ပေးကြောင်းကို မှတ်တမ်းတင် ထားရမည်။"

၇။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၄၈၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေ ခွဲငယ် (၇) တွင်ပါရှိသော "ရွေးကောက်ပွဲလေ့လာသူများ" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၅၁ တွင် -

(က) နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၆) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၆) နည်းဥပဒေခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄) တို့ပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲ ပေးခြင်းကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတို့သည် ကြိုတင်ဆန္ဒမဲပေးသူ၏ လျှို့ဝှက်ဆန္ဒပြုခြင်းကိုမထိခိုက်စေဘဲ လိုက်ပါကြည့်ရှုနိုင်သည်။"

(ခ) နည်းဥပဒေခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲပေးသူများ၏ အမည်စာရင်းကို ယင်းတို့နှင့်သက်ဆိုင်သော မဲစာရင်းများနှင့်ယှဉ်တွဲပြီး ရေးမှတ်ထားရမည်။ ယင်းတို့က ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် စာအိတ်များကို မဲရုံအလိုက် ချိပ်ပိတ်ထားသည့် သက်ဆိုင်ရာ မဲပုံးများအတွင်းသို့ သက်သေများရှေ့တွင် ထည့်သွင်း၍ လုံခြုံစွာ သိမ်းဆည်းထားရမည်။"

(ဂ) နည်းဥပဒေခွဲ (ဇ) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(ဇ) နည်းဥပဒေခွဲ (က) (ဂ) (ဃ) (င) (စ) နှင့် (ဆ) တို့ပါ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတို့သည် ကြိုတင်ဆန္ဒမဲပေးသူ၏ လျှို့ဝှက်ဆန္ဒပြုခြင်းကို မထိခိုက်စေဘဲ လိုက်ပါကြည့်ရှုနိုင်သည်။"

၉။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၃) နှင့် (၄) တို့အား အောက်ပါအတိုင်း အစားထိုးရမည် -

"(၃) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် လက်ခံရရှိသော ပုံစံ (၁၅) များကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲထံ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံများကို ပုံစံ (၁) နှင့် တိုက်ဆိုင်စိစစ်၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကို ပုံစံ (၁-၁) ဖြင့် သီးခြားရေးမှတ်ထားရမည်။ ပုံစံ (၁) တွင်ပါရှိသော ယင်းတို့၏အမည်အောက်တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲပေးမည့်သူများဖြစ်ကြောင်း မှတ်သားရမည်။ ရေးမှတ်ထားသည့် ပုံစံ (၁-၁) မိတ္တူတစ်စောင်ကို မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားပြီး မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁-၁) တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး ကျန်တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။"

"(၄) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိမြို့နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၏ အမည်စာရင်းရရှိရေးအတွက် သက်ဆိုင်ရာတပ်မှူးထံမှ စာဖြင့် တောင်းယူရမည်။ ထိုစာရင်းများရရှိသည့်အခါ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကို ပုံစံ (၁) နှင့် တိုက်ဆိုင်စိစစ်၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၏ စာရင်းကို ပုံစံ (၁-၂) ဖြင့် သီးခြားရေးမှတ်ထားရမည်။ ပုံစံ (၁) တွင် ပါရှိသော ယင်းတို့၏ အမည်အောက်တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲပေးမည့်သူများဖြစ်ကြောင်း မှတ်သားရမည်။ ရေးမှတ်ထားသည့် ပုံစံ (၁-၂) မိတ္တူတစ်စောင်ကို မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားပြီး မိတ္တူနှစ်စောင်ကို မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁-၂) တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး ကျန်တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။"

၁၀။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၅၇၊ နည်းဥပဒေခွဲ (ဂ) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် လက်ခံရရှိသောပုံစံများကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံများကို ပုံစံ (၁) နှင့် တိုက်ဆိုင်စိစစ်၍ ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ များ၏ စာရင်းကို ပုံစံ (၁-၃) ဖြင့် သီးခြားရေးမှတ်ထားရမည်။ ပုံစံ (၁) တွင်ပါရှိသော ယင်းတို့၏ အမည်အောက်တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲပေးမည့်သူများဖြစ်ကြောင်း မှတ်သားရမည်။ ရေးမှတ်ထားသည့် ပုံစံ (၁-၃) မိတ္တူတစ်စောင်ကို မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားပြီး မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁-၃) တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး ကျန်တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။"

၁၁။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၆၀ တွင် -

(က) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် ယင်းတို့နှင့်အတူနေ အိမ်ထောင်စုဝင်များ အတွက်ဖြစ်လျှင် ကော်မရှင်က သတ်မှတ်ပေးသော နေ့ရက်နှင့်အချိန်အတွင်း၌သာ သက်ဆိုင်ရာ တပ်ဖွဲ့၌ တာဝန်အရှိဆုံးပုဂ္ဂိုလ်က စီစဉ်ပေးသည့်နေရာ၌ ယင်းတပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များက ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် မိမိတို့ဆန္ဒပြုလိုသည့်အတိုင်း ရေးသွင်းကာ ယင်းကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာစာအိတ်အသီးသီး၌ ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး ထိုတာဝန်အရှိဆုံးပုဂ္ဂိုလ်ထံသို့ ချက်ချင်းပြန်လည်ပေးအပ်ရမည်။ ထိုတာဝန်အရှိဆုံးပုဂ္ဂိုလ်သည် ယင်းကြိုတင်ဆန္ဒမဲလက်မှတ်ပါရှိသည့် စာအိတ်များကို စုစည်းပြီးသည့်အခါ သက်ဆိုင်ရာ တပ်မှူးထံသို့ ပြန်လည်ပေးပို့ရမည်။"

(ခ) နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၁) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) မဲဆန္ဒနယ်ပြင်ပရောက်ကျောင်းသားများနှင့် သင်တန်းသားများအတွက်ဖြစ်လျှင် ကော်မရှင်က သတ်မှတ်ပေးသော နေ့ရက်နှင့် အချိန်အတွင်း၌သာ သက်ဆိုင်ရာပါမောက္ခချုပ် သို့မဟုတ် ကျောင်းအုပ်ကြီးက စီစဉ်ပေးသည့် နေရာ၌ ယင်းကျောင်းသားများ သို့မဟုတ် သင်တန်းသားများက ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် မိမိတို့ဆန္ဒပြုလိုသည့်အတိုင်း ရေးသွင်းကာ ယင်းကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာစာအိတ်အသီးသီး၌ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး ထိုပါမောက္ခချုပ် သို့မဟုတ် ကျောင်းအုပ်ကြီးထံသို့ ချက်ချင်းပြန်လည် ပေးအပ်ရမည်။"

(ဂ) နည်းဥပဒေခွဲ (ဂ) ခြေဆင်းအား အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) မဲဆန္ဒနယ်ပြင်ပရောက် ဆေးရုံသို့ တက်ရောက်နေရသော အတွင်းလူနာများနှင့်ပတ်သက်၍ ကြိုတင်ဆန္ဒမဲလက်မှတ်များကို လက်ခံရရှိသောအခါ သက်ဆိုင်ရာဆေးရုံတာဝန်ခံသည် ကော်မရှင်က သတ်မှတ်ပေးသောနေ့ရက်နှင့်အချိန်အတွင်း၌သာ အောက်ပါနည်းလမ်းများ အတိုင်း ဆောင်ရွက်ရမည် -"

၁၂။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၆၇၊ နည်းဥပဒေခွဲ (က) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီအထိ မိမိလက်ဝယ်ရရှိထားသည့်ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူများ ရှေ့မှောက်တွင် ပုံစံ (၁-၁)၊ (၁-၂) နှင့် (၁-၃) တို့ဖြင့် တိုက်ဆိုင်စိစစ်၍ ရေတွက်ပြီး လွှတ်တော် ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၈) တွင် ဖြည့်သွင်းရမည်။ ပယ်သည့်ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့်စပ်လျဉ်း၍ ပယ်သည့်အကြောင်းကို သတ်မှတ်ထားသည့် ပုံစံ (၁၇-က) တွင် မှတ်တမ်းတင်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးက လက်မှတ်ရေးထိုးထားရမည်။ ယင်းပုံစံ (၁၈) တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ် စေလွှတ်ဆောင်ရွက်ရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်စေရမည်။"

၁၃။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၈၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၆။ (က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်၏ရွေးကောက်ပွဲမှတ်တမ်းအား သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးထံသို့ပေးပို့ပြီး မိတ္တူတစ်စောင်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးထံသို့ ပေးပို့ရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် မိမိတို့လက်ခံရရှိသော မဲစာရင်းများအပါအဝင် ရွေးကောက်ပွဲမှတ်တမ်းများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ကုန်ကျစရိတ်စာရင်းများ၊ အခြားစာရွက်စာတမ်းများကို ရွေးကောက်ပွဲပြီးသည့်နေ့မှစ၍ နောက်တစ်ကြိမ် အထွေထွေရွေးကောက်ပွဲပြုလုပ်ပြီးစီးသည်အထိ မပျောက်မပျက်စေရန် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရမည်။"

၁၄။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၁၀၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၆။ ကော်မရှင်သည် -

(က) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းရန်နှင့် ရွေးကောက်ပွဲကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် စေ့စပ်ညှိနှိုင်းရေးကော်မတီများကို ရွေးကောက်ပွဲတွင် ပါဝင်သက်ဆိုင်သူများနှင့် ညှိနှိုင်း၍ လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

(ခ) ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေအရ ကျင်းပပြီးစီးခဲ့သော အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးစီးမှုအခြေအနေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ရွေးကောက်ပွဲ ကျင်းပပြီးသည့်နေ့မှ ၄၅ ရက်အတွင်း အစီရင်ခံစာ ထုတ်ပြန်ကြေညာရမည်။"

၁၅။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ ပုံစံ (၃-က) တွင် ပါရှိသော "ရက်ပေါင်း ၁၈၀ ထက်မနည်း" ဆိုသည့်စကားရပ်ကို "ရက်ပေါင်း ၉၀ ထက်မနည်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ နည်းဥပဒေပါ ပုံစံ (၁၅) နှင့် ပုံစံ (၁၆) တို့အား ပူးတွဲပါအတိုင်း အစားထိုးရမည်။

၁၇။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ ပုံစံ (၁၉-က) တွင် ပါရှိသော "မဲဆန္ဒနယ်တစ်နယ်တွင် ခရိုင်တစ်ခုထက် ပိုမိုပါဝင်ပါက အသုံးပြုမည့်ပုံစံ" ဆိုသည့်စကားရပ်ကို "မဲဆန္ဒနယ်တစ်နယ်တွင် ခရိုင်တစ်ခုအတွင်းသာ ပါဝင်ပါက အသုံးပြုမည့်ပုံစံ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပုံစံ (၃-က)

## လွှတ်တော်ရွေးကောက်ပွဲများ မဲစာရင်းတွင် ထည့်သွင်းပေးပါရန် တောင်းဆိုလွှာ

[နည်းဥပဒေ ၁၀ (က)]

သို့

ဥက္ကဋ္ဌ

------------------------- ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

----------------------------- မြို့နယ်

| | | |
|---|---|---|
| (၁) | တောင်းဆိုသူအမည် | ------------------------------------------ |
| (၂) | ကျား/မ | ------------------------------------------ |
| (၃) | မွေးသက္ကရာဇ် | ------------------------------ အသက် (   ) |
| (၄) | မှတ်ပုံတင်အမှတ် | ------------------------------------------ |
| (၅) | အဘအမည် | ------------------------------------------ |
| (၆) | အမိအမည် | ------------------------------------------ |
| (၇) | လက်ရှိနေရပ်လိပ်စာ | ------------------------------------------ |
| (၈) | အလုပ်အကိုင် | ------------------------------------------ |
| (၉) | လက်ရှိလုပ်ကိုင်နေသော ကုမ္ပဏီ/လုပ်ငန်းအမည် | ------------------------------------------ |
| (၁၀) | အမြဲတမ်းနေရပ်လိပ်စာ | ------------------------------------------ |
| (၁၁) | အမြဲတမ်းနေရပ်၏ ရပ်ကွက်/ကျေးရွာအုပ်စုအမည် | ------------------------------------------ ------------------------------------------ |
| (၁၂) | အမြဲတမ်းနေရပ်၏မြို့နယ်အမည် | ------------------------------------------ |
| (၁၃) | အမြဲတမ်းနေရပ်၏မြို့အမည် | ------------------------------------------ |

တောင်းဆိုသူသည် မြန်မာနိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဖြစ်ပြီး မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ပါသည်။ တောင်းဆိုသူသည် အထောက်အထားအဖြစ် အောက်ပါ စာရွက်စာတမ်းများ သို့မဟုတ် သက်သေများကို တင်ပြပါသည် -

----------------------------------------------------------------------------------

----------------------------------------------------------------------------------

----------------------------------------------------------------------------------

(၃) တတိယအကြိမ် ပြင်ဆင်ထားပါသည်။

(၄) စတုတ္ထအကြိမ် ပြင်ဆင်ထားပါသည်။

## ဝန်ခံချက်

အထက်ပါအချက်များအားလုံးမှန်ကန်ပါသည်။ တောင်းဆိုသူသည် မည်သည့်အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင်မျှပါဝင်ရန် တောင်းဆိုထားခြင်း မရှိပါ။

တောင်းဆိုသူ၏ လက်မှတ် သို့မဟုတ်
လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ ----------------------------------------

## လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင် ကိုယ်စားလှယ်၏ ထောက်ခံချက်

အထက်ပါလျှောက်ထားသူ ဦး/ဒေါ် ---------------- သည် မိမိတို့ဌာန/ကုမ္ပဏီ/လုပ်ငန်းတွင် (အလုပ်အကိုင်) ----------------------- အဖြစ် "(၅)ရက်ပေါင်း ၉၀ ထက်မနည်း" လုပ်ကိုင်လျက်ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ထောက်ခံပါသည်။

ဌာနတာဝန်ခံ သို့မဟုတ်
လုပ်ငန်းရှင်/လုပ်ငန်းရှင်ကိုယ်စားလှယ်၏လက်မှတ်

ရက်စွဲ၊ ------------------------------------------

မှတ်ချက်။ အခြားပုဂ္ဂိုလ်များအတွက်ဖြစ်လျှင် ဌာနတာဝန်ခံ သို့မဟုတ် လုပ်ငန်းရှင်/လုပ်ငန်းရှင် ကိုယ်စားလှယ်၏ ထောက်ခံချက် ဖြည့်စွက်ရန်မလို။

## ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်

လျှောက်ထားသူ ဦး/ဒေါ် ---------------- သည် ---------------- ဌာန/ကုမ္ပဏီ/လုပ်ငန်းတွင် (အလုပ်အကိုင်) --------------------------- အဖြစ် "(၅)ရက်ပေါင်း ၉၀ ထက်မနည်း" အလုပ်လုပ်ကိုင်လျက် ရှိကြောင်း ထောက်ခံပါသည်။

ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး
-------------------- ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

ရက်စွဲ၊ ------------------------------------------

(၅) ပဉ္စမအကြိမ် ပြင်ဆင်ထားပါသည်။

ပုံစံ (၁၅)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ**

[နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က)]

ဥက္ကဋ္ဌ

------------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ --------------- သည် ------------- ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ပြင်ပသို့ ရောက်ရှိနေမည်ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအား ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့်ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏အမည် -------------------------------------------

(၂) တိုင်းရင်းသားလူမျိုး -------------------------------------------

(၃) မှတ်ပုံတင်အမှတ် -------------------------------------------

(၄) မွေးသက္ကရာဇ် (အသက်) -------------------------------------------

(၅) အဘအမည် -------------------------------------------

(၆) အမိအမည် -------------------------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ-အမှတ် (      ) --------------------- လမ်း/ကျေးရွာ ------------------------------------ ရပ်ကွက်/ကျေးရွာအုပ်စု၊ ------------------ မြို့နယ်၊ -----------------------------တိုင်းဒေသကြီး/ပြည်နယ်

(၅) (၈) **တောင်းဆိုသူ ယခုရောက်ရှိနေသည့် ရပ်ကွက်/ကျေးရွာ၊ မြို့နယ်/ဌာန(ပြည်တွင်း) -------------------------------------------

(၉) ***တောင်းဆိုသူ ယခုရောက်ရှိနေသည့် ရပ်ကွက်/ကျေးရွာ၊ မြို့နယ်၊ နိုင်ငံ (ပြည်ပ) -------------------------------------------
----------------------------------------------------------------------------------

(၃) (နိုင်ငံအမည်နှင့် မြို့အမည်ကို မြန်မာ သို့မဟုတ် အင်္ဂလိပ် အက္ခရာဖြင့် ရေးသွင်းရန်)

တောင်းဆိုသူ၏လက်မှတ်

ရက်စွဲ၊ ------------------------------------

* တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်း ဖြစ်ရမည်။

** ပြည်တွင်းတွင်ရောက်ရှိနေသည့် တောင်းဆိုသူများသာ ဖြည့်သွင်းရမည်။

*** ပြည်ပတွင် ရောက်ရှိနေသည့် တောင်းဆိုသူများသာ ဖြည့်သွင်းရမည်။

---

(၃) တတိယအကြိမ် ပြင်ဆင်ထားပါသည်။

(၅) ပဉ္စမအကြိမ် ပြင်ဆင်ထားပါသည်။

ပုံစံ (၁၆)

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ**

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသော ဆန္ဒမဲစာရင်း**

**[နည်းဥပဒေ ၆၆ (င)]**

အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (      )　　　　မြို့နယ် ----------------------------------------

----------------------တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်　　　　ရပ်ကွက်/ကျေးရွာအုပ်စု ------------------ မဲရုံအမှတ် (      )

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်းအမည် | ကိုယ်စားပြုသောပါတီ (သို့မဟုတ်) တစ်သီးပုဂ္ဂလ | ရရှိသောဆန္ဒမဲအရေအတွက် | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ဆန္ဒမဲလက်မှတ်ဖြင့် | ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် | စုစုပေါင်း | | |
| | | | | | ဂဏန်းဖြင့် | စာဖြင့် | |
| | | | | | | | “[5] ၁။ မဲဆန္ဒရှင်များသို့ ထုတ်ပေးသည့်ဆန္ဒမဲလက်မှတ်” = |
| | | | | | | | ၂။ မဲပုံးထဲမှထုတ်ယူရရှိသည့်ကြိုတင်ဆန္ဒမဲလက်မှတ် = |
| | | | | | | | “[5] ၃။ ရေတွက်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် = |
| | | | | | | | ဆန္ဒမဲလက်မှတ်ပေါင်း (ပယ်မဲ၊ ပျောက်မဲမပါ)” |
| | | | | | | | ၄။ ပယ်မဲပေါင်း = |
| | | | | | | | ၅။ ပျောက်မဲပေါင်း = |
| | | | | | | | (၁+၂ = ၃+၄+၅) |

**မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။**

| မဲရုံကိုယ်စားလှယ်များလက်မှတ်နှင့်အမည် | အများပြည်သူအသိသက်သေများလက်မှတ်နှင့်အမည် | မဲရုံမှူး/မဲရုံအဖွဲ့ဝင်များလက်မှတ်နှင့်အမည် |
|---|---|---|
| ၁။ ---------------------------- | ၁။ ---------------------------- | ၁။ မဲရုံမှူး ---------------------- |
| ၂။ ---------------------------- | ၂။ ---------------------------- | ၂။ မဲရုံအဖွဲ့ဝင် ------------------ |
| ၃။ ---------------------------- | ၃။ ---------------------------- | ၃။ မဲရုံအဖွဲ့ဝင် ------------------ |
| ၄။ ---------------------------- | ၄။ ---------------------------- | ၄။ မဲရုံအဖွဲ့ဝင် ------------------ |

ရက်စွဲ၊ ----------------------------------

“[2] မှတ်ချက်။　ဤပုံစံတွင် လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။”

---

(၂) ဒုတိယအကြိမ် ပြင်ဆင်ထားပါသည်။

(၃) တတိယအကြိမ် ပြင်ဆင်ထားပါသည်။

(၅) ပဉ္စမအကြိမ် ပြင်ဆင်ထားပါသည်။

သက်သေများစာရင်း

၁။ ဦး/ဒေါ် ------------------------------------------------------------------------

၂။ ဦး/ဒေါ် ------------------------------------------------------------------------

၃။ ဦး/ဒေါ် ------------------------------------------------------------------------

၄။ ဦး/ဒေါ် ------------------------------------------------------------------------

၅။ ဦး/ဒေါ် ------------------------------------------------------------------------

၆။ ဦး/ဒေါ် ------------------------------------------------------------------------

၇။ ဦး/ဒေါ် ------------------------------------------------------------------------

၈။ ဦး/ဒေါ် ------------------------------------------------------------------------

၉။ ဦး/ဒေါ် ------------------------------------------------------------------------

၁၀။ ဦး/ဒေါ် ------------------------------------------------------------------------

**[ ဆက်လက်ဖော်ပြပါမည်။ ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ခရီးသွားလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/ ၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

**ပဲခူးတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင်**

**အဖွဲ့ဝင်အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁/ ၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင် **အစား** တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်ဦး အားလည်းကောင်း၊ အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးတင်ထူးမောင် **အစား** ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ညွှန်ကြားရေးမှူး ဦးအောင်ဟိန်းကျော် အားလည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်း လိုက်သည်။

ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ခရီးသွားလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/ ၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

**မန္တလေးတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင်**

**အဖွဲ့ဝင်အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅/ ၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သည့် မန္တလေးတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင် ခေတ္တ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုး **အစား** တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးမြင့်လွင် အား

လည်းကောင်း၊ အဖွဲ့ဝင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦး **အစား** တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီ ရဲမှူးချုပ်စိန်လွင် အားလည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ခရီးသွားလုပ်ငန်းကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

**မွန်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင်**
**ဒုတိယဥက္ကဋ္ဌအစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သည့် မွန်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင် ဒုတိယဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီး ဦးဝဏ္ဏကျော် **အစား** လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန၊ ဝန်ကြီး ဦးထွန်းမင်းအောင် ကို အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ခရီးသွားလုပ်ငန်းကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

**မကွေးတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင်**
**ဒုတိယဥက္ကဋ္ဌအစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သည့် မကွေးတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင် ဒုတိယဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးဇော်မင်း **အစား** လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီးဌာန၊ ဝန်ကြီး ဦးမြင့်အောင် ကို အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားအပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၂၉၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

**အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီဖွဲ့စည်းခြင်း**

၁။ အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီသည် အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မ ၄၄၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော

လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (တိုင်းဒေသကြီး/ပြည်နယ်)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>စပါးနှင့် အခြားနှံစားသီးနှံဌာနခွဲ<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>ဆီထွက်နှင့် ပဲမျိုးစုံသီးနှံဌာနခွဲ<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>စက်မှုသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဌာနခွဲ<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ဇီဝနည်းပညာ၊ မျိုးစေ့ဘဏ်နှင့် သီးနှံကာကွယ်ရေးဌာနခွဲ<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (စျ) | ညွှန်ကြားရေးမှူး<br>ဝါနှင့် ပိုးချည်ပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>ရော်ဘာနှင့် ကော်ဖီသီးနှံနည်းပညာပေးရေးနှင့်<br>နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး<br>နှစ်ရှည်ပင်များပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပါမောက္ခ<br>အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မဗေဒနှင့် ဂေဟဗေဒဌာန<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဍ) | ပါမောက္ခ<br>ဥယျာဉ်ခြံသီးနှံနှင့် စိုက်ပျိုးဇီဝနည်းပညာဌာန<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ပ) | ညွှန်ကြားရေးမှူး<br>မျိုးစေ့ဌာနခွဲ<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဏ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဥယျာဉ်/ဇီဝဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

(တ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သစ်တောသုတေသနဌာန
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဖွံ့ဖြိုးရေးသုတေသနဌာနခွဲ
ငါးလုပ်ငန်းဦးစီးဌာန

( ဒ ) ပြင်ပကျွမ်းကျင်ပညာရှင်တစ်ဦး — အဖွဲ့ဝင်
အပင်မျိုးမွေးမြူသူတစ်ဦး (ကိုယ်ပိုင်/ကုမ္ပဏီလုပ်ငန်း)

( ဓ ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
စိုက်ပျိုးရေးသုတေသနဦးစီးဌာန

( န ) သုတေသနအရာရှိ — တွဲဖက်အတွင်းရေးမှူး
အပင်မျိုးသစ်အကာအကွယ်ပေးရေးဌာနစု
စိုက်ပျိုးရေးသုတေသနဦးစီးဌာန

၂။ အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ၏ တာဝန်ပေးချက်အရ အသိအမှတ်ပြုလက်မှတ်ရရှိရန် လျှောက်ထားလာသောအပင်မျိုးသစ်ကို အောက်ပါအချက်များပေါ်တွင် အခြေခံ၍ စစ်ဆေးပြီးစိစစ်တွေ့ရှိချက်များကို စာတမ်းပြုစု၍ သဘောထားမှတ်ချက်နှင့်အတူ အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီသို့ တင်ပြရမည်။

(၁) ကာကွယ်သည့်အခွင့်အရေးရရှိရန် လျှောက်ထားလာသောအပင်မျိုးသစ်သည် ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များအတိုင်း မျိုးအသစ် ဟုတ် မဟုတ်၊

(၂) အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် အများလက်ခံသိရှိထားသည့် အခြားမည်သည့်မျိုးများနှင့်မဆို သိသာစွာကွဲပြားခြားနားသည့် ထူးခြားသောလက္ခဏာ ရှိ မရှိ၊

(၃) အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသောအပင်မျိုးသည် စိုက်ပျိုးထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်နိုင်သည့်ကွဲလွဲချက်များမှအပ ကျန်ထူးခြားသည့်လက္ခဏာများကို ညီညာစွာဖော်ပြနိုင်ခြင်း ရှိ မရှိ၊

(၄) အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသောအပင်မျိုးသည် သားဆက်အဆင့်ဆင့် မျိုးပွားရာတွင် ယင်း၏ထူးခြားသောသွင်ပြင်လက္ခဏာများကို တည်ငြိမ်စွာဖော်ပြနိုင်ခြင်း ရှိ မရှိနှင့်

(၅) အပင်မျိုးသစ်ကို အမည်ပေးရာတွင် သတ်မှတ်ချက်များနှင့်အညီ အမည်ပေးခြင်း ရှိ မရှိ နှင့် အပင်မျိုးသစ်သည် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်နိုင်ခြင်း ရှိ မရှိတို့ကို စစ်ဆေးရမည်။

( ခ ) အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ အတည်ပြုပြီးသော အပင်မျိုးသစ်များကို မျိုးမှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး အများပြည်သူသိရှိနိုင်ရန် အခါအားလျော်စွာထုတ်ပြန်ကြေညာပေးရမည်။

(ဂ) အပင်မျိုးသစ် ဟုတ် မဟုတ် စစ်ဆေးရာတွင် အသုံးပြုသည့်လမ်းညွှန်စာအုပ် (Test Guide Line) များတွင် ပါဝင်သည့် သီးနှံအရည်အချင်းလက္ခဏာများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ မျိုးသစ် ဟုတ် မဟုတ် စစ်ဆေးသည့် စမ်းသပ်ကွက်ဆိုင်ရာ နည်းပညာများကို အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ် အကာအကွယ်ပေးရေးအဖွဲ့ဝင်နိုင်ငံများနှင့်ညှိနှိုင်း၍ အကောင်အထည်ဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ဃ) အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်သည့်မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရှိရမည်။

ဥက္ကဋ္ဌ
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားပညာရေးမူဝါဒကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၉)**

ရန်ကုန်မြို့၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

**အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်တည်ထောင်ခွင့်ရရှိရန် စိစစ်ရေးနှင့် မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

အမျိုးသားပညာရေးဥပဒေပုဒ်မ ၆ (ခ) အရ အမျိုးသားပညာရေးရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သောအဆင့်မြင့်ပညာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်းများဆိုင်ရာ လုပ်ငန်းများအတွက် အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်တည်ထောင်ခွင့်ရရှိရန် စိစစ်ရေးနှင့် မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁။ | ဒေါက်တာသိန်းဝင်း | ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| ၂။ | ဒေါက်တာနေဝင်းဦး | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန | ဒုတိယအဖွဲ့ခေါင်းဆောင် (၁) |
| ၃။ | ဒေါက်တာခင်မာရီ | အဖွဲ့ဝင်၊ အမျိုးသားပညာရေးမူဝါဒ ကော်မရှင် | ဒုတိယအဖွဲ့ခေါင်းဆောင် (၂) |
| ၄။ | ဒေါက်တာသန်းသန်းဝင်း | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန | ဒုတိယအဖွဲ့ခေါင်းဆောင် (၃) |
| ၅။ | ဦးသောင်းထိုက် | ညွှန်ကြားရေးမှူး၊ အင်ဂျင်နီယာဌာန၊ ပါမောက္ခချုပ်များကော်မတီ | အဖွဲ့ဝင် |
| ၆။ | ဒေါ်အေးအေးမိုး | ဒုတိယညွှန်ကြားရေးမှူး၊ မူဝါဒဌာန၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် | အဖွဲ့ဝင် |
| ၇။ | ဒေါ်နီနီဝင်း | ဒုတိယညွှန်ကြားရေးမှူး၊ စီမံရေးရာဌာန၊ ပါမောက္ခချုပ်များကော်မတီ | အတွင်းရေးမှူး |
| ၈။ | ဦးစိုးဝင်း | လက်ထောက်ညွှန်ကြားရေးမှူး၊ စီမံကိန်းစာရင်းအင်းနှင့် ကွန်ပျူတာဌာနခွဲ၊ ပါမောက္ခချုပ်များကော်မတီ | တွဲဖက်အတွင်းရေးမှူး |

**ရည်ရွယ်ချက်**

အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများကို အမျိုးသားပညာရေးဥပဒေပါရည်မှန်းချက်များ၊ ပညာရေးဆိုင်ရာမူဝါဒများ၊ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်တည်ထောင်နိုင်ရေး လိုအပ်သည့်အချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိနိုင်ရန်။

**လုပ်ငန်းတာဝန်များ**

၁။ မှတ်ပုံတင်ခွင့်လျှောက်လွှာတင်ပြလာသည့် ပုဂ္ဂလိကကျောင်းများကို အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများ လုပ်ငန်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးဦးစီးကော်မတီနှင့် ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသောအချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ဆောင်ရွက်၍ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ရမည်။

၂။ မှတ်ပုံတင်ခွင့်လျှောက်လွှာများ လက်ခံခြင်း၊ စိစစ်ခြင်း၊ အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းများ လုပ်ငန်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးဦးစီးကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊ သက်ဆိုင်ရာပုဂ္ဂလိကကျောင်းများသို့ အကြောင်းပြန်ကြားခြင်းများ လုပ်ဆောင်ရမည်။

၃။ အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများ လုပ်ငန်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးဦးစီးကော်မတီမှ သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ကောက်ခံရမည်။

ဒေါက်တာမျိုးသြွယ်
ဥက္ကဋ္ဌ
အမျိုးသားပညာရေးမူဝါဒကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

အမှတ် ၆၆၀/၂၀၁၉ ။ ။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၉) ၏ သဘောတူညီချက်အရ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်း အား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ အစပြု၍ ထိုရာထူးနေရာတွင်ပင် ဆဋ္ဌမအကြိမ် တစ်နှစ်ဆက်လက်ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

အမှတ် ၆၆၂/၂၀၁၉ ။ ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၉) ၏ သဘောတူညီချက်အရ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးထင်လင်း အား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့မှ အစပြု၍ ထိုရာထူးနေရာတွင်ပင် တတိယအကြိမ် တစ်နှစ်ဆက်လက်ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၆၉၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၁၁/၂၀၁၉ နှင့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၃၇/၂၀၁၉ ဖြင့် ဖွဲ့စည်းသည့် နိုင်ငံခြားရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruptio Prevention Unit-CPU) အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့**

| **ယခင်ဥက္ကဋ္ဌ** | **ပြန်လည်ပြင်ဆင်ဖွဲ့စည်းသည့်ဥက္ကဋ္ဌ** |
|---|---|
| ဦးအောင်ကျော်ဇံ<br>ညွှန်ကြားရေးမှူးချုပ် | ဦးစိုးကိုကို<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>၀၆၇-၄၁၂၃၃၅ |

**ဌာနဆိုင်ရာစစ်ဆေးမှု (DE) အဖွဲ့ (၁)၊ အဖွဲ့ဝင်**

| **ယခင်အဖွဲ့ဝင်** | **ပြန်လည်ပြင်ဆင်ဖွဲ့စည်းသည့်အဖွဲ့ဝင်** |
|---|---|
| ဒေါ်ဆွေမာလှိုင်<br>လက်ထောက်ညွှန်ကြားရေးမှူး | ဦးရဲမြင့်အောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>၀၆၇-၄၁၂၃၅၁<br>gabriel.hn.cca@gmail.com |

**ဌာနဆိုင်ရာစစ်ဆေးမှု (DE) အဖွဲ့ (၂)၊ အဖွဲ့ဝင်**

| **ယခင်အဖွဲ့ဝင်** | **ယခုအဖွဲ့ဝင်** |
|---|---|
| ဒေါ်သန္တာပပဝင်း<br>ဌာနခွဲစာရေး | ဒေါ်ဝေမွန်ကျော်<br>ဌာနခွဲစာရေး<br>၀၆၇-၄၁၂၃၅၄<br>waimkyaw@gmail.com |

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)၊
(စိုးဟန်၊ အမြဲတမ်းအတွင်းဝန်)၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၈၁/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ နည်းပညာဌာနမှ ဌာနမှူး ရဲ ၁၉၂၈ ယာယီရဲမှူးကြီး အောင်နေမျိုး အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှ စ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၀၉/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူးကြီး (၃) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါနေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည် -

| | | |
|---|---|---|
| (၁) | ရဲ ၁၉၃၂ ယာယီရဲမှူးကြီး အောင်ဘုန်းကျော်<br>ကွပ်ကဲမှုအဖွဲ့ခွဲမှူး (နေပြည်တော်)<br>လေကြောင်းရဲတပ်ဖွဲ့ | ၁၀-၁၀-၂၀၁၉ |
| (၂) | ရဲ ၁၉၃၃ ယာယီရဲမှူးကြီး ဘုန်းမြင့်မော်<br>ဒုတိယတပ်ဖွဲ့မှူး<br>ရထားရဲတပ်ဖွဲ့ | ၁၀-၁၀-၂၀၁၉ |
| (၃) | ရဲ ၂၀၈၁ ယာယီရဲမှူးကြီး အောင်သက်နိုင်<br>ဒုတိယတပ်ဖွဲ့မှူး<br>တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၁၃-၁၀-၂၀၁၉ |

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နယ်စပ်ရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းရေးရာဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှသိန်း အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန် ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး ရုံးချုပ် (လုပ်ငန်းဌာန-၂) သို့ ပြောင်းရွှေ့ တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဒေါက်တာမိုးမိုး အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၉ တို့၏ ခွင့်ပြုချက်အရ အမှတ် (၅၀၁) ခြေမြန်တပ်ရင်းမှ ကြည်း ၆၁၆၆၆ ဗိုလ်ကြီးသိန်းထွန်းကျော် အား ရောက်ရှိသတင်းပို့သည့်နေ့မှစ၍ နယ်စပ်ရေးရာဝန်ကြီးဌာန အင်အားတိုးယူပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် တာဝန်ထမ်းဆောင်စေလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နယ်စပ်ရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်)

အမှတ် ၁၂၅ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃)၊ (၂၄) အရလည်းကောင်း၊ ဗီဒီယိုလုပ်ငန်းများစိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော ရခိုင်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**ရခိုင်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးစိုင်းသော်ဝင်း — ဥက္ကဋ္ဌ
ပြည်နယ်အုပ်ချုပ်ရေးမှူး
ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ရဲမှူးကြီးကျော်ထွန်း — အဖွဲ့ဝင်
ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး
ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဦးမြင့်နိုင် — အဖွဲ့ဝင်
ပြည်နယ်အခွန်ဦးစီးဌာနမှူး
ရခိုင်ပြည်နယ်အခွန်များဦးစီးဌာန

(ဃ) ဦးဇော်လွင်ဦး — အဖွဲ့ဝင်
ပြည်နယ်မန်နေဂျာ
ရခိုင်ပြည်နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(င) ဦးမောင်မောင် — အဖွဲ့ဝင်
ပြည်နယ်ဦးစီးမှူး
ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(စ) ဦးသိန်းကျော် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ရခိုင်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

(ဆ) ဦးကျော်စိန် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၃၂၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ မြောက်ပိုင်းရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၃၈၇/ငပုတောတောင်ကွင်း)၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (၃၄၃/၂)၊ **မြေဧရိယာ ၀. ၀၅၉ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၃၉၀/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၀၅၉ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၃၂၂/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ ၁၈-ဘုရားချောင်း (မြရတနာ) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၂၇၆-က/တဇင်ကုန်းကြီးကွင်း)၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (ဃ/၁)၊ **မြေဧရိယာ ၀. ၁၃ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၀၁/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၁၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၃၂၃/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန် မရှိသဖြင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ အုတ်ဖို (၁) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၃၄-အုတ်ဖိုရပ်ကွင်း)၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (၁၅၃ᶜ)၊ **မြေဧရိယာ ၀. ၁၅၆ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၂၅/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၁၅၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၃၂၄/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန် မရှိသဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ ညောင်ပင်ဈေးရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၆၈၃/တတောင်ကွေ့ကွင်း)၊ မြေအမျိုးအစား-ဥယျာဉ်မြေ၊ ဦးပိုင်အမှတ် (၂၄၃)၊ **မြေဧရိယာ ၁. ၉၄ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၀၅/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၉၄ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၃၂၅/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန် မရှိသဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အုပ္ပံ့ရေကျော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၄၃၆-B/ဦးတိုကွင်း)၊ မြေအမျိုးအစား-ဓနိ၊ ဦးပိုင်အမှတ် (၃၁)၊ **မြေဧရိယာ ၀. ၄၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၀၄/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၄၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၃၂၆/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန် မရှိသဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အုပ္ပံ့ရေကျော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၄၃၆-B/ဦးတိုကွင်း)၊ မြေအမျိုးအစား-ဓနိ၊ ဦးပိုင်အမှတ် (၂၉)၊ **မြေဧရိယာ ၀. ၂၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၀၂/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၂၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၃၂၇/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ နိဗ္ဗာန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆/နိဗ္ဗာန်မြောက်ကွင်း)၊ မြေအမျိုးအစား-ဂရန်မြေ၊ ဦးပိုင်အမှတ် (၆၂)၊ **မြေဧရိယာ ၀. ၀၉၅ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၁၁/၁-ကော်မတီ/ မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၀၉၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၃၂၈/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (C ရပ်ကွက်၊ မြို့မ)၊ မြေအမျိုးအစား-အိမ်ရာမြေ၊ ဦးပိုင်အမှတ် (၁၆)၊ **မြေဧရိယာ ၀. ၄၈၇ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၃၉၁/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၄၈၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၃၂၉/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ အမှတ် (၂၃)၊ ကွယ်လွယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၀၆-က/ကွယ်လွယ်ကွင်း)၊ မြေအမျိုးအစား-G၊ ဦးပိုင်အမှတ် (၁၇၁)၊ **မြေဧရိယာ ၀. ၇၉ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၀၉/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၇၉ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၃၃၀/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲ ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၉ᶜ/ဆင်မြီးဆွဲမီးရထားမြို့မြေအနောက်ကွင်း)၊ မြေအမျိုးအစား-L၊ ဦးပိုင်အမှတ် (၁၄ᵃ/မှ)၊ **မြေဧရိယာ ၀. ၅၁၉ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၂၄/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၅၁၉ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၃၃၁/၂၀၁၉)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်စွဲပါ မြေသိမ်းအမိန့်ကြော်ငြာစာ၊ ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ မြေလွှဲအမိန့်ကြော်ငြာစာ၊ ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်စွဲပါ မြေလွှဲအမိန့်ကြော်ငြာစာနှင့် ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ မြေလွှဲအမိန့်ကြော်ငြာစာတို့ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သည့် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ မကြီးကန်ကျေးရွာအုပ်စုနှင့် မယ်လှတောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၆၆၀/၂၈၇၂/ မကျီးချောင်းကွင်း၊ ၁၆၆၀/၂၈၆၈/အိုင်မကြီးကွင်း၊ ၁၆၅၉/မယ်လှတောင်ကွင်း၊ ၁၆၆၀/၂၈၇၃/ တောင်တလားအိုင့်ကွင်း၊ ဦးပိုင်ပေါင်း (၈၆) ခု၊ မြေအမျိုးအစား- (ယာမြေ၊ OA)၊ **စုစုပေါင်းမြေဧရိယာ ၁၃၉၃. ၉၆ ဧကအနက်မှ မြေဧရိယာ ၅၀၁. ၆၀ ဧက** ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် မူလပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ရန် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၁၃/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ကာကွယ်ရေးဝန်ကြီးဌာန [ယခင်-အမှတ် (၄) တင့်ကားတပ်ရင်း] [ယခု-အမှတ် (၅၀၁၃) တင့်ကား တပ်ရင်း] က စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၅၀၁. ၆၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

၃။ ပြည်ထဲရေးဝန်ကြီးဌာန၏ မြေသိမ်း/မြေလွှဲအမိန့်ကြော်ငြာစာများဖြင့် လွှဲပြောင်းပေးခဲ့သော **မြေဧရိယာ ၁၃၉၃. ၉၆ ဧက**အနက် ပြန်လည်စွန့်လွှတ်ပြီး **ကျန်မြေဧရိယာ ၈၉၂. ၃၆ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၅၀၁၃) တင့်ကားတပ်ရင်းမြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

၄။ ကာကွယ်ရေးဝန်ကြီးဌာနမြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်သည့် **မြေဧရိယာ ၈၉၂. ၃၆ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာနမှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၃၂/၂၀၁၉)

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ ထူးကြီးမြို့ စုပေါင်းရုံးနှင့် မြို့နယ် အုပ်ချုပ်ရေးမှူးနေအိမ်ဆောက်လုပ်ရန်အတွက် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁/ထူးကြီးမြို့ မီးရထားမြို့ကွက်ကွင်း)၊ မြေအမျိုးအစား-မီးရထားမြေ၊ ဦးပိုင်အမှတ် (-) ရှိ **မြေဧရိယာ ၀. ၅၇၅ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ

၁၃ ရက်စွဲပါ စာအမှတ်၊ ၄၁၂/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၅၇၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၃၃၃/၂၀၁၉)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကျောက်တံခါးမြို့နယ်၊ ဝွေးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၄၈-ခ/ကညင်ငုတ္တို စားကျက်ကွင်း)၊ မြေအမျိုးအစား-စားကျက်မြေပယ်ဖျက်ခွင့် ရရှိထားသောမြေ၊ ဦးပိုင်အမှတ် (၄၉) ရှိ **မြေဧရိယာ ၂၀. ၀၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၂၈/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂၀. ၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၃၃၄/၂၀၁၉)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အောင်လံမြို့နယ်၊ စက်ရုံစုရပ်ကွက်၊ ကွင်းအမှတ်/အမည် (၆-A/ဆာပါရန်ကင်း-၁ ကွင်း)၊ မြေအမျိုးအစား-$Y_2$၊ ဦးပိုင်အမှတ် (ခ/၂) ရှိ **မြေဧရိယာ ၅. ၄၇၃ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၃၆/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၅. ၄၇၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၃၃၅/၂၀၁၉)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ စံပြရပ်ကွက်၊ ကွင်းအမှတ်/အမည် (၃၆၈/တော်ပုလွဲကွင်း)၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (၃၅) ရှိ **မြေဧရိယာ ၂. ၁၉ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၃၉၆/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အောက်ဖော်ပြပါ ရုံးအုပ် (၂) ဦးကို ယင်းဌာနတွင် လစ်လပ်လျက်ရှိသော

လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) လက်ထောက်မန်နေဂျာ (စက်မှုစီမံ)/(စီမံခန့်ခွဲရေး) ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း** |
|---|---|---|
| (က) | ဒေါ်ခိုင်မီမီမောင် | လက်ထောက်မန်နေဂျာ (စက်မှုစီမံ)<br>၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀ |
| (ခ) | ဒေါ်ဝါဝါမြင့် | လက်ထောက်မန်နေဂျာ (စက်မှုစီမံ)<br>၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀ |

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့ရှိ GOOD BROTHERS' COMPANY LIMITED ဌာနအား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့်အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့ရှိ GOOD BROTHERS' COMPANY LIMITED ဌာနအား စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇၉/၂၀၁၉)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေကျေးရွာရှိ MYANMAR CONCH CEMENT (MANDALAY) COMPANY LIMITED ဌာနအား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေကျေးရွာရှိ MYANMAR CONCH CEMENT (MANDALAY) COMPANY LIMITED ဌာနအား မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**သွင်းကုန်လိုင်စင်ကြေးများ သတ်မှတ်ထုတ်ပြန်ခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ လက်ရှိကောက်ခံလျက်ရှိသော သွင်းကုန်လိုင်စင်ကြေး နှုန်းထားများကို လိုင်စင်လျှောက်ထားမှုတန်ဖိုးများနှင့် ဆီလျော်မှုရှိစေရေးအတွက် အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

| **သွင်းကုန်ပစ္စည်း၏ ဆိပ်ကမ်းရောက်တန်ဖိုး (CIF)** | **သွင်းကုန်လိုင်စင်ကြေး** |
|---|---|
| (က) ကျပ် ၅၀၀၀၀၀၀ အထိ | ကျပ် ၃၀၀၀၀ |
| (ခ) ၅၀၀၀၀၀၁ ကျပ်မှ ကျပ် ၁၀၀၀၀၀၀၀ အထိ | ကျပ် ၅၀၀၀၀ |
| (ဂ) ၁၀၀၀၀၀၀၁ ကျပ်မှ ကျပ် ၅၀၀၀၀၀၀၀ အထိ | ကျပ် ၆၀၀၀၀ |
| (ဃ) ၅၀၀၀၀၀၀၁ ကျပ်မှ ၁၅၀၀၀၀၀၀၀ အထိ | ကျပ် ၈၀၀၀၀ |
| (င) ၁၅၀၀၀၀၀၀၁ ကျပ်နှင့်အထက် | ကျပ် ၉၀၀၀၀ |

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်သို့ပေးသွင်းရန် သတ်မှတ်ထားသည့် လိုင်စင်ကြေးများကို အပိုဒ် (၁) ပါ သတ်မှတ်ထားသည့်နှုန်းထားများအတိုင်း ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ ပြည့်မြောက်သည့် နေ့တွင် ပြောင်းလဲကောက်ခံသွားမည်ဖြစ်ပါသည်။ ရက်ပေါင်း ၆၀ မတိုင်မီကာလအတွင်း လျှောက်ထားလာသော သွင်းကုန်လိုင်စင်များအပေါ် လက်ရှိကောက်ခံနေသောနှုန်းထားများအတိုင်း ကောက်ခံသွားမည်ဖြစ်သည်။

၃။ ယခင်ထုတ်ပြန်ထားသည့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ ၁၉၉၁ ခုနှစ်၊ ဇွန်လ ၂၈ ရက်စွဲပါ အမိန့် အမှတ် ၄/၉၁ နှင့် ၁၉၉၂ ခုနှစ်၊ မတ်လ ၂၉ ရက်စွဲပါ အမိန့်အမှတ် ၃/၉၂ တို့ကို ဤအမိန့်ဖြင့် ပယ်ဖျက် လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင်ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၇/၂၀၁၉) ၏ အတည်ပြုချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုထားသည့် အမှတ် (၃၈၁) ခြေမြန်တပ်ရင်းမှ ကြည်း ၄၆၅၉၅ ဗိုလ်ကြီး ကျော်ဇင်လင်း အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့မှစ၍ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့တွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးဖြင့် ခန့်ထားလိုက်သည်။

ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

အမှတ် ၆၂။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၆/၂၀၁၉) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၉) တို့၏ သဘောတူဆုံးဖြတ်ချက်အရ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်/မန္တလေး) တို့မှ အောက်ဖော်ပြပါ သရုပ်ပြ၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၁၅) ဦးတို့အား အလုပ်တာဝန် ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း လက်ထောက်ကထိက၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါ်ခင်ရတနာမျိုးသန့် သရုပ်ပြ၊ ဆေးဘက်ဆိုင်ရာဓာတ်ခွဲ နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်) |
| ၂။ | ဒေါ်အေးမြတ်မွန် သရုပ်ပြ၊ ဆေးဘက်ဆိုင်ရာဓာတ်ခွဲ နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး) | လက်ထောက်ကထိက ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး) |
| ၃။ | ဒေါ်တင်မေအောင် သရုပ်ပြ၊ ဆေးဘက်ဆိုင်ရာဓာတ်ခွဲ နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး) |
| ၄။ | ဒေါ်အိဖွေးသန့် သရုပ်ပြ၊ ဆေးဘက်ဆိုင်ရာဓာတ်ခွဲ နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး) |
| ၅။ | ဒေါ်သက်နွယ်ထွန်း သရုပ်ပြ၊ ဆေးဘက်ဆိုင်ရာဓာတ်ခွဲ နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး) | လက်ထောက်ကထိက ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး) |
| ၆။ | ဒေါ်ဆုစံမွန် သရုပ်ပြ၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး) | လက်ထောက်ကထိက ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော် နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ် (မန္တလေး) |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၇။ | ဒေါ်ဖူးပွင့်ဟန်<br>သရုပ်ပြ၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက<br>ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော် နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ် (ရန်ကုန်) |
| ၈။ | ဒေါ်မေသူသူနိုင်<br>သရုပ်ပြ၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက<br>ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော် နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ် (ရန်ကုန်) |
| ၉။ | ဒေါ်ဥမ္မာမြင့်<br>သရုပ်ပြ၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက<br>ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော် နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ် (မန္တလေး) |
| ၁၀။ | ဒေါ်သိမ့်သိမ့်သူ<br>သရုပ်ပြ၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး) | လက်ထောက်ကထိက<br>ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော် နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ် (မန္တလေး) |
| ၁၁။ | ဒေါ်နိုနိုလွင်<br>သရုပ်ပြ၊ ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှု နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး) | လက်ထောက်ကထိက<br>ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး) |
| ၁၂။ | ဒေါ်တင်ရတနာအောင်<br>သရုပ်ပြ၊ ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှု နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက<br>ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်) |
| ၁၃။ | ဒေါ်အေးထက်အောင်<br>သရုပ်ပြ၊ ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှု နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက<br>ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်) |
| ၁၄။ | ဒေါ်အောင်အောင်နွယ်<br>သရုပ်ပြ၊ ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှု နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး) | လက်ထောက်ကထိက<br>ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး) |
| ၁၅။ | ဒေါ်ခင်သက်မွန်<br>သရုပ်ပြ၊ ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှု နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး) | လက်ထောက်ကထိက<br>ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး) |

မှတ်ချက်။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် လက်ထောက်ကထိကများသည် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ ဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး တိုးမြှင့်ပြောင်းရွှေ့ ထမ်းဆောင်စေရန်ဖြစ်သည်။

## (ဝန်ကြီးရုံး)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

အမှတ် ၆၃ ။ ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၇/၂၀၁၉) နှင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) သဘောတူညီချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သူနာပြု/သားဖွား နှီးနွှယ်သင်တန်းကျောင်းများမှ ဖော်ပြပါ အကြီးတန်းနည်းပြ (၉) ဦးတို့အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့် နေ့မှစ၍ ၎င်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ကျောင်းအုပ်ရာထူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | သနသ (လ) | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ သင်တန်းကျောင်း၊ လစာနှုန်း |
|---|---|---|---|
| ၁။ | ၁၄၁၃၀ | ဒေါ်တင်တင်နွဲ့<br>B.N.Sc (B), B.A (Hist)<br>M.N.Sc (Mental Health Nursing)<br>အကြီးတန်းနည်းပြ<br>သူနာပြုနှီးနွှယ်ကွင်းဆင်းလေ့ကျင့်<br>သင်တန်းကျောင်း (ဒဂုံမြို့သစ်အရှေ့ပိုင်း)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ကျောင်းအုပ်<br>သူနာပြုသင်တန်းကျောင်း<br>(နေပြည်တော်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၂။ | ၁၆၅၀၃ | ဒေါ်လှလှဝင်း<br>B.N.Sc (B), B.Sc (Chem)<br>M.N.Sc (Child Health Nursing)<br>အကြီးတန်းနည်းပြ<br>သားဖွားသင်တန်းကျောင်း (မန္တလေး)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ကျောင်းအုပ်<br>သူနာပြုသင်တန်းကျောင်း<br>(ဖလမ်း)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၃။ | ၁၄၅၈၀ | ဒေါ်မိုးနှင်းဖြူ<br>B.N.Sc (B), B.Sc (Phys), M.N.Sc<br>အကြီးတန်းနည်းပြ<br>သူနာပြုနှီးနွှယ်ကွင်းဆင်းလေ့ကျင့်<br>သင်တန်းကျောင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ကျောင်းအုပ်<br>သူနာပြုသင်တန်းကျောင်း<br>(ပုသိမ်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၄။ | ၁၃၀၉၆ | ဒေါ်အိအိမြင့်<br>B.N.Sc (B), B.A (Hist)<br>အကြီးတန်းနည်းပြ<br>သူနာပြုနှီးနွှယ်ကွင်းဆင်းလေ့ကျင့်<br>သင်တန်းကျောင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း<br>(သူနာပြုသင်တန်းကျောင်း၊ ထားဝယ်၊<br>တွဲဖက်)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ကျောင်းအုပ်<br>သားဖွားသင်တန်းကျောင်း<br>(ဟားခါး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

| စဉ် | သနသ (လ) | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ သင်တန်းကျောင်း၊ လစာနှုန်း |
|---|---|---|---|
| ၅။ | ၁၃၁၃၆ | ဒေါ်ဇင်မာလတ်<br>B.N.Sc (B), Diploma in Specialty (Child Health Nursing)<br>အကြီးတန်းနည်းပြ<br>သားဖွားသင်တန်းကျောင်း (စစ်တွေ)<br>(အခြေခံသူနာပြုစုမှုပညာဌာန သူနာပြုတက္ကသိုလ်၊ ရန်ကုန်၊ တွဲဖက်)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ကျောင်းအုပ်<br>သူနာပြုသင်တန်းကျောင်း (ဗန်းမော်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၆။ | ၁၂၁၅၃ | ဒေါ်ခင်ဆန်းဝင်း<br>B.N.Sc (B), B.A (Hist)<br>အကြီးတန်းနည်းပြ<br>ဗဟိုသားဖွားသင်တန်းကျောင်း (ရန်ကုန်)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ကျောင်းအုပ်<br>သူနာပြုသင်တန်းကျောင်း (ဖလမ်း)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၇။ | ၁၁၀၀၂ | ဒေါ်နန်းခမ်းနွမ်းယု<br>B.N.Sc (B), B.A (Myan)<br>အကြီးတန်းနည်းပြ<br>သားဖွားသင်တန်းကျောင်း (လားရှိုး)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ကျောင်းအုပ်<br>သူနာပြုသင်တန်းကျောင်း (ကလေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၈။ | ၁၄၂၅၁ | ဒေါ်နန်းဆိုင်ခမ်း<br>B.N.Sc (B), B.Sc (Phys)<br>အကြီးတန်းနည်းပြ<br>သားဖွားသင်တန်းကျောင်း (မကွေး)<br>(သားဖွားသင်တန်းကျောင်း၊ တောင်ကြီး၊ တွဲဖက်)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ကျောင်းအုပ်<br>သူနာပြုသင်တန်းကျောင်း (ဟသ်ာတ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၉။ | ၁၅၃၈၅ | ဒေါ်စန္ဒာမင်း<br>B.N.Sc (B), B.A (Psycho)<br>အကြီးတန်းနည်းပြ<br>သားဖွားသင်တန်းကျောင်း (ကျိုင်းတုံ)<br>(စိတ်ကျန်းမာရေးသူနာပြုစုမှုပညာဌာန သူနာပြုတက္ကသိုလ်၊ မန္တလေး၊ တွဲဖက်)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ကျောင်းအုပ်<br>သူနာပြုသင်တန်းကျောင်း (ဗန်းမော်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

မှတ်ချက်။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ကျောင်းအုပ်များသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များလွှဲပြောင်းလက်ခံစေရန်ဖြစ်သည်။

## (ဝန်ကြီးရုံး)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

အမှတ် ၆၄ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၁၅၉၈၉ ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ခန္ဓာဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာမြင့်စန်းနွယ် (ဆမ-၁၀၂၈၅) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ

၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

အမှတ် ၆၅ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၁၀၄၉၄ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (မန္တလေး) ဇီဝဓာတုဗေဒဌာနမှ ပါမောက္ခဒေါက်တာပြုံးပြုံးသန်း (ဆမ-၁၀၄၈၀) ၏ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

အမှတ် ၆၆ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သဘောတူညီချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၊ ကျန်းမာရေးမူဝါဒနှင့် စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ပါမောက္ခဒေါက်တာကျော့စန်းလွင် (ဆမ-၁၁၈၃၅) အား ဒုတိယပါမောက္ခချုပ် (သင်ကြား)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**မက်ခရိုစီးပွားရေးစီမံခန့်ခွဲမှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit - DACU) ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ ကိစ္စရပ်များအား ညှိနှိုင်းခြင်း၊ ဖွံ့ဖြိုးမှုအကူအညီရယူခြင်းနှင့် အသုံးပြုခြင်းတို့ ဆောင်ရွက်ရာတွင် အားလုံးပါဝင်နိုင်ရေးနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Sector Coordination Group - SCG) (၁၀) ဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် ကျင်းပခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၀/၂၀၁၇) မှ သဘောတူခွင့်ပြုခဲ့ပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဦးဆောင်

အကောင်အထည်ဖော် ဆောင်ရွက်မည့် မက်ခရိုစီးပွားရေး စီမံခန့်ခွဲမှု ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Macroeconomic Management Sector Coordination Group - MMSCG) ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၁၇) ဖြင့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၈) ဖြင့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၂။ ယခုအခါ အဖွဲ့ဝင်အချို့သည် အငြိမ်းစားယူခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းများရှိသဖြင့် မက်ခရိုစီးပွားရေး စီမံခန့်ခွဲမှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အား ရာထူးအမည်များဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဍ) ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့စီးပွားရေးဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဎ) ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဏ) ညွှန်ကြားရေးမှူးချုပ်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(တ) ညွှန်ကြားရေးမှူးချုပ်
မြန်မာနိုင်ငံတော်ဗဟိုဘဏ် — အဖွဲ့ဝင်

(ထ) Dr. Sean Turnell
Special Economic Consultant
ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (DACU) — အဖွဲ့ဝင်

(ဒ) အမှုဆောင်ဒါရိုက်တာ
မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI) — အဖွဲ့ဝင်

(ဓ) ညွှန်ကြားရေးမှူးချုပ်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန — အတွင်းရေးမှူး

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၉)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၉ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၃၃ အရ ကျောက်မျက်ရတနာများအပေါ် ကျသင့်သည့် ရတနာခွန်ကို အောက်ပါအတိုင်း ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည် -

(က) ပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) အရ ရောင်းချခြင်းဖြစ်ပါက -

(၁) အစိုးရကကြီးမှူးကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင် ရောင်းချခြင်းဖြစ်ပါက မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းကကောက်ခံ၍ ပေးသွင်းရမည်။

(၂) အရောင်းဆိုင်များတွင် ရောင်းချခြင်းဖြစ်ပါက ရောင်းချသူက ကောက်ခံ၍ ပေးသွင်းရမည်။

(ခ) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်ပါက အကောက်ခွန်ဦးစီးဌာနက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် ကောက်ခံ၍ ပေးသွင်းရမည်။

၃။ အထက် အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ) ပါ **ကုန်းပေါ်ရောက်တန်ဖိုး** ဆိုသည်မှာ ပြည်ပမှတင်သွင်းသော ပစ္စည်းများအပေါ် အကောက်ခွန်ဥပဒေများအရ သတ်မှတ်သည့်တန်ဖိုး၊ ယင်းပစ္စည်းအပေါ်စည်းကြပ်သည့် အကောက်ခွန်တို့ ပေါင်းစပ်ရရှိသောငွေကို ဆိုသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက် စေရမည်။

စိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ပစ္စည်းဝယ်ယူရေးလုပ်ငန်းဆောင်ရွက်ရာ၌ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) တွင် ပါရှိသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့ကို အောက်ပါအတိုင်းဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) **တင်ဒါကော်မတီ**

(၁) ဦးအောင်နိုင်ဦး — ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ဦးအောင်သက်နိုင် — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၃) ဦးစိုင်းတင်အောင်သိန်း — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၄) ဒေါ်သီတာအုန်း — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၅) ဦးဇော်လွင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

(၆) ဦးကျော်ဝင်းထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

(၇) ဒေါ်သူဇာခင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၈) ဒေါ်ရီရီခင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၉) ဒေါ်အေးစန္ဒာလွင် — အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

(၁) ဒေါ်သီတာအုန်း — ဥက္ကဋ္ဌ
လက်ထောက်အတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ဒေါ်ချောစုစုဝင်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးရုံး
လက်ထောက်ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၃) ဒေါ်ဝတ်ရည်ဖြိုး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

(၄) ဒေါ်စိုးစိုးအေး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

(၅) ဒေါ်စိုးမြတ်စန္ဒီ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၆) ဒေါ်နုကြည် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၇) ဦးမင်းဇော်အေး — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဂ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

(၁) ဦးစိုင်းတင်အောင်သိန်း — ဥက္ကဋ္ဌ
လက်ထောက်အတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ဒေါက်တာခင်ဆွေဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၃) ဦးအောင်ဆွေဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

(၄) ဦးကျော်ထွန်းစိန် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

(၅) ဒေါ်မြမြမင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၆) ဒေါ်ပင်လုံအေး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၇) ဦးမင်းလွင်ဆွေ — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ**

(၁) ဦးအောင်သက်နိုင် — ဥက္ကဋ္ဌ
လက်ထောက်အတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ဦးအောင်ပြည့်ဖြိုး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးရုံး
လက်ထောက်ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၃) ဦးညီဖြိုး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

(၄) ဦးစိန်လင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

(၅) ဒေါ်နွေးနွေးအိ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၆) ဒေါ်သီတာဝင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၇) ဒေါ်စုဇေယျာလွင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ပစ္စည်းဝယ်ယူခြင်းအတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(၂) ပစ္စည်းဝယ်ယူခြင်းအတွက် လိုအပ်သည့်တင်ဒါပုံစံ/စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(၃) တင်ဒါတွင်ပါဝင်မည့် ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်တို့ သတ်မှတ်ခြင်း၊

(၄) နည်းပညာအရမြင့်မားပြီး ရှုပ်ထွေးသည့်ဝယ်ယူခြင်းအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(၅) တင်ဒါတင်သွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်နှင့် နေရာ၊ တင်ဒါအောင်မြင်သူစာရင်းထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(၆) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီကို တာဝန်ပေးအပ်ခြင်း၊

(၇) တင်ဒါအောင်မြင်သူများကို ကြေညာခြင်း၊

(၈) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်းနှင့် အောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း၊

(၉) နမူနာတောင်းခံရန် လိုအပ်သည့်တင်ဒါပစ္စည်းဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(၁၀) အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း။

(ခ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ဝယ်ယူမည့်ပစ္စည်း၊ ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

(၂) လိုအပ်သောပစ္စည်း၏ အရည်အသွေး၊ အမျိုးအစား၊ အသုံးပြုမည့် ရည်ရွယ်ချက်စသည်တို့နှင့် လိုက်လျောညီထွေသည့် နမူနာပုံစံ၊ ဒီဇိုင်း၊ နမူနာပစ္စည်း စသည်တို့ကို ပြင်ဆင်ခြင်း၊ ရွေးချယ်ခြင်း၊ ရေးဆွဲခြင်း၊

(၃) လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသော နမူနာပစ္စည်း အမျိုးအစားအလိုက် ဒေသဈေးနှုန်းများစုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်း၏ အရည်အသွေးနှင့်ကိုက်ညီမည့် ကြမ်းခင်းဈေးသတ်မှတ်ခြင်း၊

(၄) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

(၅) တင်ဒါဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးပေါ်မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြခြင်း။

(ဂ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) တင်ဒါအဆိုပြုလွှာများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများစိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(၄) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိနှင့် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ခြင်း ရှိ မရှိတို့ကို စိစစ်ခြင်း၊

(၅) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှု အစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(၆) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(၇) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများအလိုက် မှတ်တမ်းပြုစုခြင်း၊

(၈) တင်သွင်းရန် အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(၉) တင်ဒါကော်မတီကပေးအပ်သည့် တာဝန်များကိုဆောင်ရွက်ခြင်း။

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) တင်သွင်းသည့် ပစ္စည်း သို့မဟုတ် လုပ်ငန်းအလိုက် အရည်အသွေးများကို စိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကိုစမ်းသပ်ခြင်း၊

(၂) ပစ္စည်းအမျိုးအစားတစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့် နိုင်ငံ၊ ထုတ်လုပ်သည့်နှစ်၊ ထုတ်လုပ်သည့် ကုမ္ပဏီများအပေါ်အခြေခံ၍ စိစစ်ခြင်း၊

(၃) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

(၄) တင်ဒါကော်မတီကပေးအပ်သည့် တာဝန်များအားဆောင်ရွက်ခြင်း။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)၊
(အောင်နိုင်ဦး၊ အမြဲတမ်းအတွင်းဝန်)၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၈၁/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

**မြေလွှဲပြောင်းပေးခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ -၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၄/ကံဘဲ့)၊ မြေကွက်အမှတ် (၂/အီး)၊ ဧရိယာ (၁. ၂၈၂) ဧကရှိ အစိုးရမြေနေရာကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများအပြင် အခြားဌာနဆိုင်ရာများမှ ဝန်ထမ်းများနေထိုင်နိုင်ရေး ဝန်ထမ်းအိမ်ရာ တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများအပြင် အခြားဌာနဆိုင်ရာများမှ ဝန်ထမ်းများနေထိုင်နိုင်ရေး ဝန်ထမ်းအိမ်ရာ တည်ဆောက်ရန်အတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) မြေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အသုံးပြုရန်မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်၊

(ဂ) မြေကိုအသုံးပြုရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| **တိုင်းဒေသကြီး** | **မြို့နယ်** | **မြေတိုင်းရပ်ကွက်အမှတ်** | **မြေကွက်အမှတ်** | **ခန့်မှန်းမြေဧရိယာ** | | **မှတ်ချက်** |
|---|---|---|---|---|---|---|
| | | | | **ဧက** | **ဒသမ** | |
| ရန်ကုန်တိုင်းဒေသကြီး | ရန်ကင်း | ၈၄/ကံဘဲ့ | ၂/အီး | ၁ | ၂၈၂ | |
| **စုစုပေါင်း** | | | | **၁** | **၂၈၂** | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်လားသော် - လမ်း

အရှေ့လားသော် - လမ်း

တောင်လားသော် - လမ်း

အနောက်လားသော် - ဂျိုးဖြူပိုက်လိုင်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၄/ကံဘဲ့)၊ မြေကွက်အမှတ် (၂/အီး)၊ ဧရိယာ (၁. ၂၈၂) ဧကရှိ အစိုးရမြေနေရာကို

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများအပြင် အခြားဌာနဆိုင်ရာများမှ ဝန်ထမ်းများ နေထိုင်နိုင်ရေး ဝန်ထမ်းအိမ်ရာ တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၈၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ -၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၆)၊ မြေကွက်အမှတ် (၃၁၉၊ ၃၂၀)၊ ဧရိယာ (၀. ၁၁၀) ဧကရှိ အစိုးရမြေနေရာကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ လှိုင်သာယာမြို့နယ် တိုင်းရင်းဆေးခန်း အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်း ပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ လှိုင်သာယာမြို့နယ် တိုင်းရင်းဆေးခန်းအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) မြေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်၊

(ဂ) မြေကိုအသုံးပြုရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ | သကမ-၆ | ၃၁၉၊ ၃၂၀ | ၀ | ၁၁၀ | |
| **စုစုပေါင်း** | | | | **၀** | **၁၁၀** | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်လားသော် - မြေကွက်အမှတ် - ၃၁၈

တောင်လားသော် - လမ်း

အရှေ့လားသော် - ဗိုလ်အောင်ကျော်လမ်း

အနောက်လားသော် - မြေကွက်အမှတ် - ၃၂၁၊ ၃၂၂

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၆)၊ မြေကွက်အမှတ် (၃၁၉၊ ၃၂၀)၊ ဧရိယာ (၀. ၁၁၀) ဧကရှိ အစိုးရမြေ နေရာကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ လှိုင်သာယာမြို့နယ် တိုင်းရင်းဆေးခန်းအသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၈၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ -၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၄)၊ မြေကွက်အမှတ် (၄၅)၊ ဧရိယာ (၀. ၄၉၅) ဧကရှိ အစိုးရမြေနေရာကို လှိုင်သာယာမြို့နယ်စာရင်းစစ်ရုံး အသုံးပြုရန်အတွက် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ လှိုင်သာယာမြို့နယ်စာရင်းစစ်ရုံးအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) မြေကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးက အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်၊

(ဂ) မြေကိုအသုံးပြုရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်း ရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေ ဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ | သကမ-၁၄ | ၄၅ | ၀ | ၄၉၅ | |
| **စုစုပေါင်း** | | | | **၀** | **၄၉၅** | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်လားသော် - မြေကွက်အမှတ် - ၄၄

တောင်လားသော် - လမ်း

အရှေ့လားသော် - မြေကွက်အမှတ် - ၄၆

အနောက်လားသော် - လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၄)၊ မြေကွက်အမှတ် (၄၅)၊ ဧရိယာ (၀. ၄၉၅) ဧကရှိ အစိုးရမြေနေရာကို လှိုင်သာယာမြို့နယ်စာရင်းစစ်ရုံး အသုံးပြုရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၈၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ -၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဘုရားကုန်းမြို့ကွက်သစ်အဆင့်-၁)၊ မြေကွက်အမှတ် (၁၁၃၆/၄)၊ ဧရိယာ (၁. ၀၀) ဧကရှိ အစိုးရမြေနေရာကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန အသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အောက်ပါ စည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန အတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) မြေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည် သိမ်းယူမည်၊

(ဂ) မြေကိုအသုံးပြုရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စု အစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်း ရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေ ဧရိယာ | | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | သန်လျင် | ဘုရားကုန်း မြို့ကွက်သစ် အဆင့်-၁ | ၁၁၃၆/၄ | ၁ | ၀၀ | |
| **စုစုပေါင်း** | | | | **၁** | **၀၀** | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်လားသော် - မြေကွက်အမှတ် (၁၁၃၆/၁)
အရှေ့လားသော် - လမ်း
တောင်လားသော် - လမ်း
အနောက်လားသော် - မြေကွက်အမှတ် (၁၁၃၆/၂)၊ (၁၁၃၆/၃)

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဘုရားကုန်းမြို့ကွက်သစ်အဆင့်-၁)၊ မြေကွက်အမှတ် (၁၁၃၆/၄)၊ ဧရိယာ (၁. ၀၀) ဧကရှိ အစိုးရမြေနေရာကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန အသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၈၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ-၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆)၊ မြေကွက်အမှတ် (၁/ဃ)၊ စုစုပေါင်းဧရိယာ (၁၅. ၀၄၈) ဧကရှိ အစိုးရမြေနေရာကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထောက်ပံ့အကူတပ်ဖွဲ့ အသုံးပြုရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထောက်ပံ့အကူတပ်ဖွဲ့အတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) ထိုမြေကို ပြည်ထဲရေးဝန်ကြီးဌာနက အသုံးပြုရန်မလိုအပ်သည့်အခါ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်၊

(ဂ) မြေကို အသုံးပြုရာတွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ အယူအဆသဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၆ | ၁/ဃ | ၁၅ | ၀၄၈ | |
| **စုစုပေါင်း** | | | | **၁၅** | **၀၄၈** | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်လားသော် - ရန်ကုန်-မန္တလေး မီးရထားလမ်း

အရှေ့လားသော် - လမ်း

တောင်လားသော် - အမှတ် (၂) လမ်းမကြီး

အနောက်လားသော် - အောင်ရတနာရပ်ကွက်

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆)၊ မြေကွက်အမှတ် (၁/ဃ)၊ စုစုပေါင်းဧရိယာ (၁၅. ၀၄၈) ဧကရှိ အစိုးရမြေနေရာကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ အသုံးပြုရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

# အမိန့်ကြော်ငြာစာအမှတ် (၁၈၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ-၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ရုံးကွက်)၊ မြေကွက်အမှတ် (၁၇-ခ)၊ စုစုပေါင်းဧရိယာ (၀. ၃၃၇) ဧကရှိ အစိုးရမြေနေရာကို မြို့နယ်တရားရုံး အသုံးပြုရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တရားရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) ထိုမြေကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက အသုံးပြုရန်မလိုအပ်သည့်အခါ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်၊

(ဂ) မြေကို အသုံးပြုရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ အယူအဆ သဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၀/ရုံးကွက် | ၁၇-ခ | ၀ | ၃၃၇ | |
| **စုစုပေါင်း** | | | | **၀** | **၃၃၇** | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်လားသော် - လမ်း

အရှေ့လားသော် - မြေကွက်အမှတ် (၁၇/က)

တောင်လားသော် - မြေကွက်အမှတ် (၁၈)

အနောက်လားသော် - လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၆) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ရုံးကွက်)၊ မြေကွက်အမှတ် (၁၇-ခ)၊ စုစုပေါင်းဧရိယာ (၀. ၃၃၇) ဧကရှိ အစိုးရမြေနေရာကို ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တရားရုံး အသုံးပြုရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၈၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့်မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ ပုဒ်မ -၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၂ (သမိုင်း) မြေကွက်အမှတ် (၈က-K)၊ ဧရိယာ (၁. ၀၅၄) ဧကရှိ အစိုးရမြေကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရုံးချုပ် (NWRC HQ) နှင့် ရေအရင်းအမြစ်နှင့် ရေဘက်စုံစီမံခန့်ခွဲမှုစင်တာ (Hydroinformatics Centre) အသုံးပြုရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရုံးချုပ် (NWRC HQ) နှင့် ရေအရင်းအမြစ်နှင့် ရေဘက်စုံ စီမံခန့်ခွဲမှုစင်တာ (Hydroinformatics Centre) အတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) ထိုမြေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အသုံးပြုရန် မလိုအပ်သည့်အခါ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်၊

(ဂ) မြေကို အသုံးပြုရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ အယူအဆသဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရရုံးသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်း ရပ်ကွက်အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေ ဧရိယာ | | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | မရမ်းကုန်း | ၃၂ (သမိုင်း) | (၈က-K) | ၁ | ၀၅၄ | |
| **စုစုပေါင်း** | | | | **၁** | **၀၅၄** | |

၃။ **မြေကွက်အမှတ် (၈က-K) ၏ နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - လမ်း

အနောက်လားသော် - လမ်း

တောင်လားသော် - လမ်း

မြောက်လားသော် - လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၂ (သမိုင်း)၊ မြေကွက်အမှတ် (၈က-K)၊ ဧရိယာ (၁. ၀၅၄) ဧကရှိ အစိုးရမြေကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရုံးချုပ် (NWRC HQ) နှင့် ရေအရင်းအမြစ်နှင့် ရေဘက်စုံ စီမံခန့်ခွဲမှုစင်တာ (Hydroinformatics Centre) အသုံးပြုရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

# အမိန့်ကြော်ငြာစာအမှတ် (၁၈၈/၂၀၁၉)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ -၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ရုံးပေါင်းစုံ)၊ မြေကွက်အမှတ် (၃)၊ ဧရိယာ (၀. ၁၅၂) ဧကရှိ အစိုးရမြေကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန အသုံးပြုရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ အောက်ပါ စည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မင်္ဂလာဒုံမြို့နယ် လုပ်ရှားရုံးအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) ထိုမြေကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက အသုံးပြုရန် မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှ ပြန်လည်သိမ်းယူမည်၊

(ဂ) မြေကို အသုံးပြုရာတွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

## ၂။ လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်း ရပ်ကွက် | မြေကွက် အမှတ် | ခန့်မှန်းမြေ ဧရိယာ | | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန် တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၁/ရုံးပေါင်းစုံ | ၃ | ၀ | ၁၅၂ | |
| **စုစုပေါင်း** | | | | **၀** | **၁၅၂** | |

## ၃။ မြေကွက်အမှတ် (၃) ၏ နယ်နိမိတ်အလားအလာ ဖော်ပြချက်

အရှေ့လားသော် - မဟာဓာတ်အားလိုင်း

အနောက်လားသော် - အမှတ် (၃) လမ်းမကြီး

တောင်လားသော် - မြေကွက်အမှတ် (၄)

မြောက်လားသော် - မြေကွက်အမှတ် (၂)

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ရုံးပေါင်းစုံ)၊ မြေကွက်အမှတ် (၃)၊ ဧရိယာ (၀. ၁၅၂) ဧကရှိ အစိုးရမြေကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန အသုံးပြုရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

# အမိန့်ကြော်ငြာစာအမှတ် (၁၈၉/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ ပုဒ်မ -၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀/ရွှေပေါက်ကံ)၊ မြေကွက်အမှတ် (၄၃၂/C)၊ စုစုပေါင်း ဧရိယာ (၀. ၆၈၉) ဧကရှိ အစိုးရမြေနေရာကို သစ်တောဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ သစ်တောဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) ထိုမြေကို သစ်တောဦးစီးဌာနက အသုံးပြုရန် မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည် အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်၊

(ဂ) မြေကို အသုံးပြုရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်း ရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေ ဧရိယာ | | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ၂၀/ရွှေပေါက်ကံ | ၄၃၂/C | ၀ | ၆၈၉ | |
| **စုစုပေါင်း** | | | | **၀** | **၆၈၉** | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - (၄၃၂/D) ပန်းခြံ

အနောက်လားသော် - (၄၃၂/B) (Soft Ball Ground)

တောင်လားသော် - ပုဂံလမ်း

မြောက်လားသော် - မြေကွက်လပ်

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၃၁/၂၀၁၈) အရ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀/ရွှေပေါက်ကံ)၊ မြေကွက်အမှတ် (၄၃၂/C)၊ စုစုပေါင်းဧရိယာ (၀. ၆၈၉) ဧကရှိ အစိုးရမြေနေရာကို သစ်တောဦးစီးဌာနအသုံးပြုရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၉၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ ပုဒ်မ -၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၁၊ ၁၂ အေ (ကမာရွတ်)၊ မြေကွက်အမှတ် (၂၇၀/ဇ)၊ ဧရိယာ (၀. ၃၀၁) ဧကရှိ အစိုးရမြေကို မြန်မာ့သစ်လုပ်ငန်း အသုံးပြုရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ အောက်ပါ စည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ မြန်မာ့သစ်လုပ်ငန်းအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) ထိုမြေကို မြန်မာ့သစ်လုပ်ငန်းက အသုံးပြုရန် မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည် အပ်နှံရန်နှင့် အစိုးရမှ ပြန်လည်သိမ်းယူမည်၊

(ဂ) မြေကို အသုံးပြုရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်း ရပ်ကွက် | မြေကွက် အမှတ် | ခန့်မှန်းမြေ ဧရိယာ | | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန် တိုင်းဒေသကြီး | လှိုင် | ၁၁၊ ၁၂ အေ (ကမာရွတ်) | ၂၇၀/ဇ | ၀ | ၃၀၁ | |
| **စုစုပေါင်း** | | | | **၀** | **၃၀၁** | |

၃။ **မြေကွက်အမှတ် (၂၇၀/ဇ) ၏ နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - မြေကွက်အမှတ် - ၂၇၀/ဆ

အနောက်လားသော် - မြေကွက်အမှတ် - ၂၃၅/က နှင့် မြေကွက်အမှတ် - ၂၃၆/က

တောင်လားသော် - မြေကွက်အမှတ် - ၂၇၀/စျ နှင့် မြေကွက်အမှတ် - ၂၇၀/ည

မြောက်လားသော် - လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၁၊ ၁၂ အေ (ကမာရွတ်)၊ မြေကွက်အမှတ် (၂၇၀/ဇ)၊ ဧရိယာ (၀. ၃၀၁) ဧကရှိ အစိုးရမြေကို မြန်မာ့သစ်လုပ်ငန်း အသုံးပြုရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်)

၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉) ၏ သဘောတူညီချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူး/ လက်ထောက်အတွင်းဝန်၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ဦးအောင်စိုးဝင်း အား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသည့် ဒုတိယအမြဲတမ်းအတွင်းဝန်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

နိုင်သက်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

အမှတ် ၁၄၇ ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဥ/၁၇၈၃ ဒေါ်သူသူဖေ အား လုပ်ငန်းလိုအပ်ချက်အရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့ နံနက်ပိုင်းမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့ပါ ပြဋ္ဌာန်းချက်များအရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အမှတ် ၁၄၈ ။ ။ အောက်ဖော်ပြပါ ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံး အသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရုံး |
|---|---|---|---|
| ၁။ | ဦးထိန်လင်းကျော် ဥ/၂၇၇၀ | ခရိုင်ဥပဒေအရာရှိ ပြင်ဦးလွင်ခရိုင်ဥပဒေရုံး | ညွှန်ကြားရေးမှူး တရားမဆိုင်ရာအမှုလိုက်ဌာနခွဲ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂။ | ဦးမောင်မောင်တာ ဥ/၂၄၃၇ | ခရိုင်ဥပဒေအရာရှိ မန္တလေးခရိုင်ဥပဒေရုံး | ညွှန်ကြားရေးမှူး ထောက်ပံ့နှင့် အဆောက်အအုံဌာနခွဲ စီမံရေးရာဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး |

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များ၏ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ရုံးသုံးစက်ကိရိယာပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့်ရောင်းချခြင်းတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကြော်ငြာခေါ်ယူဆောင်ရွက်ရာ၌ သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးကိုက်ညီခြင်း ရှိ မရှိ စစ်ဆေးရန်အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဦးကျော်ဝင်းဟန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးအောင်လင်း၊ ဌာနကြီးမှူး (သင်တန်းရေးရာ) ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်စိုးမိုး၊ ဌာနမှူး (စီမံ/ဘဏ္ဍာ) ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | အဖွဲ့ဝင် |
| (ဃ) | ဦးသန့်ဇင်၊ ဌာနမှူး (သင်တန်းရေးရာ) ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | အဖွဲ့ဝင် |
| (င) | ဦးအောင်ကျော်ဌေး၊ ဒုတိယညွှန်ကြားရေးမှူး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးမျိုးထွန်းသန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးမောင်ခြိမ့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဗိုလ်ဗိုလ်ကျော်၊ လ/ထ အင်ဂျင်နီယာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | အဖွဲ့ဝင် |
| (ဈ) | ဦးမြင့်ဆွေ၊ ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ | အတွင်းရေးမှူး |

၂။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အဆောက်အဦများတည်ဆောက်ရာတွင် သတ်မှတ်ထားရှိသည့် စံချိန်စံညွှန်းများနှင့် အရည်အသွေးကိုက်ညီမှု ရှိ မရှိ၊ လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊ ဈေးနှုန်းမှန်ကန်မှု ရှိ မရှိ စိစစ်ခြင်း၊

(ခ) ဝယ်ယူမည့် ဌာနအဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများကို စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း၊

(ဃ) အဆောက်အဦ၊ လုပ်ငန်းသုံးပစ္စည်း၊ စက်ပစ္စည်းအစရှိသော ကုန်ဆုံးသက်တမ်း သို့မဟုတ် အာမခံသက်တမ်းသတ်မှတ်ချက်များ ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်း၊

(င) လုပ်ငန်းအမျိုးအစားသဘောသဘာဝအရ လိုအပ်လျှင် ဆောင်ရွက်ဆဲကာလအတွင်း လုပ်ငန်းအဆင့်များခွဲခြားသတ်မှတ်၍ အရည်အသွေးစစ်ဆေးမှု ဆောင်ရွက်ခြင်း၊

(စ) Work Schedule ဖြင့်ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ သတ်မှတ်ထားရှိသည့် အချိန်ကာလအတွင်း အရည်အသွေးပြည့်မီစွာပြီးစီးရေး စိစစ်ကြပ်မတ်ခြင်း၊

(ဆ) တင်ဒါအောင်မြင်သူ ကုမ္ပဏီ/အဖွဲ့အစည်းမှ အသုံးပြုသည့်ပစ္စည်းများကို တင်ဒါစည်းမျဉ်းစည်းကမ်း၊ စာချုပ်ပါ သတ်မှတ်အရေအတွက် အရည်အသွေးပြည့်မီခြင်း ရှိ မရှိစိစစ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာပြုစု၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(ဇ) ကော်မတီသည် လိုအပ်ပါက ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကို ဖိတ်ကြားခေါ်ယူ၍ ဆွေးနွေးမေးမြန်းညှိနှိုင်း ဆောင်ရွက်ခြင်း။

၃။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** အနေဖြင့် သတ်မှတ်ထားရှိသော လုပ်ငန်းတာဝန်များသာမက တင်ဒါဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်အတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်၊ ၁/၂၀၁၇ တွင် ပါရှိသည့် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အခက်အခဲတစ်စုံတစ်ရာပေါ်ပေါက်လာပါက လုပ်ငန်းနှောင့်နှေးကြန့်ကြာမှုမဖြစ်စေရေးနှင့် လိုအပ်သည့်စီမံခန့်ခွဲမှုများပြုလုပ်နိုင်ရေးတို့အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီ** သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၉)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များအလိုက် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ရုံးသုံးစက်ကိရိယာပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့်ရောင်းချခြင်းတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကြော်ငြာခေါ်ယူဆောင်ရွက်ရာ၌ သတ်မှတ်ထားရှိသည့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများ၊ ဒေသန္တရဈေးနှုန်းများနှင့်အညီ မှန်မှန်ကန်ကန်စနစ်တကျတွက်ချက်နိုင်ရန်အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဦးလှအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးမောင်မောင်လတ်၊ ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးဇော်ဝင်းနိုင်၊ ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဇော်ထက်နိုင်၊ ဌာနမှူး (စီမံ/ဘဏ္ဍာ)<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | အဖွဲ့ဝင် |
| (င) | ဦးလှစိုး၊ ဌာနမှူး (သုတေသနနှင့် ဖွံ့ဖြိုးမှု)<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | အဖွဲ့ဝင် |
| (စ) | ဦးကျော်ဝင်း၊ မော်ကွန်းထိန်း (ကျောင်းသားရေးရာ)<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | အဖွဲ့ဝင် |

(ဆ) ဦးအောင်တေဇထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဇ) ဦးနေလင်းစိုး၊ လက်ထောက်အင်ဂျင်နီယာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) — အဖွဲ့ဝင်

(ဈ) ဦးဗိုလ်ဗိုလ်ကျော်၊ လက်ထောက်အင်ဂျင်နီယာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) — အဖွဲ့ဝင်

(ည) ဦးဇင်ဗိုလ်၊ ဦးစီးအရာရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ — အတွင်းရေးမှူး

၂။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** အနေဖြင့် ယခင်ဖွဲ့စည်းထုတ်ပြန်ထားရှိသော အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၇ တွင် သတ်မှတ်ထားရှိသော လုပ်ငန်းတာဝန်များသာမက တင်ဒါဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်အတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက် ၁/၂၀၁၇ တွင် ပါရှိသည့် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အခက်အခဲတစ်စုံတစ်ရာပေါ်ပေါက်လာပါက လုပ်ငန်းနှောင့်နှေးကြန့်ကြာမှုမဖြစ်စေရေးနှင့် လိုအပ်သည့် စီမံခန့်ခွဲမှုများပြုလုပ်နိုင်ရေးတို့အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီ** သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၃။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၉)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များ၏ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ရုံးသုံးစက်ကိရိယာပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းတို့ကို သက်ဆိုင်ရာဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များအလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကြော်ငြာခေါ်ယူဆောင်ရွက်ရာ၌ နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ အဂတိလိုက်စားမှုမရှိစေရန်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၁၇) နှင့်အညီ တင်ဒါဆိုင်ရာသတ်မှတ်ထားရှိသော လုပ်ထုံးလုပ်နည်းများ စနစ်တကျမှန်မှန်ကန်ကန်ဖြင့် ပွင့်လင်းမြင်သာမှုရှိစေရန်တို့အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်း၊ တာဝန်ပေးအပ်လိုက်သည် -

(က) ဦးဝင်းမော်၊ အဖွဲ့ဝင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ — ဥက္ကဋ္ဌ

(ခ) ဦးခင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန် ဝန်ထမ်းရေးရာဦးစီးဌာန — အဖွဲ့ဝင်

(ဂ) ဦးညီညီစံ၊ ညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဃ) ဦးအောင်တင်စိုး၊ ပါမောက္ခချုပ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) — အဖွဲ့ဝင်

(င) ဦးကျော်စိုး၊ ပါမောက္ခချုပ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) — အဖွဲ့ဝင်

(စ) ဦးမြင့်ဆွေ၊ ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ — အတွင်းရေးမှူး

၂။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကျပ် ၁၀ သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန် မလိုအပ်ဘဲ "တင်ဒါကော်မတီ" မှ ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက် ယုံကြည်စိတ်ချရသော အနည်းဆုံးကုမ္ပဏီ (၃) ခု၏ ဈေးနှုန်းအဆိုပြုလွှာတောင်းခံခြင်း၊ ဈေးနှုန်းအနည်းဆုံးတင်သွင်းသူထံ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှု ရယူခြင်း၊

(ခ) ကျပ် ၁၀ သန်းမှ ကျပ်သန်း ၁၀၀ အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် ရုံးအမှတ် (၁၇) ၏ ကြော်ငြာသင်ပုန်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတို့တွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တပတ် (၂) ပတ်ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း၊

(ဂ) ကျပ်သန်း ၁၀၀ အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ထားသောရက်ထက် (၁) လကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website၊ Web portal၊ Facebook Page နှင့် Myanmar National Portal တို့တွင် ကြေညာနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတကာတင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေမဖြစ်မနေသုံးစွဲရမည့် ကိစ္စရပ်များမှအပ ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်သည့်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူခြင်း၊

(င) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်း ရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေးဆောင်ရွက်နိုင်ခြင်း၊ ငွေပေးချေရာတွင် သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း၊

(စ) ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုးတစ်နှစ်အတွက် ကျပ် ၁၀ သန်းအောက်ဖြစ်ပါက "တင်ဒါကော်မတီ" မှ ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့်လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ ရုံးအမှတ် (၁၇) ၏ ကြော်ငြာသင်ပုန်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတို့တွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တပတ် (၂) ပတ်ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း၊

(ဆ) ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုးတစ်နှစ်အတွက် ကျပ် ၁၀ သန်းနှင့်အထက်ဖြစ်ပါက ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့်လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁) လကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website ၊ Web portal ၊ Facebook Page နှင့် Myanmar National Portal တို့တွင် ကြေညာနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဇ) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(စျ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ည) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်း၊

(ဋ) တင်ဒါတွင် ပါဝင်မည့် အဆိုပြုကုန်ထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကုန်ထရိုက်အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(ဌ) နည်းပညာအရ မြင့်မားပြီး ရှုပ်ထွေးသည့်ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန် ပေးအပ်ခြင်း၊

(ဍ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့်နေရာနှင့် တင်ဒါ အောင်မြင်သူစာရင်းထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(ဎ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါ အောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း၊

(ဏ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(တ) နမူနာတောင်းခံရန် လိုအပ်သည့်ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ထ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းတို့အတွက် အနိမ့်ဆုံးကြမ်းခင်းဈေး သတ်မှတ်ခြင်း၊

(ဒ) တင်ဒါလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သောတင်ဒါဆိုင်ရာကော်မတီများဖြစ်သည့် **ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီ "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ"** များ ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဓ) အထက်အပိုဒ်ခွဲ (ဒ) ပါ ကော်မတီများဖွဲ့စည်းရာတွင် တင်ဒါကော်မတီသည် **ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီ** ကို ငှားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်း၏ ဈေးကွက်အခြေအနေကို နားလည်တတ်ကျွမ်းသည့် သက်ဆိုင်ရာဦးစီးဌာနများမှ ကိုယ်စားလှယ်အနည်းဆုံး (၃) ဦးဖြင့် လည်းကောင်း၊ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ကို ဌာနကိုယ်စားလှယ်များအပြင် တည်ဆောက်ခြင်း၊ ဝယ်ယူမည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ တတ်ကျွမ်းနားလည်သည့် ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်အနည်းဆုံး (၃) ဦးမှ အများဆုံး (၅) ဦးဖြင့်လည်းကောင်း၊ **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ကို ဝယ်ယူမည့်ဌာနအဖွဲ့အစည်းမှ ကိုယ်စားလှယ်အနည်းဆုံး (၃) ဦးဖြင့်လည်းကောင်း တာဝန်ပေးအပ်ခြင်း။

၃။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီ** အနေဖြင့် တင်ဒါဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့် အတွက် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်၊ ၁/၂၀၁၇ နှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အခက်အခဲတစ်စုံတစ်ရာပေါ်ပေါက်ပါက လုပ်ငန်းနှောင့်နှေးကြန့်ကြာမှုမဖြစ်စေရေးနှင့် လိုအပ်သည့် စီမံခန့်ခွဲမှုများပြုလုပ်နိုင်ရေးတို့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌထံ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၅/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၁၉)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် တက္ကသိုလ် များ၏ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ရုံးသုံးစက်ကိရိယာပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကြော်ငြာခေါ်ယူ ဆောင်ရွက်ရာ၌ သတ်မှတ်ထားရှိသည့် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်မှန်ကန်ကန် စနစ်တကျ လက်ခံနိုင်ရန်နှင့် စိစစ်အကဲဖြတ်ခြင်း၊ ရွေးချယ်ခြင်းတို့ ဆောင်ရွက်နိုင်ရန်တို့အတွက် **ပြည်ထောင်စုရာထူးဝန်**

**အဖွဲ့၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဦးခင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးမြင့်ဆွေ၊ ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | ဦးဇော်ဇော်၊ ဒုတိယပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | အဖွဲ့ဝင် |
| (ဃ) | ဦးလှအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးတင်ရွှေ၊ ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ)<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | အဖွဲ့ဝင် |
| (စ) | ဒေါ်မူမူမြင့်၊ ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ)<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | အဖွဲ့ဝင် |
| (ဆ) | ဦးရဲသက်ခိုင်၊ ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဗိုလ်ဗိုလ်ကျော်၊ လက်ထောက်အင်ဂျင်နီယာ<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | အဖွဲ့ဝင် |
| (ဈ) | ဒေါ်အေးအေးသွင်၊ ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ | အတွင်းရေးမှူး |

၂။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) တင်ဒါအဆိုပြုလွှာများအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီမှ သတ်မှတ်ထားရှိသည့် တင်ဒါစည်းကမ်းများနှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျလက်ခံခြင်း၊ စိစစ်ခြင်း၊ အကဲဖြတ်ခြင်း၊ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(ခ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းတို့အတွက်လည်းကောင်း၊ အကြံပေး ဝန်ဆောင်မှုရယူခြင်းတို့အတွက်လည်းကောင်း တင်သွင်းလာသည့် အဆိုပြုလွှာများအား တင်ဒါဖွင့်ဖောက်ရာတွင် သတ်မှတ်ထားရှိသော လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ခြင်း၊

(ဂ) တင်ဒါအဆိုပြုလွှာနှင့်အတူ ပူးတွဲတင်ပြရမည့် အချက်အလက်၊ အဆောက်အဦဒီဇိုင်း၊ ကုန်ကျစရိတ်တွက်ချက်တင်ပြမှုတို့ကို အသေးစိတ်စိစစ်ခြင်း၊

(ဃ) တစ်ဆင့်ခံ (sub contract) ပေးခြင်းမျိုးမရှိစေရေးအတွက် ကတိကဝတ်အာမခံချက်နှင့် အရည်အသွေးစစ်ဆေးသည့် နည်းလမ်းတို့ဖြင့် မှန်ကန်စွာ ရွေးချယ်ခြင်း၊

(င) တင်ဒါအဆိုပြုဈေးနှုန်းများကို တန်ဖိုးအနည်း/အများအလိုက် စာရင်းရေးသွင်းပြီး ဈေးနှုန်း စနစ်တကျစိစစ်ခြင်း၊

(စ) ဈေးအနည်းဆုံးပေး၍ ဈေးဖျက်သည့်သဘောဝင်ရောက်ယှဉ်ပြိုင်သည့် ကုမ္ပဏီများ စိစစ်တွေ့ရှိရပါက ရွေးချယ်မှုမပြုလုပ်ခြင်း၊ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နှစ်ကာလကန့်သတ်မှုပြုလုပ်ရန် မှတ်တမ်းတင်ထားရှိခြင်း၊

(ဆ) တင်ဒါအဆိုပြုလွှာများအား တင်ဒါဆိုင်ရာဖွဲ့စည်းထားရှိသည့် ကော်မတီအားလုံးနှင့် တင်ဒါတင်သွင်းသူများအားလုံး၏ရှေ့မှောက်၌ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဇ) သက်ဆိုင်ရာကော်မတီအားလုံးရှေ့မှောက်တွင် သတ်မှတ်ထားရှိသည့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊ အမှတ်ပေးစည်းမျဉ်းများနှင့်အညီ အကဲဖြတ်ခြင်း၊ အစီရင်ခံစာပြုစုခြင်းနှင့် အကြံပြုချက်များတင်ခြင်း၊

(ဈ) ကော်မတီသည် တင်ဒါအဆိုပြုလွှာတင်သွင်းသည့် မည်သည့်ကုမ္ပဏီကိုမဆို လုပ်ငန်းလိုအပ်ချက်အရ လိုအပ်ပါက တင်ဒါပယ်ဖျက်ခြင်း၊ တင်ဒါငြင်းပယ်ခြင်း သို့မဟုတ် အသစ်တစ်ဖန်ပြန်လည်ခေါ်ယူခြင်း၊

(ည) တင်ဒါအောင်မြင်သည့် ကုမ္ပဏီ၏အမည်စာရင်း ကြေညာနိုင်ရေးအဆင့်ဆင့်တင်ပြ၍ ခွင့်ပြုချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း။

၃။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** အနေဖြင့် သတ်မှတ်ထားရှိသော လုပ်ငန်းတာဝန်များသာမက တင်ဒါဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်အတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက် ၁/၂၀၁၇ တွင်ပါရှိသည့် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အခက်အခဲတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက လုပ်ငန်းနှောင့်နှေးကြန့်ကြာမှုမဖြစ်စေရေးနှင့် လိုအပ်သည့် စီမံခန့်ခွဲမှုများပြုလုပ်နိုင်ရေးတို့အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီ** သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### အမိန့်ကြော်ငြာစာ (၄၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးတင်အောင်ဌေး၊ ဌာနကြီးမှူး (အင်ဂျင်နီယာ) (ညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၅၅၀,၀၀၀/-) အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာ (၄၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော နေပြည်တော်စည်ပင်သာယာရေးကော်မတီ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၀/၂၀၁၉) ဆုံးဖြတ်ချက်အရ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး၊ ဓာတ်မှန်ဌာနမှ ဒုတိယဌာနမှူး ဒေါက်တာမင်းအောင်သိန်း၊ (အထူးကုဆရာဝန်ကြီး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အား ဓာတ်မှန်ဌာန၊ ဌာနမှူး (အထူးကုဆရာဝန်ကြီး)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာမျိုးအောင်
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၁၉)**

ရန်ကုန်မြို့၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များ၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၅။ (က/၇၇) အရ ရေရရှိရေးနှင့် ရေပေးဝေရေး လုပ်ငန်းတာဝန်ခံအဖွဲ့၊ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) တွင် ခေတ္တဌာနမှူးတာဝန်ပေးအပ်ထားသည့် ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးမြင့်ဇော်သန်း (မစ-၁၆၁၀) အား ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) တွင် လစ်လပ်လျက် ရှိသော ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ အစမ်း (၁) နှစ် တိုးမြှင့်ခန့်ထားလိုက်သည်။

မောင်မောင်စိုး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကရင်ပြည်နယ်လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

**လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း**

ကရင်ပြည်နယ်လွှတ်တော်၊ ကြာအင်းဆိပ်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစောထူးကပေါ် သည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (စ) နှင့် ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၁၊ နည်းဥပဒေခွဲ (စ) နှင့်အညီ ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၂၊ နည်းဥပဒေခွဲ (က) အရ လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ကြောင်း ကြေညာအပ်ပါသည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

**လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း**

ကရင်ပြည်နယ်လွှတ်တော်၊ လှိုင်းဘွဲ့မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်ဝင်းကျော် သည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (စ) နှင့် ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၁၊ နည်းဥပဒေခွဲ (စ) နှင့်အညီ ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၂၊ နည်းဥပဒေခွဲ (က) အရ လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ကြောင်း ကြေညာ အပ်ပါသည်။

စောချစ်ခင်
ဥက္ကဋ္ဌ
ကရင်ပြည်နယ်လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေအား ထုတ်ပြန်ကြေညာခြင်း**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော **၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ** (၂၀၁၉ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၄။) အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

အောင်ကျော်ဦး

ဥက္ကဋ္ဌ

မန္တလေးတိုင်းဒေသကြီးလွှတ်တော်

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (၂၀၁၉ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄။)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် စီးပွားရေး မူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **တိုင်းဒေသကြီးအစိုးရ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ တိုင်းဒေသကြီးအတိုင်းအတာအရ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ တိုင်းဒေသကြီးဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတို ၅ နှစ်စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။

(ဃ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း တိုင်းဒေသကြီး၏ စီးပွားရေးကဏ္ဍအလိုက် မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(င) **ဘဏ္ဍာနှစ်**ဆိုသည်မှာ အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလဖြစ်ပါသည်။

(စ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ နှစ်ကုန်တွင် အကောင်အထည်ဖော်နိုင်မည့်အခြေအနေကို ခန့်မှန်းထားခြင်း ဖြစ်ပါသည်။

(ဆ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဇ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဈ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ်အခြေခံ၍ ဖွဲ့စည်းထားသောစီးပွားရေးကဏ္ဍများကို ဆိုသည်။

(ည) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ (၁၄) ခုကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စုဖွဲ့၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ)၊ စက်မှုကဏ္ဍကြီး (စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ)၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ) ဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

(ဋ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ**ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးဗဟိုအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးအဆင့်ဌာနများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GD P) ကို ပုံမှန်ဈေးနှုန်းအရ ၆. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၀. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၄. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၁. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၅. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၀. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၄. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၂. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၉. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၂. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၁. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၂. ၅ ရာခိုင်နှုန်း တိုးတက်ရန်

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇. ၈ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) ခရိုင်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) မန္တလေးခရိုင်တွင် ၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ပြင်ဦးလွင်ခရိုင်တွင် ၄. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကျောက်ဆည်ခရိုင်တွင် ၅. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) မိတ္ထီလာခရိုင်တွင် ၇. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) မြင်းခြံခရိုင်တွင် ၅. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) ရမည်းသင်းခရိုင်တွင် ၃. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ညောင်ဦးခရိုင်တွင် ၅. ၄ ရာခိုင်နှုန်း တိုးတက်ရန်။

(ဃ) တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၁၇. ၅ ရာခိုင်နှုန်းမှ ၁၆. ၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈. ၀ ရာခိုင်နှုန်းမှ ၃၉. ၂ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၄. ၅ ရာခိုင်နှုန်းမှ ၄၄. ၈ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(င) နိုင်ငံပိုင်အခန်းမှ ငွေလုံးငွေရင်းကျပ် (၂၀၃. ၅၀၈) ဘီလီယံ ရင်းနှီးမြှုပ်နှံရန်။

## အခန်း (၃)
## အထွေထွေ

၅။ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်းအကောင်အထည် ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သောလုပ်ငန်း အစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့်စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်းနှင့် လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးမူဝါဒများ၊ ဒေသန္တရအစိုးရအဖွဲ့မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်း၊ ရေတိုအတွက် အကျိုးဖြစ်ထွန်းစေသောစီမံကိန်းများကို ဦးစားပေးရမည်။ ထို့အပြင် ရေရှည် အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာထည့်သွင်းစီမံ ဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းတို့အတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။

၁၀။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များပြည့်စုံရမည့်အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များနှင့် ချိတ်ဆက် ဆောင်ရွက်ရမည်။

၁၁။ ဒေသန္တရစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးကို ဖော်ဆောင်သောစီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများပါဝင်ရမည်။

၁၂။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်း များအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် တာဝန်ရှိ ပုဂ္ဂိုလ်၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက် ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်း များနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာဇော်မြင့်မောင်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပူးတွဲ - ၁

**မန္တလေးတိုင်းဒေသကြီး၏**
**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | **လယ်ယာကဏ္ဍကြီး** | **၁,၇၂၇,၂၄၉.၅** | **၁၇.၈** | **၃.၅** | **၁,၇၄၆,၂၈၇.၃** | **၁၆.၈** | **၁.၁** |
| | ၁ လယ်ယာ | ၁,၃၇၁,၉၁၅.၈ | ၁၄.၂ | ၃.၅ | ၁,၃၇၈,၂၅၅.၇ | ၁၃.၃ | ၀.၅ |
| | ၂ သားငါး | ၃၅၂,၂၅၁.၉ | ၃.၆ | ၄.၁ | ၃၆၄,၈၂၃.၂ | ၃.၅ | ၃.၆ |
| | ၃ သစ်တော | ၃,၀၈၁.၈ | ၀.၀ | -၂၆.၄ | ၃,၂၀၈.၄ | ၀.၀ | ၄.၁ |
| **၂** | **စက်မှုကဏ္ဍကြီး** | **၃,၅၀၇,၈၂၂.၅** | **၃၆.၃** | **၈.၀** | **၃,၇၉၂,၆၈၉.၃** | **၃၆.၈** | **၈.၁** |
| | ၁ စွမ်းအင် | ၁၅၀.၄ | ၀.၀ | -၄၉.၀ | ၁၅၂.၈ | ၀.၀ | ၁.၆ |
| | ၂ သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၅၅,၆၅၆.၇ | ၀.၆ | -၁၅.၁ | ၅၈,၆၅၇.၄ | ၀.၆ | ၅.၄ |
| | ၃ စက်မှုလက်မှု | ၂,၅၄၃,၇၈၈.၂ | ၂၆.၃ | ၉.၄ | ၂,၈၀၁,၇၀၁.၁ | ၂၇.၁ | ၁၀.၁ |
| | ၄ လျှပ်စစ်ဓာတ်အား | ၂၂၄,၂၂၇.၂ | ၂.၃ | ၁၃.၅ | ၂၃၄,၂၅၈.၈ | ၂.၃ | ၄.၅ |
| | ၅ ဆောက်လုပ်မှု | ၆၈၄,၀၀၀.၀ | ၇.၁ | ၄.၀ | ၆၉၇,၉၁၉.၂ | ၆.၈ | ၂.၀ |
| **၃** | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄,၄၄၅,၄၄၅.၂** | **၄၅.၉** | **၈.၁** | **၄,၇၉၉,၈၀၃.၅** | **၄၆.၄** | **၈.၀** |
| | ၁ ပို့ဆောင်ရေး | ၁,၈၄၅,၇၃၅.၈ | ၁၉.၁ | ၉.၀ | ၂,၀၁၄,၅၁၇.၇ | ၁၉.၅ | ၉.၁ |
| | ၂ ဆက်သွယ်ရေး | ၃၅၆,၅၇၄.၈ | ၃.၇ | ၆.၉ | ၃၆၅,၇၆၀.၁ | ၃.၅ | ၂.၆ |
| | ၃ ငွေရေးကြေးရေး | ၄၃,၁၄၉.၀ | ၀.၄ | ၅.၆ | ၄၇,၈၈၄.၉ | ၀.၅ | ၁၁.၀ |
| | ၄ လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၂၀၂,၇၃၂.၆ | ၂.၁ | ၂.၅ | ၂၀၇,၇၃၂.၆ | ၂.၀ | ၂.၅ |
| | ၅ အခြားဝန်ဆောင်မှု | ၂၅၀,၁၆၅.၀ | ၂.၆ | ၁၀.၈ | ၂၈၀,၁၈၄.၈ | ၂.၇ | ၁၂.၀ |
| | ၆ ကုန်သွယ်မှု | ၁,၇၄၇,၀၈၈.၀ | ၁၈.၀ | ၇.၈ | ၁,၈၈၃,၇၂၂.၄ | ၁၈.၂ | ၇.၈ |
| **၄** | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၉,၆၈၀,၅၁၇.၂** | **၁၀၀.၀** | **၇.၂** | **၁၀,၃၃၈,၇၈၀.၁** | **၁၀၀.၀** | **၆.၈** |

ပူးတွဲ - ၂

**မန္တလေးတိုင်းဒေသကြီး၏**
**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း**
**ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | **ထုတ်လုပ်မှုတန်ဖိုး** | **၅,၂၃၅,၀၇၂. ၀** | **၅၄. ၁** | **၆. ၅** | **၅,၅၃၈,၉၇၆. ၆** | **၅၃. ၆** | **၅. ၈** |
| | ၁ လယ်ယာ | ၁,၃၇၁,၉၁၅. ၈ | ၁၄. ၂ | ၃. ၅ | ၁,၃၇၈,၂၅၅. ၇ | ၁၃. ၃ | ၀. ၅ |
| | ၂ သားငါး | ၃၅၂,၂၅၁. ၉ | ၃. ၆ | ၄. ၁ | ၃၆၄,၈၂၃. ၂ | ၃. ၅ | ၃. ၆ |
| | ၃ သစ်တော | ၃,၀၈၁. ၈ | ၀. ၀၃ | -၂၆. ၄ | ၃,၂၀၈. ၄ | ၀. ၀ | ၄. ၁ |
| | ၄ စွမ်းအင် | ၁၅၀. ၄ | ၀. ၀၀ | -၄၉. ၀ | ၁၅၂. ၈ | ၀. ၀ | ၁. ၆ |
| | ၅ သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၅၅,၆၅၆. ၇ | ၀. ၆ | -၁၅. ၁ | ၅၈,၆၅၇. ၄ | ၀. ၆ | ၅. ၄ |
| | ၆ စက်မှုလက်မှု | ၂,၅၄၃,၇၈၈. ၂ | ၂၆. ၃ | ၉. ၄ | ၂,၈၀၁,၇၀၁. ၁ | ၂၇. ၁ | ၁၀. ၁ |
| | ၇ လျှပ်စစ်ဓာတ်အား | ၂၂၄,၂၂၇. ၂ | ၂. ၃ | ၁၃. ၅ | ၂၃၄,၂၅၈. ၈ | ၂. ၃ | ၄. ၅ |
| | ၈ ဆောက်လုပ်မှု | ၆၈၄,၀၀၀. ၀ | ၇. ၁ | ၄. ၀ | ၆၉၇,၉၁၉. ၂ | ၆. ၈ | ၂. ၀ |
| **၂** | **ဝန်ဆောင်မှုတန်ဖိုး** | **၂,၆၉၈,၃၅၇. ၂** | **၂၇. ၉** | **၈. ၃** | **၂,၉၁၆,၀၈၁. ၁** | **၂၈. ၂** | **၈. ၁** |
| | ၁ ပို့ဆောင်ရေး | ၁,၈၄၅,၇၃၅. ၈ | ၁၉. ၁ | ၉. ၀ | ၂,၀၁၄,၅၁၇. ၇ | ၁၉. ၅ | ၉. ၁ |
| | ၂ ဆက်သွယ်ရေး | ၃၅၆,၅၇၄. ၈ | ၃. ၇ | ၆. ၉ | ၃၆၅,၇၆၀. ၁ | ၃. ၅ | ၂. ၆ |
| | ၃ ငွေရေးကြေးရေး | ၄၃,၁၄၉. ၀ | ၀. ၄ | ၅. ၆ | ၄၇,၈၈၄. ၉ | ၀. ၅ | ၁၁. ၀ |
| | ၄ လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၂၀၂,၇၃၂. ၆ | ၂. ၁ | ၂. ၅ | ၂၀၇,၇၃၂. ၆ | ၂. ၀ | ၂. ၅ |
| | ၅ အခြားဝန်ဆောင်မှု | ၂၅၀,၁၆၅. ၀ | ၂. ၆ | ၁၀. ၈ | ၂၈၀,၁၈၄. ၈ | ၂. ၇ | ၁၂. ၀ |
| **၃** | **ကုန်သွယ်မှုတန်ဖိုး** | **၁,၇၄၇,၀၈၈. ၀** | **၁၈. ၀** | **၇. ၈** | **၁,၈၈၃,၇၂၂. ၄** | **၁၈. ၂** | **၇. ၈** |
| **၄** | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၉,၆၈၀,၅၁၇. ၂** | **၁၀၀. ၀** | **၇. ၂** | **၁၀,၃၃၈,၇၈၀. ၁** | **၁၀၀. ၀** | **၆. ၈** |

ပူးတွဲ - ၃

**မန္တလေးတိုင်းဒေသကြီး၏**
**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း**
**ခရိုင်အလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | တိုင်း/ခရိုင် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | မန္တလေးခရိုင် | ၄,၃၁၆,၄၁၃.၇ | ၄၄.၆ | ၉.၃ | ၄,၆၆၈,၇၀၀.၉ | ၄၅.၂ | ၈.၂ |
| ၂ | ပြင်ဦးလွင်ခရိုင် | ၇၂၃,၂၁၀.၀ | ၇.၅ | ၁.၅ | ၇၅၆,၂၅၈.၀ | ၇.၃ | ၄.၆ |
| ၃ | ကျောက်ဆည်ခရိုင် | ၁,၀၈၆,၀၂၉.၁ | ၁၁.၂ | ၅.၅ | ၁,၁၄၄,၇၄၆.၈ | ၁၁.၁ | ၅.၄ |
| ၄ | မိတ္ထီလာခရိုင် | ၁,၅၅၅,၀၆၁.၅ | ၁၆.၀ | ၈.၄ | ၁,၆၆၄,၅၆၇.၉ | ၁၆.၁ | ၇.၀ |
| ၅ | မြင်းခြံခရိုင် | ၁,၀၆၈,၄၁၈.၂ | ၁၁.၀ | ၈.၆ | ၁,၁၂၈,၉၅၃.၀ | ၁၀.၉ | ၅.၇ |
| ၆ | ရမည်းသင်းခရိုင် | ၄၀၃,၂၇၉.၈ | ၄.၂ | -၃.၇ | ၄၁၈,၈၆၇.၇ | ၄.၀ | ၃.၉ |
| ၇ | ညောင်ဦးခရိုင် | ၅၂၈,၁၀၄.၉ | ၅.၅ | ၆.၀ | ၅၅၆,၆၈၅.၈ | ၅.၄ | ၅.၄ |
| | **တိုင်းဒေသကြီးချုပ်** | **၉,၆၈၀,၅၁၇.၂** | **၁၀၀.၀** | **၇.၂** | **၁၀,၃၃၈,၇၈၀.၁** | **၁၀၀.၀** | **၆.၈** |

ပူးတွဲ - ၄

**မန္တလေးတိုင်းဒေသကြီး၏**
**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | **လယ်ယာကဏ္ဍကြီး** | **၁,၉၉၁,၅၆၁. ၉** | **၁၇. ၅** | **၂,၀၆၇,၂၄၈. ၁** | **၁၆. ၀** | **၃. ၈** |
| | ၁ လယ်ယာ | ၁,၅၇၂,၃၇၆. ၃ | ၁၃. ၈ | ၁,၆၁၅,၀၅၂. ၄ | ၁၂. ၅ | ၂. ၇ |
| | ၂ သားငါး | ၄၁၅,၄၉၅. ၀ | ၃. ၇ | ၄၄၈,၂၀၆. ၅ | ၃. ၅ | ၇. ၉ |
| | ၃ သစ်တော | ၃,၆၉၀. ၆ | ၀. ၀ | ၃,၉၈၉. ၂ | ၀. ၀ | ၈. ၁ |
| **၂** | **စက်မှုကဏ္ဍကြီး** | **၄,၃၂၆,၃၅၈. ၉** | **၃၈. ၀** | **၅,၀၆၈,၄၆၅. ၅** | **၃၉. ၂** | **၁၇. ၂** |
| | ၁ စွမ်းအင် | ၁၅၁. ၂ | ၀. ၀ | ၁၅၃. ၇ | ၀. ၀ | ၁. ၇ |
| | ၂ သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၆၅,၆၂၄. ၁ | ၀. ၆ | ၆၇,၈၄၉. ၈ | ၀. ၅ | ၃. ၄ |
| | ၃ စက်မှုလက်မှု | ၃,၂၁၇,၆၆၁. ၃ | ၂၈. ၂ | ၃,၇၉၈,၂၃၅. ၄ | ၂၉. ၄ | ၁၈. ၀ |
| | ၄ လျှပ်စစ်ဓာတ်အား | ၂၃၈,၄၇၂. ၇ | ၂. ၁ | ၃၄၀,၄၁၀. ၇ | ၂. ၆ | ၄၂. ၇ |
| | ၅ ဆောက်လုပ်မှု | ၈၀၄,၄၄၉. ၆ | ၇. ၁ | ၈၆၁,၈၁၅. ၉ | ၆. ၇ | ၇. ၁ |
| **၃** | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၅,၀၆၈,၀၁၆. ၅** | **၄၄. ၅** | **၅,၇၈၉,၁၅၁. ၃** | **၄၄. ၈** | **၁၄. ၂** |
| | ၁ ပို့ဆောင်ရေး | ၂,၀၂၂,၁၈၃. ၂ | ၁၇. ၈ | ၂,၃၄၇,၅၂၂. ၅ | ၁၈. ၂ | ၁၆. ၁ |
| | ၂ ဆက်သွယ်ရေး | ၃၄၆,၆၀၀. ၄ | ၃. ၀ | ၃၄၇,၇၃၆. ၇ | ၂. ၇ | ၀. ၃ |
| | ၃ ငွေရေးကြေးရေး | ၄၃,၁၄၉. ၀ | ၀. ၄ | ၄၇,၈၈၄. ၉ | ၀. ၄ | ၁၁. ၀ |
| | ၄ လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၂၂၀,၅၃၈. ၅ | ၁. ၉ | ၂၂၆,၀၁၈. ၅ | ၁. ၇ | ၂. ၅ |
| | ၅ အခြားဝန်ဆောင်မှု | ၂၉၉,၉၃၁. ၆ | ၂. ၆ | ၃၅၈,၉၉၇. ၃ | ၂. ၈ | ၁၉. ၇ |
| | ၆ ကုန်သွယ်မှု | ၂,၁၃၅,၆၁၃. ၈ | ၁၈. ၈ | ၂,၄၆၀,၉၉၁. ၄ | ၁၉. ၀ | ၁၅. ၂ |
| **၄** | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၁၁,၃၈၅,၉၃၇. ၃** | **၁၀၀. ၀** | **၁၂,၉၂၄,၈၆၄. ၉** | **၁၀၀. ၀** | **၁၃. ၅** |

ပူးတွဲ - ၅

**မန္တလေးတိုင်းဒေသကြီး၏**
**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း**
**ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | **ထုတ်လုပ်မှုတန်ဖိုး** | **၆,၁၁၇,၉၂၀. ၈** | **၅၅. ၅** | **၇,၁၃၅,၇၁၃. ၆** | **၅၅. ၂** | **၁၂. ၉** |
| | ၁ လယ်ယာ | ၁,၅၇၂,၃၇၆. ၃ | ၁၃. ၈ | ၁,၆၁၅,၀၅၂. ၄ | ၁၂. ၅ | ၂. ၇ |
| | ၂ သားငါး | ၄၁၅,၄၉၅. ၀ | ၃. ၇ | ၄၄၈,၂၀၆. ၅ | ၃. ၅ | ၇. ၉ |
| | ၃ သစ်တော | ၃,၆၉၀. ၆ | ၀. ၀ | ၃,၉၈၉. ၂ | ၀. ၀ | ၈. ၁ |
| | ၄ စွမ်းအင် | ၁၅၁. ၂ | ၀. ၀ | ၁၅၃. ၇ | ၀. ၀ | ၁. ၇ |
| | ၅ သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၆၅,၆၂၄. ၁ | ၀. ၆ | ၆၇,၈၄၉. ၈ | ၀. ၅ | ၃. ၄ |
| | ၆ စက်မှုလက်မှု | ၃,၂၁၇,၆၆၀. ၃ | ၂၈. ၂ | ၃,၇၉၈,၂၃၅. ၄ | ၂၉. ၄ | ၁၈. ၀ |
| | ၇ လျှပ်စစ်ဓာတ်အား | ၂၃၈,၄၇၂. ၇ | ၂. ၁ | ၃၄၀,၄၁၀. ၇ | ၂. ၆ | ၄၂. ၇ |
| | ၈ ဆောက်လုပ်မှု | ၈၀၄,၄၄၉. ၆ | ၇. ၁ | ၈၆၁,၈၁၅. ၉ | ၆. ၇ | ၇. ၁ |
| **၂** | **ဝန်ဆောင်မှုတန်ဖိုး** | **၂,၉၃၂,၄၀၂. ၇** | **၂၅. ၇** | **၃,၃၂၈,၁၅၉. ၉** | **၂၅. ၈** | **၁၃. ၅** |
| | ၁ ပို့ဆောင်ရေး | ၂,၀၂၂,၁၈၃. ၂ | ၁၇. ၈ | ၂,၃၄၇,၅၂၂. ၅ | ၁၈. ၂ | ၁၆. ၁ |
| | ၂ ဆက်သွယ်ရေး | ၃၄၆,၆၀၀. ၄ | ၃. ၀ | ၃၄၇,၇၃၆. ၇ | ၂. ၇ | ၀. ၃ |
| | ၃ ငွေရေးကြေးရေး | ၄၃,၁၄၉. ၀ | ၀. ၄ | ၄၇,၈၈၄. ၉ | ၀. ၄ | ၁၁. ၀ |
| | ၄ လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၂၂၀,၅၃၈. ၅ | ၁. ၉ | ၂၂၆,၀၁၈. ၅ | ၁. ၇ | ၂. ၅ |
| | ၅ အခြားဝန်ဆောင်မှု | ၂၉၉,၉၃၁. ၆ | ၂. ၆ | ၃၅၈,၉၉၇. ၃ | ၂. ၈ | ၁၉. ၇ |
| **၃** | **ကုန်သွယ်မှုတန်ဖိုး** | **၂,၁၃၅,၆၁၃. ၈** | **၁၈. ၈** | **၂,၄၆၀,၉၉၁. ၄** | **၁၉. ၀** | **၁၅. ၂** |
| **၄** | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၁၁,၁၈၅,၉၃၇. ၃** | **၁၀၀. ၀** | **၁၂,၉၂၄,၈၆၄. ၉** | **၁၀၀. ၀** | **၁၃. ၅** |

ပူးတွဲ - ၆

**မန္တလေးတိုင်းဒေသကြီး၏**
**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း**
**ခရိုင်အလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | တိုင်း/ခရိုင် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မန္တလေးခရိုင် | ၅,၀၈၆,၇၁၂.၉ | ၄၄.၇ | ၅,၈၈၇,၃၀၆.၀ | ၄၅.၅ | ၁၅.၇ |
| ၂ | ပြင်ဦးလွင်ခရိုင် | ၈၁၉,၄၃၂.၆ | ၇.၂ | ၈၉၀,၈၀၄.၁ | ၆.၉ | ၈.၇ |
| ၃ | ကျောက်ဆည်ခရိုင် | ၁,၂၇၉,၅၃၄.၆ | ၁၁.၂ | ၁,၄၃၃,၄၆၇.၈ | ၁၁.၁ | ၁၂.၀ |
| ၄ | မိတ္ထီလာခရိုင် | ၁,၈၄၄,၇၂၆.၈ | ၁၆.၂ | ၂,၁၀၂,၇၉၀.၄ | ၁၆.၃ | ၁၄.၀ |
| ၅ | မြင်းခြံခရိုင် | ၁,၂၈၃,၃၁၈.၂ | ၁၁.၃ | ၁,၄၃၂,၅၇၆.၁ | ၁၁.၁ | ၁၁.၆ |
| ၆ | ရမည်းသင်းခရိုင် | ၄၅၃,၃၄၁.၄ | ၄.၀ | ၄၉၁,၀၇၀.၈ | ၃.၈ | ၈.၃ |
| ၇ | ညောင်ဦးခရိုင် | ၆၁၈,၈၇၀.၈ | ၅.၄ | ၆၈၆,၈၄၉.၇ | ၅.၃ | ၁၁.၀ |
| | **တိုင်းဒေသကြီးချုပ်** | **၁၁,၃၈၅,၉၃၇.၃** | **၁၀၀.၀** | **၁၂,၉၂၄,၈၆၄.၉** | **၁၀၀.၀** | **၁၃.၅** |

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ မွန်ပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ

## (၂၀၁၉ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

**နိဒါန်း**

မွန်ပြည်နယ်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်၍ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးမှုတိုးတက်မှု စီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျအကောင်အထည်ဖော်နိုင်ရန်အလို့ငှာ မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ မွန်ပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ဒေသန္တရစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအဖွဲ့**ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အတွင်း မည်ရွေ့မည်မျှတိုးတက်ရမည်ဆိုသည့် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် ကဏ္ဍအလိုက် လုပ်ငန်းအစီအစဉ်များကိုဆိုသည်။ ဒေသန္တရစီမံကိန်း၌ ကဏ္ဍအလိုက်၊ ဌာနအလိုက်ရေးဆွဲဆောင်ရွက်သည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ဂ) **စီမံကိန်းရည်မှန်းချက်များ**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း မွန်ပြည်နယ်၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ဌာနအလိုက်ဖြစ်စေ၊ မြို့နယ်အလိုက်ဖြစ်စေ ကဏ္ဍအလိုက် မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များကို ဆိုသည်။

(ဃ) **ဘဏ္ဍာနှစ်**ဆိုသည်မှာ အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလဖြစ်ပါသည်။

(င) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းကို ဆိုသည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဇ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ**ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းများ၊ ဌာနများ၊ ပြည်နယ်အစိုးရအဖွဲ့နှင့် စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မွန်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၆. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် **၁.၆** ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် **၅.၇** ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် **၀.၇** ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် **၅.၃** ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စက်မှုလက်မှုကဏ္ဍတွင် **၈.၃** ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် **၉.၈** ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ဆောက်လုပ်မှုကဏ္ဍတွင် **၇.၀** ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ပို့ဆောင်ရေးကဏ္ဍတွင် **၇.၉** ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ဆက်သွယ်ရေးကဏ္ဍတွင် **၉.၇** ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ငွေရေးကြေးရေးကဏ္ဍတွင် **၃.၇** ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် **၄.၁** ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် **၁၄.၉** ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ကုန်သွယ်မှုကဏ္ဍတွင် **၇.၆** ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) မွန်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၂၆.၈ ရာခိုင်နှုန်းမှ ၂၅.၂ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၃၂.၆ ရာခိုင်နှုန်းမှ ၃၃.၁ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၄၀.၆ ရာခိုင်နှုန်းမှ ၄၁.၇ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(ဃ) နိုင်ငံပိုင်အခန်းမှ ကျပ် ၁၀၃.၁၆ ဘီလီယံရင်းနှီးမြှုပ်နှံရန်၊

(င) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် **၂,၁၃၇,၃၅၈** မှ ကျပ် **၂,၃၈၈,၁၂၉** သို့ ဖြစ်ပေါ်လာရန်။

## အခန်း (၃)
## အထွေထွေ

၅။ စီမံကိန်းရည်မှန်းချက်များကို ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာလုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများက ကဏ္ဍအလိုက်၊ ဒေသအလိုက် တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၆။ အစိုးရအဖွဲ့သည် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာလုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အောင်မြင်ရန် အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ်ပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

၉။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများဖြစ်ရမည်။

၁၀။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမှန်တကယ်လက်ငင်းအကျိုးဖြစ်ထွန်းစေသောလုပ်ငန်းများကို ဦးစားပေးဆောင်ရွက် ရမည်။ လက်ငင်းအကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းလုပ်ငန်းများကို ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများကို ဆောင်ရွက်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အစဉ်အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရေး အလေးထားဆောင်ရွက်ရမည်။

၁၂။ ဒေသန္တရစီမံကိန်းရည်မှန်းချက်တွင် မပါဝင်သော်လည်း အခြေအနေအရ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဖြည့်စွက်လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၁၃။ ပုဒ်မ ၁၂ အရ ဆောင်ရွက်သည့်လုပ်ငန်းများကို အနီးစပ်ဆုံးလွှတ်တော်၏အတည်ပြုချက် ရယူရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်း စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၅။ စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေကို သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ် သုံးသပ်ခြင်းများ ဆောင်ရွက်ရမည်။

၁၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့်လုပ်ငန်းများ အတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန်ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်း များကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ရမည်။

၁၇။ ပုဒ်မ ၇ တွင် ဖော်ပြထားသည့် ပါဝင်မှုအချိုးနှင့် တိုးတက်မှုနှုန်းများဖြစ်ပေါ်ရေးအတွက် အကောင် အထည်ဖော်ရန် ပြည်နယ်အစိုးရအဖွဲ့၏ မူဝါဒ၊ ရည်မှန်းချက်နှင့် ဌာနများ၏ လုပ်ငန်းစဉ်များကို နောက်ဆက်တွဲ (၁)၊ နိုင်ငံပိုင်အခန်းဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များကို နောက်ဆက်တွဲ (၂)၊ ကဏ္ဍများ၏ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု ရည်မှန်းချက်များကို နောက်ဆက်တွဲ (၃) ပါအတိုင်း သတ်မှတ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာအေးဇံ
ဝန်ကြီးချုပ်
ပြည်နယ်အစိုးရအဖွဲ့

ပူးတွဲ - ၁

**မွန်ပြည်နယ်၏**
**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၅-၂၀၁၆ ခုနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**
**(တိုးတက်မှုနှုန်း-ရာခိုင်နှုန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (စီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၉၅၉,၄၈၄. ၇** | **၂၆. ၅** | **၃. ၀** | **၉၈၅,၈၃၈. ၅** | **၂၅. ၅** | **၂. ၇** |
| | ၁ | လယ်ယာ | ၆၈၅,၂၅၉. ၄ | ၁၈. ၉ | ၂. ၇ | ၆၉၆,၁၄၁. ၀ | ၁၈. ၀ | ၁. ၆ |
| | ၂ | သားငါး | ၂၇၂,၅၉၁. ၇ | ၇. ၅ | ၃. ၈ | ၂၈၈,၀၅၂. ၃ | ၇. ၅ | ၅. ၇ |
| | ၃ | သစ်တော | ၁,၆၃၃. ၆ | ၀. ၁ | -၂. ၉ | ၁,၆၄၅. ၂ | ၀. ၀၄ | ၀. ၇ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁,၁၄၄,၀၂၆. ၉** | **၃၁. ၆** | **၁၀. ၉** | **၁,၂၃၃,၆၅၈. ၀** | **၃၂. ၀** | **၇. ၈** |
| | ၁ | သတ္တုနှင့် တွင်းထွက် | ၁၄,၁၀၃. ၄ | ၀. ၄ | ၁၁. ၉ | ၁၄,၈၄၆. ၁ | ၀. ၄ | ၅. ၃ |
| | ၂ | စက်မှုလက်မှု | ၆၇၇,၆၅၂. ၅ | ၁၈. ၇ | ၇. ၄ | ၇၃၃,၉၄၅. ၀ | ၁၉. ၀ | ၈. ၃ |
| | ၃ | လျှပ်စစ်ဓာတ်အား | ၃၄,၄၁၂. ၈ | ၁. ၀ | ၇. ၄ | ၃၇,၈၀၂. ၀ | ၁. ၀ | ၉. ၈ |
| | ၄ | ဆောက်လုပ်မှု | ၄၁၇,၈၅၈. ၂ | ၁၁. ၅ | ၁၇. ၅ | ၄၄၇,၀၆၄. ၉ | ၁၁. ၆ | ၇. ၀ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁,၅၁၆,၇၅၂. ၇** | **၄၁. ၉** | **၈. ၂** | **၁,၆၄၂,၄၆၁. ၇** | **၄၂. ၅** | **၈. ၃** |
| | ၁ | ပို့ဆောင်ရေး | ၅၇၇,၆၄၇. ၃ | ၁၅. ၉ | ၇. ၇ | ၆၂၃,၂၄၄. ၆ | ၁၆. ၁ | ၇. ၉ |
| | ၂ | ဆက်သွယ်ရေး | ၁၀၄,၂၄၃. ၁ | ၂. ၉ | ၉. ၄ | ၁၁၄,၃၃၈. ၁ | ၃. ၀ | ၉. ၇ |
| | ၃ | ငွေရေးကြေးရေး | ၈,၁၈၉. ၂ | ၀. ၂ | ၂၄. ၅ | ၈,၄၉၃. ၀ | ၀. ၂ | ၃. ၇ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၄၆,၀၆၄. ၇ | ၁. ၃ | ၅. ၃ | ၄၇,၉၇၄. ၇ | ၁. ၃ | ၄. ၁ |
| | ၅ | ငှားရမ်းခနှင့် အခြား | ၁၁၁,၆၅၅. ၉ | ၃. ၁ | ၁၇. ၅ | ၁၂၈,၂၉၂. ၆ | ၃. ၃ | ၁၄. ၉ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၆၆၈,၉၅၂. ၅ | ၁၈. ၅ | ၇. ၀ | ၇၂၀,၁၁၈. ၇ | ၁၈. ၆ | ၇. ၆ |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၃,၆၂၀,၂၆၄. ၃** | **၁၀၀. ၀** | **၇. ၆** | **၃,၈၆၁,၉၅၈. ၂** | **၁၀၀. ၀** | **၆. ၇** |

ပူးတွဲ - ၂

**မွန်ပြည်နယ်၏**
**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၅-၂၀၁၆ ခုနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**
**(တိုးတက်မှုနှုန်း-ရာခိုင်နှုန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (စီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၂,၁၀၃,၅၁၁. ၆** | **၅၈. ၁** | **၇. ၂** | **၂,၂၁၉,၄၉၆. ၅** | **၅၇. ၅** | **၅. ၅** |
| | ၁ | လယ်ယာ | ၆၈၅,၂၅၉. ၄ | ၁၈. ၉ | ၂. ၇ | ၆၉၆,၁၄၁. ၀ | ၁၈. ၀ | ၁. ၆ |
| | ၂ | သားငါး | ၂၇၂,၅၉၁. ၇ | ၇. ၅ | ၃. ၈ | ၂၈၈,၀၅၂. ၃ | ၇. ၅ | ၅. ၇ |
| | ၃ | သစ်တော | ၁,၆၃၃. ၆ | ၀. ၁ | -၂. ၉ | ၁,၆၄၅. ၂ | ၀. ၀၄ | ၀. ၇ |
| | ၄ | သတ္တုနှင့် တွင်းထွက် | ၁၄,၁၀၃. ၄ | ၀. ၄ | ၁၁. ၉ | ၁၄,၈၄၆. ၁ | ၀. ၄ | ၅. ၃ |
| | ၅ | စက်မှုလက်မှု | ၆၇၇,၆၅၂. ၅ | ၁၈. ၇ | ၇. ၄ | ၇၃၃,၉၄၅. ၀ | ၁၉. ၀ | ၈. ၃ |
| | ၆ | လျှပ်စစ်ဓာတ်အား | ၃၄,၄၁၂. ၈ | ၁. ၀ | ၇. ၄ | ၃၇,၈၀၂. ၀ | ၁. ၀ | ၉. ၈ |
| | ၇ | ဆောက်လုပ်မှု | ၄၁၇,၈၅၈. ၂ | ၁၁. ၅ | ၁၇. ၅ | ၄၄၇,၀၆၄. ၉ | ၁၁. ၆ | ၇. ၀ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၈၄၇,၈၀၀. ၂** | **၂၃. ၄** | **၉. ၁** | **၉၂၂,၃၄၃. ၀** | **၂၃. ၉** | **၈. ၈** |
| | ၁ | ပို့ဆောင်ရေး | ၅၇၇,၆၄၇. ၃ | ၁၅. ၉ | ၇. ၇ | ၆၂၃,၂၄၄. ၆ | ၁၆. ၁ | ၇. ၉ |
| | ၂ | ဆက်သွယ်ရေး | ၁၀၄,၂၄၃. ၁ | ၂. ၉ | ၉. ၄ | ၁၁၄,၃၃၈. ၁ | ၃. ၀ | ၉. ၇ |
| | ၃ | ငွေရေးကြေးရေး | ၈,၁၈၉. ၂ | ၀. ၂ | ၂၄. ၅ | ၈,၄၉၃. ၀ | ၀. ၂ | ၃. ၇ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၄၆,၀၆၄. ၇ | ၁. ၃ | ၅. ၃ | ၄၇,၉၇၄. ၇ | ၁. ၃ | ၄. ၁ |
| | ၅ | ငှားရမ်းခနှင့် အခြား | ၁၁၁,၆၅၅. ၉ | ၃. ၁ | ၁၇. ၅ | ၁၂၈,၂၉၂. ၆ | ၃. ၃ | ၁၄. ၉ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၆၆၈,၉၅၂. ၅** | **၁၈. ၅** | **၇. ၀** | **၇၂၀,၁၁၈. ၇** | **၁၈. ၆** | **၇. ၆** |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၃,၆၂၀,၂၆၄. ၃** | **၁၀၀. ၀** | **၇. ၆** | **၃,၈၆၁,၉၅၈. ၂** | **၁၀၀. ၀** | **၆. ၇** |

ပူးတွဲ - ၃

**မွန်ပြည်နယ်၏**
**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**
**(တိုးတက်မှုနှုန်း-ရာခိုင်နှုန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (စီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁,၁၄၇,၂၅၃. ၇** | **၂၆. ၈** | **၁,၂၀၈,၃၉၅. ၈** | **၂၅. ၂** | **၅. ၃** |
| | ၁ | လယ်ယာ | ၈၂၀,၅၃၆. ၉ | ၁၉. ၁ | ၈၄၉,၉၂၇. ၆ | ၁၇. ၇ | ၃. ၆ |
| | ၂ | သားငါး | ၃၂၄,၇၂၆. ၄ | ၇. ၆ | ၃၅၆,၃၃၅. ၆ | ၇. ၄ | ၉. ၇ |
| | ၃ | သစ်တော | ၁,၉၉၀. ၄ | ၀. ၁ | ၂,၁၃၂. ၆ | ၀. ၁ | ၇. ၁ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၁,၄၀၀,၂၃၃. ၅** | **၃၂. ၆** | **၁,၅၈၃,၄၆၇. ၇** | **၃၃. ၁** | **၁၃. ၁** |
| | ၁ | သတ္တုနှင့် တွင်းထွက် | ၁၄,၇၆၇. ၆ | ၀. ၃ | ၁၅,၉၃၁. ၄ | ၀. ၃ | ၇. ၉ |
| | ၂ | စက်မှုလက်မှု | ၈၄၁,၉၃၀. ၆ | ၁၉. ၆ | ၉၄၄,၃၁၃. ၉ | ၁၉. ၇ | ၁၂. ၂ |
| | ၃ | လျှပ်စစ်ဓာတ်အား | ၃၇,၃၆၂. ၆ | ၀. ၉ | ၄၉,၄၈၇. ၉ | ၁. ၁ | ၃၂. ၅ |
| | ၄ | ဆောက်လုပ်မှု | ၅၀၆,၁၇၂. ၇ | ၁၁. ၈ | ၅၇၃,၇၃၄. ၅ | ၁၂. ၀ | ၁၃. ၃ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁,၇၄၀,၀၅၃. ၆** | **၄၀. ၆** | **၁,၉၉၈၇၂၃. ၄** | **၄၁. ၇** | **၁၄. ၉** |
| | ၁ | ပို့ဆောင်ရေး | ၆၂၉,၉၀၀. ၂ | ၁၄. ၇ | ၇၁၈,၄၅၇. ၀ | ၁၅. ၀ | ၁၄. ၁ |
| | ၂ | ဆက်သွယ်ရေး | ၁၀၄,၂၇၂. ၃ | ၂. ၄ | ၁၁၄,၈၀၇. ၉ | ၂. ၄ | ၁၀. ၁ |
| | ၃ | ငွေရေးကြေးရေး | ၈,၁၈၉. ၂ | ၀. ၂ | ၈,၄၉၃. ၀ | ၀. ၂ | ၃. ၇ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၅၂,၄၂၂. ၈ | ၁. ၂ | ၅၅,၃၇၂. ၈ | ၁. ၁ | ၅. ၆ |
| | ၅ | ငှားရမ်းခနှင့်အခြား | ၁၃၂,၅၇၆. ၀ | ၃. ၁ | ၁၆၂,၇၄၂. ၇ | ၃. ၄ | ၂၂. ၈ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၈၁၂,၆၉၃. ၁ | ၁၉. ၀ | ၉၃၈,၈၅၀. ၀ | ၁၉. ၆ | ၁၅. ၅ |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၄,၂၈၇,၅၄၀. ၈** | **၁၀၀. ၀** | **၄,၇၉၀,၅၈၆. ၉** | **၁၀၀. ၀** | **၁၁. ၇** |

ပူးတွဲ - ၄

**မွန်ပြည်နယ်၏**
**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**
**(တိုးတက်မှုနှုန်း-ရာခိုင်နှုန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (စီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၂,၅၄၇,၄၈၇. ၂** | **၅၉. ၄** | **၂,၇၉၁,၈၆၃. ၅** | **၅၈. ၂** | **၉. ၆** |
| | ၁ | လယ်ယာ | ၈၂၀,၅၃၆. ၉ | ၁၉. ၁ | ၈၄၉,၉၂၇. ၆ | ၁၇. ၇ | ၃. ၆ |
| | ၂ | သားငါး | ၃၂၄,၇၂၆. ၄ | ၇. ၆ | ၃၅၆,၃၃၅. ၆ | ၇. ၄ | ၉. ၇ |
| | ၃ | သစ်တော | ၁,၉၉၀. ၄ | ၀. ၁ | ၂,၁၃၂. ၆ | ၀. ၁ | ၇. ၁ |
| | ၄ | သတ္တုနှင့် တွင်းထွက် | ၁၄,၇၆၇. ၆ | ၀. ၃ | ၁၅,၉၃၁. ၄ | ၀. ၃ | ၇. ၉ |
| | ၅ | စက်မှုလက်မှု | ၈၄၁,၉၃၀. ၆ | ၁၉. ၆ | ၉၄၄,၃၁၃. ၉ | ၁၉. ၇ | ၁၂. ၂ |
| | ၆ | လျှပ်စစ်ဓာတ်အား | ၃၇,၃၆၂. ၆ | ၀. ၉ | ၄၉,၄၈၇. ၉ | ၁. ၁ | ၃၂. ၅ |
| | ၇ | ဆောက်လုပ်မှု | ၅၀၆,၁၇၂. ၇ | ၁၁. ၈ | ၅၇၃,၇၃၄. ၅ | ၁၂. ၀ | ၁၃. ၃ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၉၂၇,၃၆၀. ၅** | **၂၁. ၆** | **၁,၀၅၉,၈၇၃. ၄** | **၂၂. ၁** | **၁၄. ၃** |
| | ၁ | ပို့ဆောင်ရေး | ၆၂၉,၉၀၀. ၂ | ၁၄. ၇ | ၇၁၈,၄၅၇. ၀ | ၁၅. ၀ | ၁၄. ၁ |
| | ၂ | ဆက်သွယ်ရေး | ၁၀၄,၂၇၂. ၃ | ၂. ၄ | ၁၁၄,၈၀၇. ၉ | ၂. ၄ | ၁၀. ၁ |
| | ၃ | ငွေရေးကြေးရေး | ၈,၁၈၉. ၂ | ၀. ၂ | ၈,၄၉၃. ၀ | ၀. ၂ | ၃. ၇ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၅၂,၄၂၂. ၈ | ၁. ၂ | ၅၅,၃၇၂. ၈ | ၁. ၁ | ၅. ၆ |
| | ၅ | ငှားရမ်းခနှင့် အခြား | ၁၃၂,၅၇၆. ၀ | ၃. ၁ | ၁၆၂,၇၄၂. ၇ | ၃. ၄ | ၂၂. ၈ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၈၁၂,၆၉၃. ၁** | **၁၉. ၀** | **၉၃၈,၈၅၀. ၀** | **၁၉. ၆** | **၁၅. ၅** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၄,၂၈၇,၅၄၀. ၈** | **၁၀၀. ၀** | **၄,၇၉၀,၅၈၆. ၉** | **၁၀၀. ၀** | **၁၁. ၇** |

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ

## (၂၀၁၉ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

**နိဒါန်း**

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂) ရပ်နှင့် ရှမ်းပြည်နယ်၏ရည်မှန်းချက်များဖြစ်သော ပြည်နယ်အတွင်း စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရေးနှင့် စိုက်ပျိုးရေးအခြေခံသော စက်မှုလုပ်ငန်းများ ဘက်ညီစွာဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်နယ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်သည့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေး တိုးတက်မှုကိုအထောက်အကူပြုသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်၊ ပြည်နယ်အတွင်း လူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်၊ သဘာဝပတ်ဝန်းကျင်ကိုအခြေခံသော ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်နယ်အတွင်း ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိလုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်း များကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်စေရန်တို့ကို အကောင်အထည် ဖော်နိုင်ရန်အလို့ငှာ ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ ရှမ်းပြည်နယ်၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်နယ် အဆင့်ဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသ အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှတိုးတက်ရမည်ဆိုသည့် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ ဒေသန္တရစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း ရှမ်းပြည်နယ်၏ စီးပွားရေးတစ်ရပ်လုံး အတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသ အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်**ဆိုသည်မှာ အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလ ဖြစ်ပါသည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။

(င) **ပုံမှန်စျေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်စျေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ**ဆိုသည်မှာ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနနှင့် အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် စီမံကိန်းရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်စျေးနှုန်းအရ ၅. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၀. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၅. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၁၉. ၇ ရာခိုင်နှုန်း လျော့နည်းရန်၊

(၄) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၃. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စက်မှုလက်မှုကဏ္ဍတွင် ၆. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၇. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ဆောက်လုပ်မှုကဏ္ဍတွင် ၁၀. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ပို့ဆောင်ရေးကဏ္ဍတွင် ၇. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ဆက်သွယ်ရေးကဏ္ဍတွင် ၇. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ငွေရေးကြေးရေးကဏ္ဍတွင် ၇. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၃. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၁. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ကုန်သွယ်မှုကဏ္ဍတွင် ၇. ၈ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသ အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းအရ -

(၁) "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ၅. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၁. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၄. ၁ ရာခိုင်နှုန်း တိုးတက်ရန်။

(ဃ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၂. ၆ ရာခိုင်နှုန်းမှ ၃၀. ၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၄. ၅ ရာခိုင်နှုန်းမှ ၂၅. ၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၂. ၉ ရာခိုင်နှုန်းမှ ၄၄. ၁ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(င) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁. ၆ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၇. ၈ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၈. ၀ ရာခိုင်နှုန်းသို့ အသီးသီးဖြစ်ပေါ်စေရန်၊

(စ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) မှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ် **၁,၀၄၅,၄၇၀** ကျပ်သို့ ဖြစ်ပေါ်စေရန်၊

(ဆ) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် **၁၈၈,၁၄၅. ၅၄၂ သန်း (ကျပ်ဘီလီယံ ၁၈၈. ၁၄၆)** ရင်းနှီးမြှုပ်နှံရန်။

## အခန်း (၃)
## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) တို့တွင် ဖော်ပြထားသော ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ ရှမ်းပြည်နယ်၏ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း၊ လုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနအပါအဝင် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန်ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ဒေသန္တရစီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသည့် ဆောင်ရွက်မည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၉။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့် သက်ဆိုင်သည့် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် စီစဉ်မှုများ ချမှတ်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာလင်းထွဋ်
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

ပူးတွဲ - ၁

**ရှမ်းပြည်နယ်၏**
**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**
**(၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁,၆၈၈,၈၃၉. ၅** | **၃၂. ၅** | **၁,၇၁၅,၇၂၅. ၁** | **၃၁. ၁** | **၁. ၆** |
| | ၁ | လယ်ယာ | ၁,၂၆၅,၀၀၁. ၈ | ၂၄. ၃ | ၁,၂၇၂,၅၅၉. ၁ | ၂၃. ၁ | ၀. ၆ |
| | ၂ | သားငါး | ၄၁၆,၂၃၁. ၄ | ၈. ၀ | ၄၃၇,၀၅၈. ၉ | ၇. ၉ | ၅. ၀ |
| | ၃ | သစ်တော | ၇,၆၀၆. ၃ | ၀. ၂ | ၆,၁၀၇. ၁ | ၀. ၁ | -၁၉. ၇ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁,၂၆၉,၈၈၀. ၁** | **၂၄. ၄** | **၁,၃၆၉,၄၁၂. ၅** | **၂၄. ၉** | **၇. ၈** |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁၄၃,၃၀၇. ၂ | ၂. ၇ | ၁၄၈,၃၆၇. ၉ | ၂. ၇ | ၃. ၅ |
| | ၃ | စက်မှုလက်မှု | ၅၄၁,၆၀၄. ၄ | ၁၀. ၄ | ၅၇၈,၂၁၁. ၁ | ၁၀. ၅ | ၆. ၈ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၈၆,၉၃၈. ၃ | ၁. ၇ | ၉၃,၃၁၆. ၆ | ၁. ၇ | ၇. ၃ |
| | ၅ | ဆောက်လုပ်မှု | ၄၉၈,၀၃၀. ၂ | ၉. ၆ | ၅၄၉,၅၁၆. ၉ | ၁၀. ၀ | ၁၀. ၃ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂,၂၄၃,၈၄၁. ၅** | **၄၃. ၁** | **၂,၄၂၄,၄၄၆. ၁** | **၄၄. ၀** | **၈. ၀** |
| | ၁ | ပို့ဆောင်ရေး | ၄၀၈,၀၉၄. ၃ | ၇. ၈ | ၄၃၇,၂၂၆. ၇ | ၇. ၉ | ၇. ၁ |
| | ၂ | ဆက်သွယ်ရေး | ၁၆၁,၁၅၂. ၀ | ၃. ၁ | ၁၇၃,၆၂၁. ၂ | ၃. ၂ | ၇. ၇ |
| | ၃ | ငွေရေးကြေးရေး | ၁၄,၇၆၉. ၆ | ၀. ၃ | ၁၅,၈၉၀. ၀ | ၀. ၃ | ၇. ၆ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁၇၇,၈၄၃. ၉ | ၃. ၄ | ၁၈၃,၂၂၇. ၀ | ၃. ၃ | ၃. ၀ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၄၄၂,၀၀၈. ၃ | ၈. ၅ | ၄၉၃,၄၀၆. ၀ | ၉. ၀ | ၁၁. ၆ |
| | ၆ | ကုန်သွယ်မှု | ၁,၀၃၉,၉၇၃. ၄ | ၂၀. ၀ | ၁,၁၂၁,၀၇၅. ၂ | ၂၀. ၃ | ၇. ၈ |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၅,၂၀၂,၅၆၁. ၁** | **၁၀၀. ၀** | **၅,၅၀၉,၅၈၃. ၇** | **၁၀၀. ၀** | **၅. ၉** |

ပူးတွဲ - ၂

**ရှမ်းပြည်နယ်၏**
**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်**
**ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**
**(၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၂,၉၅၈,၇၁၉. ၆** | **၅၆. ၉** | **၃,၀၈၅,၁၃၇. ၆** | **၅၆. ၀** | **၄. ၃** |
| | ၁ | လယ်ယာ | ၁,၂၆၅,၀၀၁. ၈ | ၂၄. ၃ | ၁,၂၇၂,၅၅၉. ၁ | ၂၃. ၁ | ၀. ၆ |
| | ၂ | သားငါး | ၄၁၆,၂၃၁. ၄ | ၈. ၀ | ၄၃၇,၀၅၈. ၉ | ၇. ၉ | ၅. ၀ |
| | ၃ | သစ်တော | ၇,၆၀၆. ၃ | ၀. ၂ | ၆,၁၀၇. ၁ | ၀. ၁ | -၁၉. ၇ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁၄၃,၃၀၇. ၂ | ၂. ၇ | ၁၄၈,၃၆၇. ၉ | ၂. ၇ | ၃. ၅ |
| | ၆ | စက်မှုလက်မှု | ၅၄၁,၆၀၄. ၄ | ၁၀. ၄ | ၅၇၈,၂၁၁. ၁ | ၁၀. ၅ | ၆. ၈ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၈၆,၉၃၈. ၃ | ၁. ၇ | ၉၃,၁၁၆. ၆ | ၁. ၇ | ၇. ၃ |
| | ၈ | ဆောက်လုပ်မှု | ၄၉၈,၀၃၀. ၂ | ၉. ၆ | ၅၄၉,၅၁၆. ၉ | ၁၀. ၀ | ၁၀. ၃ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁,၂၀၃,၈၆၈. ၁** | **၂၃. ၁** | **၁,၃၀၃,၃၇၀. ၉** | **၂၃. ၇** | **၈. ၃** |
| | ၁ | ပို့ဆောင်ရေး | ၄၀၈,၀၉၄. ၃ | ၇. ၈ | ၄၃၇,၂၂၆. ၇ | ၇. ၉ | ၇. ၁ |
| | ၂ | ဆက်သွယ်ရေး | ၁၆၁,၁၅၂. ၀ | ၃. ၁ | ၁၇၃,၆၂၁. ၂ | ၃. ၂ | ၇. ၇ |
| | ၃ | ငွေရေးကြေးရေး | ၁၄,၇၆၉. ၆ | ၀. ၃ | ၁၅,၈၉၀. ၀ | ၀. ၃ | ၇. ၆ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁၇၇,၈၄၃. ၉ | ၃. ၄ | ၁၈၃,၂၂၇. ၀ | ၃. ၃ | ၃. ၀ |
| | ၅ | ငှားရမ်းခနှင့် | ၄၄၂,၀၀၈. ၃ | ၈. ၅ | ၄၉၃,၄၀၆. ၀ | ၉. ၀ | ၁၁. ၆ |
| | | အခြားဝန်ဆောင်မှု | | | | | |
| **၃** | | **ကုန်သွယ်မှု** | **၁,၀၃၉,၉၇၃. ၄** | **၂၀. ၀** | **၁,၁၂၁,၀၇၅. ၂** | **၂၀. ၃** | **၇. ၈** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၅,၂၀၂,၅၆၁. ၁** | **၁၀၀. ၀** | **၅,၅၀၉,၅၈၃. ၇** | **၁၀၀. ၀** | **၅. ၉** |

ပူးတွဲ - ၃

**ရှမ်းပြည်နယ်၏**
**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**
**(နှစ်အလိုက်ဈေးနှုန်းများအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁,၉၇၅,၀၃၈. ၅** | **၃၂. ၆** | **၂,၀၄၅,၅၁၄. ၄** | **၃၀. ၅** | **၃. ၆** |
| | ၁ | လယ်ယာ | ၁,၄၇၄,၅၀၇. ၃ | ၂၄. ၃ | ၁,၅၀၂,၃၃၈. ၇ | ၂၂. ၄ | ၁. ၉ |
| | ၂ | သားငါး | ၄၉၁,၇၁၁. ၉ | ၈. ၁ | ၅၃၆,၁၁၉. ၃ | ၈. ၀ | ၉. ၀ |
| | ၃ | သစ်တော | ၈,၈၁၉. ၃ | ၀. ၂ | ၇,၀၅၆. ၄ | ၀. ၁ | -၂၀. ၀ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁,၄၈၉,၂၀၆. ၅** | **၂၄. ၅** | **၁,၇၀၈,၇၁၉. ၃** | **၂၅. ၄** | **၁၄. ၇** |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁၅၈,၆၈၅. ၅ | ၂. ၆ | ၁၇၁,၆၃၀. ၀ | ၂. ၅ | ၈. ၂ |
| | ၃ | စက်မှုလက်မှု | ၆၃၄,၂၅၁. ၉ | ၁၀. ၄ | ၇၀၄,၄၁၅. ၉ | ၁၀. ၅ | ၁၁. ၁ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၈၉,၈၆၃. ၂ | ၁. ၅ | ၁၁၈,၄၃၅. ၅ | ၁. ၈ | ၃၁. ၈ |
| | ၅ | ဆောက်လုပ်မှု | ၆၀၆,၄၀၅. ၉ | ၁၀. ၀ | ၇၁၄,၂၃၇. ၉ | ၁၀. ၆ | ၁၇. ၈ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂,၆၀၁,၈၅၁. ၇** | **၄၂. ၉** | **၂,၉၆၆,၀၅၅. ၈** | **၄၄. ၁** | **၁၄. ၀** |
| | ၁ | ပို့ဆောင်ရေး | ၄၃၆,၇၄၇. ၆ | ၇. ၂ | ၄၉၀,၈၇၄. ၀ | ၇. ၃ | ၁၂. ၄ |
| | ၂ | ဆက်သွယ်ရေး | ၁၅၈,၀၆၇. ၆ | ၂. ၆ | ၁၇၀,၀၁၀. ၃ | ၂. ၅ | ၇. ၆ |
| | ၃ | ငွေရေးကြေးရေး | ၁၄,၇၆၉. ၆ | ၀. ၂ | ၁၅,၈၉၀. ၀ | ၀. ၂ | ၇. ၆ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁၉၂,၇၅၀. ၈ | ၃. ၂ | ၂၀၁,၉၆၄. ၅ | ၃. ၀ | ၄. ၈ |
| | ၅ | ငှားရမ်းခနှင့် | ၅၄၀,၁၁၄. ၄ | ၈. ၉ | ၆၄၃,၅၃၉. ၆ | ၉. ၆ | ၁၉. ၁ |
| | ၆ | အခြားဝန်ဆောင်မှု ကုန်သွယ်မှု | ၁,၂၅၉,၄၀၁. ၇ | ၂၀. ၈ | ၁,၄၄၃,၇၇၇. ၄ | ၂၁. ၅ | ၁၄. ၆ |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၆,၀၆၆,၀၉၆. ၇** | **၁၀၀. ၀** | **၆,၇၂၀,၂၈၉. ၅** | **၁၀၀. ၀** | **၁၀. ၈** |

ပူးတွဲ - ၄

## ရှမ်းပြည်နယ်၏
## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်
## ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်းများအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃,၄၆၄,၂၄၅. ၀** | **၅၇. ၁** | **၃,၇၅၄,၂၃၃. ၇** | **၅၅. ၉** | **၈. ၄** |
| | ၁ | လယ်ယာ | ၁,၄၇၄,၅၀၇. ၃ | ၂၄. ၃ | ၁,၅၀၂,၃၃၈. ၇ | ၂၂. ၄ | ၁. ၉ |
| | ၂ | သားငါး | ၄၉၁,၇၁၁. ၉ | ၈. ၁ | ၅၃၆,၁၁၉. ၃ | ၈. ၀ | ၉. ၀ |
| | ၃ | သစ်တော | ၈,၈၁၉. ၃ | ၀. ၂ | ၇,၀၅၆. ၄ | ၀. ၁ | -၂၀. ၀ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁၅၈,၆၈၅. ၅ | ၂. ၆ | ၁၇၁,၆၃၀. ၀ | ၂. ၅ | ၈. ၂ |
| | ၆ | စက်မှုလက်မှု | ၆၃၄,၂၅၁. ၉ | ၁၀. ၄ | ၇၀၄,၄၁၅. ၉ | ၁၀. ၅ | ၁၁. ၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၈၉,၈၆၃. ၂ | ၁. ၅ | ၁၁၈,၄၃၅. ၅ | ၁. ၈ | ၃၁. ၈ |
| | ၈ | ဆောက်လုပ်မှု | ၆၀၆,၄၀၅. ၉ | ၁၀. ၀ | ၇၁၄,၂၃၇. ၉ | ၁၀. ၆ | ၁၇. ၈ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁,၃၄၂,၄၅၀. ၀** | **၂၂. ၁** | **၁,၅၂၂,၂၇၈. ၄** | **၂၂. ၆** | **၁၃. ၄** |
| | ၁ | ပို့ဆောင်ရေး | ၄၃၆,၇၄၇. ၆ | ၇. ၂ | ၄၉၀,၈၇၄. ၀ | ၇. ၃ | ၁၂. ၄ |
| | ၂ | ဆက်သွယ်ရေး | ၁၅၈,၀၆၇. ၆ | ၂. ၆ | ၁၇၀,၀၁၀. ၃ | ၂. ၅ | ၇. ၆ |
| | ၃ | ငွေရေးကြေးရေး | ၁၄,၇၆၉. ၆ | ၀. ၂ | ၁၅,၈၉၀. ၀ | ၀. ၂ | ၇. ၆ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁၉၂,၇၅၀. ၈ | ၃. ၂ | ၂၀၁,၉၆၄. ၅ | ၃. ၀ | ၄. ၈ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၅၄၀,၁၁၄. ၄ | ၈. ၉ | ၆၄၃,၅၃၉. ၆ | ၉. ၆ | ၁၉. ၁ |
| **၃** | | **ကုန်သွယ်မှု** | **၁,၂၅၉,၄၀၁. ၇** | **၂၀. ၈** | **၁,၄၄၃,၇၇၇. ၄** | **၂၁. ၅** | **၁၄. ၆** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၆,၀၆၆,၀၉၆. ၇** | **၁၀၀. ၀** | **၆,၇၂၀,၂၈၉. ၅** | **၁၀၀. ၀** | **၁၀. ၈** |

ပူးတွဲ - ၅

## ရှမ်းပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း | ၂၈၉,၂၅၆.၀ | ၅.၆ | ၃၀၃,၈၈၃.၆ | ၅.၅ | ၅.၁ |
| ၂ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | ၂၉၇,၅၈၉.၅ | ၅.၇ | ၃၀၆,၃၆၈.၃ | ၅.၆ | ၂.၉ |
| ၃ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | ၁၆၀,၂၁၃.၆ | ၃.၁ | ၁၆၄,၁၂၀.၆ | ၃.၀ | ၂.၄ |
| ၄ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | ၇၄,၈၁၃.၀ | ၁.၄ | ၇၅,၇၁၆.၁ | ၁.၄ | ၁.၂ |
| ၅ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | ၈၄,၄၄၁.၃ | ၁.၆ | ၈၇,၈၇၆.၇ | ၁.၆ | ၄.၁ |

ပူးတွဲ - ၆

## ရှမ်းပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်းများအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း | ၃၂၄,၉၉၅.၃ | ၅.၄ | ၃၅၂,၉၀၉.၂ | ၅.၃ | ၈.၆ |
| ၂ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | ၃၉၉,၄၄၆.၀ | ၆.၆ | ၄၂၀,၂၁၆.၀ | ၆.၃ | ၅.၂ |
| ၃ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | ၁၉၄,၆၅၆.၃ | ၃.၂ | ၂၀၄,၇၁၆.၄ | ၃.၀ | ၅.၁ |
| ၄ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | ၈၇,၉၀၇.၃ | ၁.၄ | ၉၂,၄၉၀.၈ | ၁.၄ | ၅.၂ |
| ၅ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | ၉၅,၁၅၀.၈ | ၁.၆ | ၁၀၂,၃၈၈.၆ | ၁.၅ | ၇.၆ |

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ
# (၂၀၁၉ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

## နိဒါန်း

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ဒေသန္တရစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ တိုင်းဒေသကြီး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ ခရိုင်နှင့်မြို့နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ ဒေသန္တရစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ ခရိုင်နှင့်မြို့နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်**ဆိုသည်မှာ အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ (၆) လပတ်အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ**ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအဆင့်ဌာနများ၊ အဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့်ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်စျေးနှုန်းများအရ ၄. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၀. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၀. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် ၁၀. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၃. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၄. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၉. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၄. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၃. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၅. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၈. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၄. ၆ ရာခိုင်နှုန်း တိုးတက်ရန်
(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇. ၉ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) ခရိုင်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းအရ -

(၁) ပုသိမ်ခရိုင်တွင် ၄. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) ဟင်္သာတခရိုင်တွင် ၅. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) မြောင်းမြခရိုင်တွင် ၅. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) မအူပင်ခရိုင်တွင် ၄. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) ဖျာပုံခရိုင်တွင် ၆. ၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) လပွတ္တာခရိုင်တွင် ၂. ၄ ရာခိုင်နှုန်း တိုးတက်ရန်။

(ဃ) ဧရာဝတီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်စျေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၀. ၆ ရာခိုင်နှုန်းမှ ၂၉. ၇ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၅. ၁ ရာခိုင်နှုန်းမှ ၃၄. ၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၄. ၃ ရာခိုင်နှုန်းမှ ၃၅. ၇ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(င) နှစ်အလိုက်စျေးနှုန်းအရ ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ ကျပ် ၁၁၆. ၉၆၄ ဘီလီယံ ရင်းနှီးမြှုပ်နှံရန်၊

(စ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်စျေးနှုန်းအရ ကျပ် ၁,၉၅၃,၀၈၀ မှ ကျပ် ၂,၁၃၇,၀၈၆ သို့ ဖြစ်ပေါ်လာရန်။

## အခန်း (၃)
## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပုဒ်မ ၃ ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သောလုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့်စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသောစီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ ဒေသန္တရစီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ် များနှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ် ထားသောအင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ ဒေသန္တရစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သောစီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး တို့ကို အထောက်အကူပြုသောစီမံကိန်းများနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဒေသန္တရစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း များအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သောစီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့်စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှုရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ကာလတို ၅ နှစ်စီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီးမှ နှစ်စဉ်ဒေသန္တရစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်း ဘဏ်အတွင်း ထည့်သွင်းစိစစ်အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို ကာလတို ၅ နှစ် စီမံကိန်းတွင် မပါရှိသော်လည်း နှစ်စဉ်ဒေသန္တရစီမံကိန်းတွင် ထည့်သွင်းဖော်ပြခွင့်ရှိသည်။

